# ကြေးမုံ
The Mirror Daily
Established in 1957

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ တနင်္လာနေ့။ Monday, 1 June 2020 ၁၀၀၃၀


**စီးပွားတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည် သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့ကူညီသည့် အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ် ရောက်ရှိ




ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ထောက်ပံ့ကူညီသည့် အထောက်အကူပြုပစ္စည်းများတင်ဆောင်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာစဉ်။

**ရန်ကုန် မေ ၃၁**

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှု အစီအစဉ်ဖြင့် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ထောက်ပံ့ကူညီသည့် အထောက်အကူပြု ပစ္စည်းများ တင်ဆောင်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ်သည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မလေးရှားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာသည်။

ယနေ့ ခရီးစဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၏ ဒုတိယ ဌာနေကိုယ်စားလှယ် Mr. Walid Ibrahim က "WFP အနေနဲ့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လေကြောင်းခရီးစဉ်တွေ ဆောင်ရွက်နေတာ ရှိပါတယ်။ ဒီနေ့မှာတော့ WFP ရဲ့ ကမ္ဘာလုံးဆိုင်ရာ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○


ကြေးမုံ ယနေ့ ဖတ်စရာ

အိန္ဒိယနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်မှုနည်းပါးသော ဒေသများတွင် ခရီးသွားလာခွင့်ပိတ်ပင်မှုများ ပြန်လည်ဖြေလျှော့ပေးမည်

စာမျက်နှာ » ၁၁

ကိုရိုနာဗိုင်းရပ်စ်နဲ့ တူညီစွာ ဖြတ်ကျော်ကြမယ် ဘဝသစ်ဆီသို့ကွယ်. . .

ဆောင်းပါး စာမျက်နှာ » ၁၆


# ဧပြီ ၃၀ ရက်မှ မေ ၃၁ ရက်အထိ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၈၉၅၈ ဦးရှိ

**ချင်းရွှေဟော် မေ ၃၁**

တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသားနေရပ်ပြန် အလုပ်သမားများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဧပြီ ၃၀ ရက်မှ မေ ၃၁ ရက်အထိ အမျိုးသား ၅၁၅၂ ဦးနှင့် အမျိုးသမီး ၃၈၀၆ ဦး စုစုပေါင်း ၈၉၅၈ ဦးထိ ရှိလာသည်။

ယနေ့တွင် ချင်းရွှေဟော် နယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၆၅ ဦးရှိသည်။ အဆိုပါ တရုတ်နိုင်ငံမှ

စာမျက်နှာ ၇ ကော်လံ ၅ သို့ ❖




KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## စွမ်းအားပြည့် ဆက်လက်လိုက်နာကြိုးပမ်း

မြန်မာနိုင်ငံတွင် မေလ ၃၁ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါ စစ်ဆေး အတည်ပြုပိုးတွေ့သူ စုစုပေါင်း ၂၂၄ ဦး ရှိပြီး ရောဂါပိုးကင်းစင်သူ စုစုပေါင်း ၁၃၈ ဦးရှိပြီ ဖြစ်သည်။ ရောဂါပျောက်ကင်းပြီး ဆေးရုံမှ ဆင်းခွင့်ရသူ ၁၂၈ ဦး ရှိပြီး ရောဂါဖြင့် သေဆုံးသူ ၆ ဦး ရှိသည်။ သေဆုံးသူ ၆ ဦးမှာ ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသည်ဆိုသော်လည်း မူလရောဂါအခံများကြောင့် သေဆုံးရခြင်းဖြစ်သည်။

ယခုကာလတွင် ပြည်တွင်းနေသူအချင်းချင်း တစ်ဦးမှတစ်ဦးသို့ ရောဂါကူးစက်ခြင်း အလွန်နည်းပါးပြီး ယခုရက်ပိုင်းအတွင်း ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများတွင်သာ ရောဂါပိုးတွေ့ရှိသည်ကို ကြားသိရသည်။ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများကို ရောဂါစောင့်ကြပ်ကြည့်ရှုစစ်ဆေး ကုသမှုပေးနေသောကြောင့် စိုးရိမ်ဖွယ်ရာ အထူးမရှိဘဲ နိုင်ငံအတွင်းမှ ပြည်သူအချင်းချင်း ရောဂါကူးစက်ခြင်းမရှိစေရန်သာ အထူးကြပ်မတ်ဆောင်ရွက်နေသည်။

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်သူသို့ပန်ကြားချက်၊ အမိန့်ကြေညာစာနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့သည့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်စပ်လျဉ်းပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက မေလ ၂၈ ရက်နေ့တွင် ထုတ်ပြန်ထားသော အသိပေးညွှန်ကြားချက်အားလုံးကို ဇွန်လ ၁၅ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ကြေညာခဲ့ခြင်းသည် ရောဂါကူးစက်ပျံ့နှံ့မှု ထပ်တိုးမလာစေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဆောင်ရွက်ထားခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်သော်လည်း ပြည်သူများ၏ လူမှုစီးပွားဘဝများနှင့် နိုင်ငံ၏ယန္တရား ချောမွေ့လွယ်ကူစွာ လည်ပတ်နိုင်ရေးအတွက် အခြေအနေ တိုးတက်ကောင်းမွန်လာသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်ကို နေအိမ်တွင်သာနေထိုင်ခြင်း သတ်မှတ်ချက်မှ ပယ်ဖျက်ပေးခဲ့ပြီး ယနေ့ ဇွန်လ ၁ ရက်နေ့ မှစတင်ကာ နိုင်ငံတစ်ဝန်းရှိ အစိုးရဌာနများ၊ ကုမ္ပဏီများ၊ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများကို မူလအတိုင်း ပြန်လည်ဆောင်ရွက်နိုင်ကြောင်း အသိပေးခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ယခင်က ဝန်ထမ်းအင်အားတစ်ဝက်ရုံးတက်၊ တစ်ဝက် အဆင်သင့်ပုံစံဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ယခုအခါ မူလအင်အားအတိုင်း ရုံးလုပ်ငန်းများကို ပြန်လည်တာဝန်ထမ်းဆောင်နိုင်ကြပြီဖြစ်ရာ တာဝန်ထမ်းဆောင်ရာ၌ ဝန်ထမ်းကြိုပို့ရာတွင် လည်းကောင်း၊ တာဝန်ထမ်းဆောင်ရာတွင်လည်းကောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်စည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ဆောင်ရွက်ကြရာတွင် ဝန်ထမ်းများအတွင်း ရောဂါကူးစက်ခြင်းမရှိရေးသည် အလွန်အရေးကြီးသဖြင့် တစ်ဝက်နား၊ တစ်ဝက်ဆင်းဖြင့် လုပ်အားပိုမိုစိုက်ထုတ်ဆောင်ရွက်ခဲ့ကြရာ ယခုအခါ ဝန်ထမ်းအင်အားအပြည့်၊ လုပ်အားအပြည့်ဖြင့် ပြန်လည်လုပ်ကိုင်ကြရပြီဖြစ်၍ မိမိတို့လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပုဂ္ဂလိကဝန်ထမ်းများအနေဖြင့် လိုအပ်သူများသာ အလုပ်လုပ်ကြပြီး နေအိမ်မှအလုပ်လုပ်ခြင်းဖြင့် ဆောင်ရွက်ခဲ့ကြရာ ယခုအခါ လုပ်ငန်းခွင်အင်အားအပြည့် ဆောင်ရွက်ကြပြီဖြစ်၍ မိမိတို့လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်အောင်၊ တိုးတက်ကောင်းမွန်အောင် လုပ်ကိုင်ကြရတော့မည်ဖြစ်သည်။

သို့မှသာ ကုန်ထုတ်စွမ်းအားများ မြင့်မားတိုးတက်၍ လုပ်ငန်းများ ပုံမှန်လည်ပတ် တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါကို မြန်မာနိုင်ငံတွင် ကာကွယ်၊ ထိန်းချုပ် တိုက်ဖျက်နေဆဲဖြစ်၍ ပြည်တွင်း၌ ရောဂါကူးစက်ပျံ့နှံ့မှုများ ဖြစ်ပေါ်မလာအောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊ ဝင်၊ ထွက်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် ဆေးကြောရန်၊ နှာခေါင်း၊ ပါးစပ်၊ မျက်နှာတို့ကို အကာအကွယ်များ တပ်ဆင်ကြရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အနေအထားကောင်းတစ်ခု ရရှိပြီဖြစ်၍ ဖြေလျှော့ပေးမှုများ ဆောင်ရွက်ပေးခဲ့သည်ဖြစ်ရာ ရောဂါကာကွယ်ရေးကို မျက်ခြည်မပြတ် လျစ်လျူမရှုဘဲ အထူးသတိထား လိုက်နာဆောင်ရွက်ရင်း မိမိတို့၏ ကုန်ထုတ်စွမ်းအားများ၊ လုပ်ငန်းများ တိုးတက်ကောင်းမွန်လာအောင် တက်ညီလက်ညီ အလေးထားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် "စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ၎င်း "စောစောရှာ" Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ၎င်း Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

### SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ကျောင်းကုန်းမြို့တွင် နှာခေါင်းစည်းတပ်ဆင်ရေး လှုံ့ဆော်မှုအဖြစ် နှာခေါင်းစည်း ၂၀၀၀ ဖြန့်ဝေ

**ကျောင်းကုန်း မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် လူစည်ကားရာမြို့မဈေးလမ်းဆုံတွင် ယနေ့ နံနက်ပိုင်းက နှာခေါင်းစည်းတပ်ဆင်ရေး လှုံ့ဆော်မှုအဖြစ် နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ကျန်းမာရေးအထောက်အကူပြု ကော်မတီဝင်များ၊ ထွေ/အုပ်ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များက နှာခေါင်းစည်းအခု ၂၀၀၀ ကို ပြည်သူများအား အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။



ယခုအခါ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်များ ပြန်လည်ဖွင့်လှစ်နေပြီဖြစ်ရာ လူတိုင်း အပြင်ထွက်လျှင် နှာခေါင်းစည်းတပ်ဆင်၍ သွားလာကြစေရန် ယခုကဲ့သို့ နှာခေါင်းစည်းများ အခမဲ့ဝေငှပေးခြင်းဖြစ်ကြောင်း၊ နှာခေါင်းစည်းမတပ်သူများအား စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| **ခေတ္တ စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | **ဓာတ်ပုံသတင်းထောက်** | - ဦးခင်မောင်ဝင်း |
| **ဘာသာပြန်စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **အကြီးတန်း** | - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့ |
| | ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး | **အီးမေးလ်နှင့် အွန်လိုင်း** | - ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၀၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်အတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများအား ကြည့်ရှုစစ်ဆေး





**နေပြည်တော် မေ ၃၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ အဆောက်အဦ၊ လမ်း၊ တံတားနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တို့မှ ညွှန်ကြားရေးမှူးချုပ်များသည် ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ မန္တလေးတိုင်း ဒေသကြီးနှင့် ကယားပြည်နယ်အတွင်း ရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တို့က ဆောင်ရွက်နေသော လုပ်ငန်းများကို Video Conferencing ဖြင့် ချိတ်ဆက်၍ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဘုန်းလွင်က မန္တလေး တိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ထား ရှိမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက် မည့် လုပ်ငန်းအစီအစဉ်များ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် လမ်း၊ တံတား လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းတိုးတက်မှု၊ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက် ထားရှိမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး မန္တလေးတိုင်းဒေသ ကြီးအတွင်းရှိ လမ်း၊ တံတားလုပ်ငန်း များ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်း တိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁)မှ ညွှန်ကြား ရေးမှူး(မြို့ပြ) ဦးကျော်စွာထွန်းက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် တံတား တည်ဆောက်ရေး လုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသ ကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုး က မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ညောင်ဦးမြို့ နယ် ငါ့သရောက်-ဇဂျမ်းလမ်း (၁၃ ဒသမ ၄၇၈ ကီလိုမီတာ) ကတ္တရာ ခင်းခြင်းလုပ်ငန်း၊ တောင်သာမြို့နယ် တောင်သာ-ဇဂျမ်း-မြင်းခြံလမ်း( ၁ ဒသမ ၆၀၉ ကီလိုမီတာ) ကတ္တရာခင်း ခြင်းလုပ်ငန်း၊ မြစ်သားမြို့နယ် ရွာရှည်-ဘုံကွင်းလမ်း(၁ ဒသမ ၆၀၉ ကီလိုမီတာ) ကတ္တရာခင်းခြင်းလုပ်ငန်း၊ မြစ်သား-ညောင်ဝန်း-တကိုယ်တည်း လမ်းပေါ်ရှိ ပန်းလောင်မြစ်ကူး သံကူ ကွန်ကရစ်တံတား (၅၄ ဒသမ ၈၆ မီတာ)တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရွာမုန်းကြီး-သိုတန်-ဆင်းကွတ်လမ်း ပေါ်ရှိ စမာမြောင်းကူးတံတား (၁၂ ဒသမ ၂ မီတာ) တည်ဆောက်ခြင်း လုပ်ငန်း၊ ပြင်ဦးလွင်မြို့နယ် ပွဲကောက်-ပင်လိန်-ဆေးတစ်လုံးလမ်း(သုည ဒသမ ၉ ကီလိုမီတာ) ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လည်းကောင်း။

### Video Clip ဖြင့် ပြသ

ပုသိမ်ကြီးမြို့နယ် အုန်းချော-ဆည်တော်-ဂိုက်တန်းကျေးရွာချင်း ဆက်လမ်း (၁ ဒသမ ၉၇၅ ကီလို မီတာ) ကတ္တရာခင်းခြင်းလုပ်ငန်း၊ တောင်သာ-ဇဂျမ်းလမ်းပေါ်တွင် Box ပါ ကွန်ကရစ်ရေကျော် တစ်စင်း (၂၁ ဒသမ ၉၄ မီတာ) တည်ဆောက် ခြင်းလုပ်ငန်းနှင့် ဝဲလောင်-ကျီးပင်တဲ-နဂါးဗိုလ်လမ်းပေါ်ရှိ ဘေလီတံတား (၂၄ ဒသမ ၅ မီတာ) တည်ဆောက်ခြင်း လုပ်ငန်း၊ နွားထိုးကြီးမြို့နယ် နွားထိုး ကြီး-မကျီးကန်လမ်း (၂ ဒသမ ၀၀၇ ကီလိုမီတာ) ကတ္တရာထပ်ပိုးလွှာခင်း ခြင်းနှင့် (၁ ဒသမ ၂၀၇ ကီလိုမီတာ) ရေပိတ်လွှာလောင်းခြင်းလုပ်ငန်း၊ ညောင်းဦးမြို့နယ်အတွင်း မျှဝေခြင်း အစီအစဉ်ဖြင့် ဆောင်ရွက်နေသော လမ်းလုပ်ငန်းများနှင့် ကျောက်ပန်း တောင်းမြို့နယ်အတွင်း မျှဝေခြင်း အစီအစဉ်ဖြင့် ဆောင်ရွက်သော လမ်းလုပ်ငန်းများကို လည်းကောင်း Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက် မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

### အိမ်ခန်းပေါင်း ၂၆၁၃၈ ခန်း

ထို့နောက် မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်က ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းအိမ်ရာများကို မြို့နယ်ပေါင်း ခုနစ်မြို့နယ်တွင် (၄)ခန်းတွဲ (၄)ထပ် ၁၃ လုံး၊ အိမ်ခန်းယူနစ်ပေါင်း ၂၀၄ ခန်း၊ ခရိုင်ရုံးတစ်ရုံး၊ Community Center အဆောက်အအုံ တစ်လုံးနှင့် Infrastructure လုပ်ငန်း ၁၁ ခု ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိ အခြေအနေတွင် အဆောက်အအုံများ ၏ ပျမ်းမျှပြီးစီးမှုရာခိုင်နှုန်းမှာ ၅၃ ရာခိုင်နှုန်းနှင့် Infrastructure လုပ်ငန်း များ၏ ပြီးစီးမှုရာခိုင်နှုန်းမှာ ၇၃ ရာခိုင် နှုန်းဖြစ်ပါကြောင်း၊ မန္တလေးတိုင်း ဒေသကြီးအတွင်း ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးနိုင်မှု အခြေအနေ မှာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် အခန်း ၄၆၀၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တွင် ၄၇၆ ခန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၁၀၅၈ ခန်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၂၀၄ ခန်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ (၄)နှစ် တာကာလအတွင်း ဝန်ထမ်းအိမ်ခန်း ပေါင်း ၂၀၀၄ ခန်း ဆောင်ရွက်ပေးနိုင် ခဲ့ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး တွင် ယခုနှစ်အထိ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်ခန်းပေါင်း ၄၀၄၄ ခန်းနှင့် အခြားဌာနများမှ ၂၂၀၉၄ ခန်း ဆောက်လုပ်ပြီးစီးခဲ့၍ စုစုပေါင်း ၂၆၁၃၈ ခန်း ရှိပြီးဖြစ်ပါ ကြောင်း၊ ခန့်အပ်ဝန်ထမ်းအင်အားနှင့် နှိုင်းယှဉ်ပါက ၂၅ ဒသမ ၀၇ ရာခိုင် နှုန်း ဝန်ထမ်းလေးဦးလျှင် အိမ်ခန်း တစ်ခန်းနှုန်း ဝန်ထမ်းများကို အိမ်ခန်း များ စီစဉ်ဆောင်ရွက်ပေးနိုင်ပြီးဖြစ်ပါ ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဝန်ထမ်းသုံးဦးလျှင် အိမ်ခန်းတစ်ခန်း နှုန်း စီစဉ်ပေးနိုင်ရေးဆောင်ရွက်လျက် ရှိပါကြောင်း ဓာတ်ပုံမှတ်တမ်းများဖြင့် ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အဆောက်အဦဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်သီဟက မန္တလေးတိုင်းဒေသ ကြီးအတွင်း ဆောင်ရွက်လျက်ရှိသော အဆောက်အအုံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး Video Clip ဖြင့် ပြသသည်။

ဆက်လက်၍ ကယားပြည်နယ် ညွှန်ကြားရေးမှူး(မြို့ပြ) ဦးပြည့်ဖြိုးဆယ် က ကယားပြည်နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ထား ရှိမှု၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ထား ရှိမှု၊ လုပ်ငန်းတိုးတက်မှုအခြေအနေ တို့ကို Power Point ဖြင့် ရှင်းလင်း တင်ပြပြီး ကယားပြည်နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ လက်ရှိ ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေ အနေတို့ကို Video Clip ဖြင့် ပြသ သည်။

ထို့နောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၆) မှ လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရှင်းသန့်ထွန်း က ကယားပြည်နယ်အတွင်း ဆောင်ရွက်ပြီးစီးနေသည့် တံတား တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြ သည်။

ယင်းနောက် ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဆန်းက ကယားပြည်နယ် အတွင်းရှိ ဒီးမော့ဆိုမြို့နယ်၊ ဖရူဆို မြို့နယ်၊ ရှားတောမြို့နယ်၊ လွိုင်ကော် မြို့နယ်အလိုက် ကျေးလက်လမ်း/ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေမှု နှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး ကျေးလက်လမ်း/ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု နှင့် လုပ်ငန်းတိုးတက်မှု အခြေအနေတို့ ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် ကယားပြည်နယ် မြို့ပြ နှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်းက ကယားပြည်နယ်အတွင်းဆောင်ရွက် လျက်ရှိသော အိမ်ရာစီမံကိန်းလုပ်ငန်း များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ သည်။

### အားရကျေနပ်မိ

တင်ပြချက်များအပေါ် ပြည်ထောင်စု ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က မန္တလေး တိုင်းဒေသကြီးအတွင်း အဆောက်အအုံ၊ လမ်းအပိုင်း၊ တံတား များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးအတွက် ကျေးလက်လမ်း/ တံတား များ ဆောင်ရွက်ထားရှိမှု၊ ပြည်သူများ အတွက် နေထိုင်ရေးအဆင်ပြေစေရန် အိမ်ရာစီမံကိန်းလုပ်ငန်းများ တိုးတက် မှုတို့ကို တွေ့မြင်ရသည့်အတွက် အားရ ကျေနပ်မိပါကြောင်း၊ ဆက်လက်၍ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက် စေလိုပါကြောင်း၊ လမ်းပန်းဆက်သွယ် ရေးမပြတ်တောက်ရေးအတွက် တာဝန် ရှိသူများက ကြိုးကြပ်ဆောင်ရွက်စေ လိုပါကြောင်း။

ကယားပြည်နယ်အတွင်းရှိ လမ်း၊ တံတား၊ အိမ်ရာစီမံကိန်းများနှင့် ကျေးလက်လမ်း/တံတားများ တိုးတက် လာသည်ကို တွေ့မြင်ရပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေး စံချိန်စံညွှန်းပြည့်မီရန် လိုပါကြောင်း၊ ရန်ပုံငွေများကိုလည်း ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့် အညီ စနစ်တကျ သုံးစွဲရန်လိုပါ ကြောင်း၊ မိုးတွင်းကာလလမ်းများ ရေစီးရေလာကောင်းမွန်ရေး အထူး အလေးထားဆောင်ရွက်ရန် လိုပါ ကြောင်း မှာကြားသည်။

**သတင်းစဉ်**

---

○ ရှေ့ဖုံးမှ

ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှု အစီအစဉ်အရ မြန်မာနိုင်ငံကို ပထမဆုံး အကြိမ် ရောက်ရှိလာတဲ့ခရီးစဉ်ပဲ ဖြစ်ပါတယ်။ အခုလို အခြေအနေမှာ နိုင်ငံ တကာလေကြောင်းလိုင်းတွေ မပြေးဆွဲနိုင်သေးတဲ့အတွက် ကူညီထောက်ပံ့ပေး ချင်တဲ့ အဖွဲ့အစည်းတွေရဲ့ ထောက်ပံ့ရေးပစ္စည်းတွေကို သယ်ယူပို့ဆောင်နိုင်ဖို့ အခုလို ခရီးစဉ်နဲ့ ပျံသန်းပြေးဆွဲပေးရခြင်းပဲဖြစ်ပါတယ်”ဟု ပြောသည်။

အထူးလေယာဉ်ဖြင့် ရောက်ရှိလာသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထောက်ပံ့ ကူညီသည့်ပစ္စည်းများမှာ အမေရိကန်ဒေါ်လာ ၁၆၆၈၆ တန်ဖိုးရှိ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ(PPE)နှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများဖြစ်ပြီး ယင်းပစ္စည်း များအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထောက်ပံ့ကူညီမှုနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost က “မြန်မာနိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းတွေမှာ အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ပြီး အခုလို ထောက်ပံ့ကူညီတာပါ။ ရှေ့ပိုင်းတွေမှာလည်း အခုလိုထောက်ပံ့မှုတွေပြုလုပ်ခဲ့ ပါတယ်။ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့ပတ်သက်ပြီး နည်းပညာဆိုင်ရာ အကြံပေးမှုတွေအပြင် ထောက်ပံ့ပစ္စည်းတွေကို ပြည်တွင်းကဝယ်ပြီး လှူဒါန်း တာမျိုးရှိသလို ပြည်ပကဝယ်ပြီး လှူဒါန်းတာမျိုးတွေလည်း ရှိပါတယ်။ ဒီအကြိမ် မှာတော့ ပြည်ပကနေ ဝယ်ပြီး လှူဒါန်းတာပါ။ ဆက်ပြီးတော့လည်း အခုလို ကူညီသွားဖို့ အစီအစဉ်တွေရှိနေပါသေးတယ်။ မြန်မာနိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်နေကြတဲ့ ဆေးဝန်ထမ်းတွေ ကိုလည်း မိမိအနေနဲ့ လေးစားဂုဏ်ယူမိပါတယ်”ဟု ပြောသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ၏ အစိတ် အပိုင်း တစ်ရပ်အဖြစ် နိုင်ငံတကာလေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်း ထားသည့်အတွက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့၏ကိုယ်စား ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ကို အပတ်စဉ် ချိတ်ဆက်ပေးနိုင်မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လေကြောင်းပျံသန်းမှုအကူအညီ အစီအစဉ်ကိုဆောင်ရွက်ခဲ့ပြီး ယင်းအစီအစဉ် အရ မေ ၁၀ ရက်၊ ၁၇ ရက်နှင့် ၂၄ ရက်တို့တွင် ကွာလာလမ်ပူမြို့မှ ရန်ကုန်မြို့သို့ ဆေးဝါးနှင့်အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော ထောက်ပံ့ရေး အထူးလေယာဉ်များ ဆိုက်ရောက်ခဲ့သည်။

အဆိုပါ ခရီးစဉ်များအရ မေ ၁၀ ရက်တွင် ပထမဆုံးအကြိမ်ခရီးစဉ်အဖြစ် Gavi (Global Alliance for Vaccines and Immunisation) အဖွဲ့၏ ထောက်ပံ့ မှုဖြင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏ အစီအစဉ်ဖြင့် ဝယ်ယူ ထားသော ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ကိရိယာ (test kits) နှင့် ဆက်စပ်ပစ္စည်း များကို လည်းကောင်း၊ မေ ၁၇ ရက်တွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ဝယ်ယူ ထားသော တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ(PPE)နှင့် ဆက်စပ်ပစ္စည်းများ အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်သည့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း သယ်ယူပို့ဆောင်နိုင်ခဲ့သည်။

ထို့အတူ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆေးဝါး၊ စက်ပစ္စည်းနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ထောက်ပံ့ကူညီလှူဒါန်းမှုများ ပြုလုပ်ခဲ့ ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# ပြည်ပထွက်ခွာမည့် မြန်မာသဘော်သား ၂၂ ဦးအား ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ဆေးလက်မှတ်ထုတ်ပေးပြီးဖြစ်



**ရန်ကုန် မေ ၃၁**

ပြည်ပနိုင်ငံများသို့ ထွက်ခွာကြမည့် မြန်မာသဘော်သားအလုပ်သမားများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ဆေးစစ်ခြင်းနှင့် ဆေးလက်မှတ်ထုတ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ မေ ၃၁ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း ဆေးထောက်ခံချက်လက်မှတ်အဖြေ ရရှိသူ ဦးရေ စုစုပေါင်း ၂၂ ဦး ရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံပင်လယ်ကူးသဘော်သားအလုပ်သမားများအဖွဲ့ချုပ်မှ သိရသည်။

**လျှောက်ထားနိုင်**

"မေ ၃၀ ရက်ကစပြီး မည်သည့်သဘော်သားမဆို ကိုဗစ်-၁၉ ရောဂါဆေးစစ်မှု ပြုလုပ်ဖို့လိုအပ်လာတယ်ဆိုရင် လိုချင်တဲ့ရက်မတိုင်မီ အနည်းဆုံးငါးရက် ကြိုတင်ရက်ခွာပြီးတော့ အဖွဲ့ချုပ်ရဲ့ လူမှုကွန်ရက်လင့်ခ်ဖြစ်တဲ့ https://www.facebook.com/msf.myanmar မှာ ဝင်ရောက်ဖောင်ဖြည့် လျှောက်ထားနိုင်ပါတယ်။ အရင်က လေးရက်ကြိုတင်လျှောက်ထားလို့ရတယ်ဆိုပြီး ထုတ်ပြန်သတ်မှတ်ခဲ့တယ်ဆိုပေမယ့် ဆေးလက်မှတ်ရရှိဖို့ လုပ်ငန်းအဆင့်ဆင့် လုပ်ဆောင်နေရတာကြောင့် တစ်ရက်ထပ်ပြီး တိုးမြှင့်လိုက်တာပါ။ သဘော်သားတွေအနေနဲ့ ဆေးစစ်ကုန်ကျစရိတ်ကို အွန်လိုင်းကနေ ပေးသွင်းရမှာဖြစ်ပြီး ဆေးစစ်မှုခံယူမယ့်သူတွေအနေနဲ့လည်း မိမိသိလိုသည့် အကြောင်းအရာအချက်အလက်များကို အဖွဲ့ချုပ်ရဲ့ အွန်လိုင်းကနေတစ်ဆင့် ဝင်ရောက်ကြည့်ရှုနိုင်ကြပါတယ်"ဟု မြန်မာနိုင်ငံပင်လယ်ကူးသဘော်သား အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်က ပြောသည်။

**ဆောင်ရွက်ပေး**

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနအနေဖြင့် စနေ၊ တနင်္ဂနွေနှင့် အများပြည်သူရုံးပိတ်ရက်များတွင်ပါ ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း ဆေးစစ်ခြင်းနှင့် ဆေးလက်မှတ်ထုတ်ပေးခြင်းများကို ဆောင်ရွက်ပေးသည်။ ဆေးစစ်ပြီးသည့် နောက်တစ်နေ့ညနေတွင် ဆေးလက်မှတ်အဖြေများကို မြန်မာနိုင်ငံပင်လယ်ကူးသဘော်သား အလုပ်သမားများအဖွဲ့ချုပ်မှ တာဝန်ရှိသူများထံ ပေးအပ်ကာ အဖွဲ့ချုပ်မှတစ်ဆင့်ရယူ၍ ဆေးစစ်မှုခံယူထားသော သဘော်သားအလုပ်သမားများအား မြန်မာနိုင်ငံပင်လယ်ကူးသဘော်သား အလုပ်သမားများအဖွဲ့ချုပ်ရုံး၌ ဆေးလက်မှတ်အဖြေများကို ထုတ်ပေးနေကြောင်းလည်း သိရသည်။

မေ ၂၂ ရက် ညနေပိုင်းက ပထမအသုတ်မှ ခုနစ်ဦး၊ မေ ၂၆ ရက် ညနေပိုင်းက ဒုတိယအသုတ်မှ ခြောက်ဦးနှင့် ယနေ့ညနေပိုင်းက တတိယအသုတ်မှ ကိုးဦးတို့အား ဆေးလက်မှတ်အဖြေများကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**လိုက်ပါပို့ဆောင်ပေး**

မြန်မာနိုင်ငံ ပင်လယ်ကူးသဘော်သားအလုပ်သမား အဖွဲ့ချုပ်၏ အွန်လိုင်း၌ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ဆေးစစ်ခြင်းနှင့် ဆေးလက်မှတ်ထောက်ခံချက်ရယူရန် လျှောက်ထားကြသည့် မြန်မာသဘော်သားအလုပ်သမား ၂၉ ဦးအား ဆေးစစ်မှုခံယူကြစေရန်အတွက် အဖွဲ့ချုပ်မှ တာဝန်ရှိသူများက အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ယနေ့ နံနက်ပိုင်းက လိုက်ပါပို့ဆောင်ပေးခဲ့ကြရာ ဇွန် ၁ ရက် ညနေပိုင်းတွင် ဆေးလက်မှတ်အဖြေများကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပွင့်သစ္စာ

## ယာဉ်မောင်းသူများ လိုက်နာရန် သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များကို သတိပြုပါ-

(၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
(၂) မော်တော်ယာဉ်များ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
(၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
(၄) လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
(၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။ (လမ်းပေါ်တွင် မိုးရေများပြည့်လျှံနေချိန် အရှိန်ပြင်းစွာမောင်းနှင်ပါက မော်တော်ယာဉ်အား လိုရာသို့ ထိန်းချုပ်မရဖြစ်ပြီး ယာဉ်တိမ်းမှောက်မှုဖြစ်နိုင်သည်ကို သတိပြုပါ။)
(၆) ဘရိတ်ကို ရုတ်တရက်မနင်းပါနှင့်။
(၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
(၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
(၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
(၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

(ခ) အထက်ပါစည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**





သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ဖို့နဲ့ရှိ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။




## ညောင်ဦးမြို့၌ လူတစ်ဦးစာ ထမင်းနှင့်ဟင်း လေးမျိုးကို ငွေကျပ် ၃၀၀ ဖြင့် ရောင်းချပေး

**ညောင်ဦး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကာလအတွင်း အထောက်အပံ့ဖြစ်စေရန် ခင်မင်သူပရဟိတအဖွဲ့က ယမန်နေ့တွင် ညောင်ဦးမြို့ရှိ ပြည်သူ ၄၀၀ စာအတွက် လူတစ်ဦးစာ ထမင်းနှင့်ဟင်း လေးမျိုးကို ငွေကျပ် ၃၀၀ ဖြင့် ရောင်းချပေးပြီး နှာခေါင်းစည်းတစ်ခုစီ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါခင်မင်သူပရဟိတအဖွဲ့သည် ညောင်ဦးမြို့ရှိ အမှတ်(၅) ရပ်ကွက်၊ သိကြားရပ်၊ သီလှရင်စုရပ်နှင့် အမှတ်(၄) ရပ်ကွက် တိုက်ကုန်းရပ်ရှိ မိဘပြည်သူများအား ကိုဗစ်-၁၉ ကပ်ရောဂါ အချိန်ကာလများကို လွယ်ကူအောင်မြင်စွာ ဖြတ်သန်းနိုင်ရေးအတွက် စားသောက်မှုအဆင်ပြေစေရန် ကိုယ်တိုင်ချက်ပြုတ်ထားသော အာဟာရပြည့် အစားအစာများအဖြစ် ထမင်း၊ ကြက်သားဆီပြန်၊ ကြက်ဥချက်၊ ချဉ်ဟင်း(အရည်သောက်)၊ ခရမ်းချဉ်သီးငါးပိချက်တို့အား ငွေကျပ် ၃၀၀ ဖြင့် ရောင်းချပေးပြီး လူတစ်ဦးချင်းစီအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရန် နှာခေါင်းစည်းတစ်ခုစီ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျော်မင်းဦး(ရေနံချောင်း)

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကိုကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည်ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း (သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။ စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟုခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သောနည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာဌာန)**

# ပုသိမ်ကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်ပါကကူညီဆောင်ရွက်ပေးမည်



**မန္တလေး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်များအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူများရာသီချိန်အမီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် အကူအညီတောင်းခံလာပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပုသိမ်ကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးဌာနမှူး ဦးကျော်ထင်က ပြောသည်။

အဆိုပါဌာနမှ လက်ရှိတွင် လယ်ယာမြေပြုပြင်ထွန်ယက်ခြင်း၊ စက်ဖြင့်စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများကို အဆိုပါ မြို့နယ်များရှိ တောင်သူများအတွက် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ယခုဘဏ္ဍာနှစ်အတွင်း၌လည်း တောင်သူများထံသို့ ကောက်စိုက်စက်တစ်စီး၊ ဒေါင်ဖန်းထွန်စက် ၂၉ စီး၊ လက်ကိုင်ရှည်လက်တွန်းထွန်စက်ခြောက်စီးတို့ကို ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဌာနအနေနဲ့ လယ်ယာအကျိုးပြုလုပ်ငန်းတွေအဖြစ် တောင်သူပိုင်လယ်ယာသုံးစက်ကိရိယာတွေကို ကျေးရွာအရောက်သွားရောက်ပြီး ပြုပြင်ပေးတဲ့အပြင် မောင်းနှင်ထိန်းသိမ်းမှုအတတ်ပညာတွေကိုလည်း စိတ်ဝင်စားသူတွေကို သင်ကြားပေးလျက်ရှိပါတယ်။ ဒါကြောင့် စက်မှုလယ်ယာလုပ်ငန်းနဲ့ပတ်သက်ပြီး လိုအပ်လို့ အကူအညီရယူချင်ရင် ကျွန်တော်တို့ ဌာနကိုဆက်သွယ်နိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ဌာနအကူအညီဖြင့် လယ်ယာလုပ်ငန်းများအား အချိန်မီဆောင်ရွက်နိုင်ခဲ့သည့် ပုသိမ်ကြီးမြို့နယ် ရွာရှည်ကျေးရွာမှ တောင်သူ ဦးညွန့်မောင်က "အခုလို ကိုဗစ်ရောဂါကာလအတွင်း လယ်ယာလုပ်သားရှားပါးနေချိန်မှာ ကျွန်တော့်လယ်မြေ ၇ ဧကအတွက် စက်မှုလယ်ယာဦးစီးဌာနက ကောက်စိုက်စက်နဲ့အသုံးပြုပြီး လာရောက်စိုက်ပျိုးပေးခဲ့လို့ လုပ်ငန်းတွေအဆင်ပြေသွားပါတယ်" ဟု ပြောသည်။

ပုသိမ်ကြီးမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်များရှိ တောင်သူများ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အကူအညီရယူလိုပါက ပုသိမ်ကြီးမြို့နယ်ဦးစီးဌာနမှူး ဖုန်း ၀၉-၂၅၆၁၃၀၁၁၃ နှင့် ပြင်ဦးလွင်မြို့နယ် ဒုတိယဦးစီးမှူး ဖုန်း ၀၉-၄၀၂၆၄၄၂၅၄ သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# တောင်သူများ၏ မိုးစိုနွေစပါးများကို စပါးအခြောက်ခံစက်ဖြင့် ကူညီဆောင်ရွက်ပေး

**မင်းလှ မေ ၃၁**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂၇) စက်မှုလယ်ယာစခန်းမှ မိုးကြိုကာလတွင် ဖြစ်ပေါ်လေ့ရှိသော ရာသီဥတုကြောင့် နွေစပါးရိတ်သိမ်းတောင်သူများအား စပါးအခြောက်ခံစက်ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မေလအတွင်း ဝက်လုကြီးကျေးရွာနှင့် ထောက်ကြံ့ကွင်းကျေးရွာတို့မှ တောင်သူသုံးဦး၏ နွေစပါးတင်း ၁၀၀၀ ခန့်ကို ကူညီဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ထွန်ယက်ရေးလုပ်ငန်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း၊ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းလုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိပြီး ရာသီဥတုကြောင့်အခက်အခဲရှိသော နွေစပါးစိုက်တောင်သူများအား စပါးအခြောက်ခံစက်ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်အတွင်းရှိ နွေစပါးစိုက်တောင်သူများအနေဖြင့် အခက်အခဲရှိပါက လာရောက်ဆောင်ရွက်နိုင်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်အောင်ခန့်က ပြောသည်။

အဆိုပါ စပါးအခြောက်ခံစက်သည် တစ်ကြိမ်လျှင် စပါးတင်း ၅၀၀ ခန့်ထိ အခြောက်ခံပေးနိုင်ပြီး အချိန် ၁၂ နာရီမှ ၁၅ နာရီခန့်ကြာမြင့်ကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**



# ကျောက်ဆည်မြို့နယ်အတွင်း စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသားများ၏ စိုက်ပျိုးသီးနှံများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးဆောင်ရွက်

**ကျောက်ဆည် မေ ၃၁**

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ကျောက်ဆည်မြို့နယ်အတွင်းရှိ သီးနှံစိုက်ပျိုးထုတ်လုပ်သော သမဝါယမအသင်းသားများ စိုက်ပျိုးထားသည့် သီးနှံများလေလွင့်ဆုံးရှုံးမှုမဖြစ်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ အသင်းသားများစိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်သီးနှံများကို ဝယ်ယူ၍ သမဝါယမဦးစီးဌာနဝန်ထမ်းများနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသင်းသားပြည်သူများထံ သက်သာသော ဈေးနှုန်းများဖြင့် တစ်ဆင့်ပြန်လည်ရောင်းချပေးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးထံမှ သိရသည်။

**သတင်းစဉ်**

# တောင်သူ့အားမာန်မျိုးစေ့ထုတ် သမဝါယမအသင်းက ပဲတီစိမ်းမျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ

**ရေစကြို မေ ၃၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် အသင်းသားများ၏ ဆန္ဒနှင့်အညီ တောင်သူ့အားမာန်မျိုးစေ့ထုတ် သမဝါယမအသင်းကို ဖွဲ့စည်းခဲ့ပြီး ပဲတီစိမ်းမျိုး (ရေဆင်း-၁၄) မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ အသင်းအချင်းချင်း ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် တောရတနာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၏ စိုက်ဧက ၂၃ ဧကအတွက် ၁၁ ဒသမ ၅ တင်း၊ ရွှေသူစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၏ စိုက်ဧက ၈၄ ဧကအတွက် ၄၂ တင်း၊ ပခန်းငယ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၏ စိုက်ဧက ၄၀ အတွက် တင်း ၂၀ တို့ကို တစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း၊ ဝယ်ယူလိုသောတောင်သူဦးကြီးများအနေဖြင့် ရေစကြိုမြို့နယ် သမဝါယမအသင်းစု ဖုန်း ၀၉-၂၅၆၁၄၂၉၃၇ ထံသို့ ဆက်သွယ်မှာယူရရှိနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**





# ပင်လောင်းမြို့နယ် သမဝါယမအသင်းစုက စိုက်ပျိုးရေးသွင်းအားစုများ ဖြန့်ဖြူးရောင်းချ

**ပင်လောင်း မေ ၃၁**

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ သမဝါယမအသင်းစုမှ အခြေခံသမဝါယမအသင်းများသို့ စိုက်ပျိုးရေးလုပ်ငန်းသုံးသွင်းအားစုပစ္စည်းများဖြစ်သည့် ဓာတ်မြေသြဇာနှင့် ပြောင်းမျိုးစေ့များကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

သွင်းအားစုများ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို သမဝါယမအသင်းစုပိုင် စိုက်ပျိုးရေးသွင်းအားစုလုပ်ငန်း အရောင်းဆိုင်တွင် တောင်သူမသီးစုံဓာတ်မြေသြဇာ တစ်အိတ်လျှင် ငွေကျပ် ၁၇၇၀၀၊ ပုလဲပန်းဖူးဓာတ်မြေသြဇာ တစ်အိတ်လျှင် ငွေကျပ် ၂၆၄၀၀၊ GTSP ဓာတ်မြေသြဇာ တစ်အိတ်လျှင် ငွေကျပ် ၂၃၇၀၀၊ GRP ဓာတ်မြေသြဇာ တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၊ ပျားကမ္ဘာဓာတ်မြေသြဇာ တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀ နှုန်းဖြင့်လည်းကောင်း၊ 808 ပြောင်းမျိုးစေ့(30 Kg) တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ နှုန်းဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိရာ ပင်လောင်းမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ကိုးသင်းမှ အသင်းသားတောင်သူ ၂၀၆ ဦးသို့ စုစုပေါင်းတန်ဖိုး ငွေကျပ် ၆၁၂၄၆၆၀ ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပြီး သမဝါယမအသင်းသားတောင်သူများ လိုအပ်လျက်ရှိသော စိုက်ပျိုးရေးလုပ်ငန်းသုံး သွင်းအားစုများကိုလည်း စဉ်ဆက်မပြတ် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ နှင့် အလွမ်း

နိုင်ဦး(DOCA)

"မှောင်နေရင်လေ မီးထွန်းလိုက်၊ နာကြင်သူကို ပြုစုလိုက်၊ ဆာလောင်သူကို ကိုယ့်ဝေစုထဲက တစ်ဝက်ကို ဝေငှလိုက်၊ လူတွေ စဉ်းစားကြ၊ စဉ်းစားကြ လောကအတွက်၊ သင့်သမိုင်းကြောင်းကောင်းဖို့ တစ်ခုခုလုပ်ခဲ့သလား"တဲ့။ လွန်ခဲ့သောနှစ်နှစ်ဆယ်ခန့်က ရုပ်ရှင်မင်းသား၊ အဆိုတော် ကျော်ဟိန်း သီဆိုခဲ့သော အဓိပ္ပာယ်ရှိသောလူ စီးရီးထဲက သီချင်းစာသားလေးက ဘာမဆိုင်ညာမဆိုင် အတွေးထဲ ရောက်လာခဲ့သည်။ ယခု မြန်မာနိုင်ငံသာမက တစ်ကမ္ဘာလုံး ကူးစက်ပျံ့နှံ့လျက်ရှိသော ကိုဗစ် - ၁၉ ကူးစက်မြန်ကပ်ရောဂါ ကာကွယ်၊ တားဆီး၊ ကုသ၊ ထိန်းချုပ်ရေးများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက် ရှိနေသည်များနှင့် ချိန်ထိုးမိသည်။

**အမှောင်ခွင်း၍ အလင်းဆောင်နိုင်ဖို့**

မြန်မာနိုင်ငံအစိုးရသည် မြန်မာနိုင်ငံသားများ အမှောင်ခွင်း၍ အလင်းဆောင်နိုင်ဖို့၊ လျှပ်စစ်မီး အချိန်ပြည့်ရရှိဖို့၊ မိသားစုနှင့် အဆက်အသွယ်မပြတ်စေဖို့၊ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းတွေ လက်မလွတ်ဘဲ အသုံးပြုနိုင်ဖို့၊ စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စများ အဆင်ပြေစေဖို့အတွက် သက်ဆိုင်ရာဌာနများက ပြည်သူများ အခက်အခဲရင်ဆိုင်နေရချိန်တွင် အထိုက်အလျောက် လျော့ပါးသက်သာစေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးနေသလို လျှပ်စစ်မီတာအသုံးပြုခများကို လျှော့ပေါ့ပေးခဲ့သည်။ ထို့အပြင် ကိုဗစ်-၁၉နှင့် ပတ်သက်၍ အခမဲ့စစ်ဆေးပေးသည်။ စောင့်ကြည့်ရက်များတွင် နေရေး၊ စားရေးကိစ္စများကို အလှူရှင်များ အင်အားနှင့် ပေါင်းစပ်ဆောင်ရွက်ပေးနေသည်။ ရောဂါပိုး တွေ့ရှိသူများကိုလည်း ကိုယ်ရောစိတ်ပါ နွေးထွေးမှုရှိစေရေးအတွက် ဘက်ပေါင်းစုံမှ စေတနာထားကာ ကုသပေးလျက်ရှိပါသည်။

တစ်နိုင်ငံလုံးရှိ စားရေး၊ သောက်ရေး အခက်အခဲရှိသူများကို အစိုးရကိုယ်တိုင် ကြီးကြပ်၍ ပြည်တွင်း၊ ပြည်ပ အလှူရှင်များနှင့်ပူးပေါင်းကာ အခြေခံစားကုန်များ၊ ကျန်းမာရေးသုံးပစ္စည်းများကို အိမ်အရောက် ပံ့ပိုးကူညီပေးလျက်ရှိသည်။ ဆက်လက်၍လည်း အန္တရာယ်ကာလမပြီးမချင်း ထောက်ပံ့ကူညီပေးမည်ဟု ဝမ်းသာဖွယ် သိရှိရသည်။ ပြည်သူလူထုထဲမှ ပရဟိတစိတ်ရှိသူများ၊ လုပ်ငန်းရှင်များကလည်း အားကျမခံ မိမိစားသုံးရမည့်၊ မိမိ အကျိုးအမြတ်ဖြစ်မည့်အထဲမှ တချို့တစ်ဝက်ကို စာနာစိတ်ရှိစွာ စေတနာပါပါ လှူဒါန်းပေးဝေနေမှုများကို မြင်တွေ့နေ၊ ကြားသိနေရသည်မှာ ကျေနပ်ဝမ်းသာရသည်။ မှောင်နေလျှင် မီးထွန်းပေးသူ၊ နာကြင်နေသူများကို ပြုစုပေးနေသူ၊ ဆာလောင်နေသူများကို အခက်အခဲကြားထဲမှ ဝေငှပေးနေသူ၊ သမိုင်းကြောင်းကောင်းဖို့ ပကာသနမပါ၊ စေတနာလေးနက်၊ ပကတိအဖြူထည် ဆောင်ရွက်ပေးနေမှုများကို လေးစားအားကျ အတုယူခဲ့မိပါသည်။

ကိုဗစ်-၁၉ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွင်း လူအများစုသည် အမေနှင့်ရွာကို လွမ်းသည်။ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် နီးနီးကပ်ကပ်ထိုင်ကာ ပျော်ရွှင်စွာစားသောက်ခဲ့မှုများကို လွမ်းသည်။ အဝေးမှာ တစ်နေရာစီတာဝန်ထမ်းဆောင်နေကြသော ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ မြေး၊ မြစ်များကို လွမ်းသည်။ တစ်ချိန်က သွားဖူးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများ၊ အပျော်သဘောသွားခဲ့သည့် အပန်းဖြေကမ်းခြေနေရာများ၊ အထင်ကရနေရာများကို လွမ်းသည်။ စာသင်ကြားခဲ့သည့် စာသင်ခန်းနေရာများကို လွမ်းသည်။ ဆရာ ဆရာမများကိုလည်း လွမ်းသည်။ အဆောင်ကိုလည်း လွမ်းသည်။ အထီးကျန်ဆန်မှုမရှိသော်လည်း မိတ်ဆွေ၊ သူငယ်ချင်းများကို လွမ်းသည်။ တစ်ခါတစ်ရံ ဘာကိုလွမ်းမှန်းမသိ လွမ်းနေမိသည်။ အလွမ်းတွေကို စမ်းရေထဲမှာ မမျှောနိုင်ပေမယ့် လွမ်းနေတာကတော့ လွမ်းနေတာပင်။

**ကျန်းမာရေးအသိပညာများ ပိုမိုသိရှိလာ**

ယခုမူ ဖုန်းစ်ဘွတ်လေး ကြည့်လိုက်၊ Video Call လေး ခေါ်လိုက်နှင့် အလွမ်းဖြေနေရသည်။ နေ့စဉ်ဘဝတွင် ခပ်ခွာခွာလေး နေနေရသည်။ နေထိုင်သွားလာမှုများ ကန့်သတ်ခံရသည်။ ချစ်ခင်ကြင်နာရသူများနှင့် တွေ့ဆုံခွင့်၊ စကားပြောခွင့်များ ဆုံးရှုံးရသည်။ သို့သော် ကောင်းမွန်သည့် အချက်များလည်း ရှိသေးသည်။ မြိုးမြိုးမြက်မြက်တာ စားသောက်တတ်လာသည်။ အပိုကုန်ကျမှု နည်းပါးသွားသည်။ သတင်းအချက်အလက်များ ပိုမိုသိရှိလာသည်။ စာပိုဖတ်လာသည်၊ ကိုယ်ယုံကြည်ရာ ဘာသာရေးကိစ္စများကို ပိုမိုလုပ်ဖြစ်သည်။ ငုပ်လျှိုးနေသော ပရဟိတစေတနာများ ပိုမိုဖြစ်ထွန်းလာသည်။ လူအချင်းချင်း ဆက်ဆံရေးများ အဆင်ပြေချောမွေ့လာသည်။ မှန်ကန်သောယုံကြည်ချက်၊ အတွေးအခေါ်များ ဖြစ်ထွန်းလာသည်။ စာနာစိတ်၊ ကိုယ်ချင်းစာစိတ်များ မွေးမြူလာနိုင်ခဲ့သည်။ မိသားစုအတွင်း ကိုယ်စီတာဝန်ယူလာနိုင်ခဲ့သည်။ မိသားစုအတွင်း ဆက်ဆံရေး ယခင်ကထက် ပိုမိုနီးကပ်နွေးထွေးလာသည်။ ခေတ်မီဆက်သွယ်ရေးကိရိယာ သုံးစွဲနေမှုပညာများကို မျှဝေပေးနိုင်လာကြသည်။ ပညာရပ်အချို့ကို သင်ကြားလာနိုင်သည်။ ကျန်းမာရေးအသိပညာများ ပိုမိုသိရှိလာသည်။ ကိုယ်လက်လှုပ်ရှား အားကစားများ ပိုမိုလုပ်ဖြစ်လာသည်။

ကမ္ဘာပေါ်တွင် ကပ်ရောဂါများသည် ပေါ်ပေါက်လာစမြဲ ဖြစ်သည်။ ကျောက်ရောဂါ၊ ဝက်သက်ရောဂါ၊ ကာလဝမ်းရောဂါ၊ ငှက်ဖျားရောဂါ၊ အီဘိုလာရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါ၊ အနာကြီးရောဂါ စသည်ဖြင့် ကပ်ရောဂါအသွင် ဖြစ်ပွားခဲ့သော်လည်း ကာကွယ်ဆေး၊ ကုသဆေးများဖြင့် နှိမ်နင်းအောင်မြင်ခဲ့သည်သာ ဖြစ်သည်။ ယခုဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ကူးစက်မြန်ကပ်ရောဂါသည်လည်း မကြာမီ ကာကွယ်ဆေးများပေါ်လာမည်၊ ကုသဆေးများပေါ်လာမည်ဆိုပါက ကွယ်ပျောက်သွားမည်။ နှိမ်နင်းနိုင်မည်၊ ကုသနိုင်မည်ဖြစ်၍ စိုးရိမ်ထိတ်လန့်စရာမလိုပေ၊ ကြောက်စရာလည်း မလိုပေ။ မိမိကိုယ်တိုင် ကျန်းမာရေးအသိရှိစွာဖြင့် သတိထားနေထိုင်မည်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာမည်ဆိုပါက မိမိကိုယ်တိုင်လည်း ကျန်းမာမည်၊ မိမိ၏ မိသားစုဝင်များကိုလည်း စောင့်ရှောက်ပေးရာရောက်မည်၊ မိမိဘေးပတ်ဝန်းကျင်ကိုလည်း ကာကွယ်ပေးရာ ရောက်ပါမည်။ မျက်စိဖွင့်၊ နားစွင့်ကာ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အိမ်မှာနေခြင်းဖြင့်ပင် ကူညီပေးရာရောက်ပေမည်။

**ကုသဆေးများဖော်ထုတ်ရန် ကြိုးစားဆောင်ရွက်နေ**

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး၊ ကုသဆေးများဖော်ထုတ်ရန် သုတေသနပညာရှင်များက ကြိုးစားဆောင်ရွက်နေသည်။ မကြာသောကာလအတွင်း ကောင်းမွန်သောရလဒ်တစ်ခု ထွက်ပေါ်လာပါမည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံ၌ လက်ရှိကဏ္ဍပေါင်းစုံတွင် ဆိုးကျိုးကိုသာ ပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါပိုးအား မကြာသော အချိန်ကာလအတွင်း အစိုးရ၏ စေတနာ၊ ပရဟိတအဖြူရောင်နှလုံးသားပိုင်ရှင်များ၏ အကြင်နာ၊ ကျန်းမာရေးဝန်ထမ်းများ၏ ကရုဏာ၊ လုံခြုံရေးဝန်ထမ်းများ၏ မုဒိတာများဖြင့် တိုက်ဖျက်နိုင်မည်။ နှိမ်နင်းအောင်မြင်နိုင်မည်၊ ထိန်းချုပ်၊ ကုသဆောင်ရွက်နိုင်တော့မည်ဟု ယုံကြည်ပါသည်။

ထိုသို့ ကိုဗစ်-၁၉ ကပ်ရောဂါ ကင်းရှင်းသွားပါက ကပ်ရောဂါကာလအတွင်း လွမ်းခဲ့ရသည်များကို အတိုးချကာ လှောင်အိမ်မှလွတ်သော ငှက်လေးပမာ အားလပ်ချိန်များတွင် သူငယ်ချင်းများနှင့် ပျော်ပျော်ရွှင်ရွှင်နေမည်။ အမေရှိတဲ့ရွာကို သွားလည်မည်၊ လိမ်လိမ်မာမာနေမည်၊ သွန်သင်ဆုံးမမှုကို လေးစားစွာလိုက်နာမည်။ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ မြေး၊ မြစ်များနှင့်အတူ ဘုရား၊ စေတီ ပုထိုးများ၊ အထင်ကရနေရာများကို မိသားစုနှင့် ပျော်ပျော်ပါးပါး သွားလာမည်။ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များတွင် မိသားစုလိုက်၊ သူငယ်ချင်းများနှင့်အတူ ပျော်ပျော်ရွှင်ရွှင် သွားရောက်စားသောက်မည်။ အလွမ်းများကို စမ်းရေထဲသို့မျှောကာ လူသစ်၊ စိတ်သစ်၊ စိတ်ကူးသစ်ဖြင့် ကျရာနေရာမှာ ပျော်ရွှင်ကျေနပ်စွာ ဆောင်ရွက်မည်။

**အတူတကွ ပူးပေါင်းပါဝင်**

ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးကဏ္ဍ၊ ရှာဖွေရေးကဏ္ဍ၊ ထိန်းချုပ်ရေးကဏ္ဍ၊ ကုသရေးကဏ္ဍ၊ စောင့်ရှောက်ရေးကဏ္ဍစသည့် ကဏ္ဍများတွင် တာဝန်ထမ်းဆောင်လျက်ရှိသူများ၊ တာဝန်ပေးအပ်ခြင်းမရှိသော်လည်း ကိုယ်စီ အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြသူများ၊ မီဒီယာနည်းလမ်းပေါင်းစုံမှ သတင်းအချက်အလက် ဖြန့်ဝေပေးနေသူများ၊ ပညာရပ်ပိုင်းဆိုင်ရာ အသိပညာပေးသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြီးတော့ ကျွန်တော်တို့ စားရေး၊ ဝတ်ရေး၊ နေရေးတို့ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးခဲ့ကြသော အနယ်နယ်အရပ်ရပ်မှ စေတနာရှင် ပရဟိတသမားများ၊ ကျွန်တော်တို့ ကျန်းမာရေးကောင်းမွန်အောင်၊ ယုံကြည်ချက်ရှိအောင်၊ ကျန်းမာရေးအသိ၊ နေထိုင်မှုသတိရှိအောင် ဆောင်ရွက်ပေးခဲ့ကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ကျွန်တော်တို့ လုံခြုံအေးချမ်းမှုရှိအောင် အကာအကွယ်ပေးခဲ့ကြသည့် အဖွဲ့အစည်းများ၊ ကျွန်တော်တို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ စားရေး၊ ဝတ်ရေး၊ နေရေးမှအစ အသေးစိတ်ဆောင်ရွက်ပေးခဲ့ကြသော အစိုးရအဖွဲ့အစည်းများအားလုံးကို အထူးကျေးဇူးတင်ရပါမည်။ သူတို့၏ စေတနာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာများကို လေးစားရပါမည်။ သူတို့၏အနစ်နာခံခဲ့မှုများကို အသိအမှတ်ပြုရပါမည်။ နောင်အလားတူ ကပ်ရောဂါ၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အနာဂတ်လူငယ်များကလည်း အတုယူကာပူးပေါင်း၍ မျိုးဆက်သစ်များအဖြစ် ပါဝင်ရပါမည်။

လက်ရှိ ကိုဗစ်-၁၉ ရောဂါသည် ကွယ်ပျောက်မှုမရှိသေးသော်လည်း နိုင်ငံတော်အစိုးရသည် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ စားသောက်ဆိုင် လုပ်ငန်းများ၊ ဈေးများ၊ ကျောင်းများကို အကန့်အသတ်ဖြင့် ဖွင့်လှစ်ရန် ကြိုးစားနေသကဲ့သို့ တဖြည်းဖြည်း အခြားကဏ္ဍများကိုလည်း တိုးချဲ့ဖွင့်လှစ်ကာ ပုံမှန်အတိုင်းဆောင်ရွက်နိုင်ကြရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အခြားတစ်ဖက်မှလည်း ကိုဗစ်-၁၉ ကပ်ရောဂါကင်းစင်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ရန်၊ ကုသရန်၊ ထိန်းချုပ်ရန် ကြိုးစားလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါကပိုးတွေ့လူနာနည်းပါးခြင်း၊ သေဆုံးလူနာနည်းပါးခြင်း၊ ပျောက်ကင်းလူနာများပြားခြင်းများက သက်သေပင်ဖြစ်သည်။ ဤသည်မှာ အစိုးရ၏ချမှတ်သောမူဝါဒကောင်းမွန်ပြည့်စုံမှု၊ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာဌာနများ၏ ကြိုးစားအားထုတ်မှု၊ ပြည်တွင်း၊ ပြည်ပအလှူရှင်၊ ပရဟိတသမားများ၏ ပူးပေါင်းကူညီမှု၊ ပြည်သူများက လိုက်ပါ၊ လိုက်နာဆောင်ရွက်မှုများ၏ ကျေးဇူးပင် ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ မြန်မြန်အဆုံးသတ်၍ သက်ဆိုင်ရာဌာနများက ထုတ်ပြန်ထားသည့်အချက်များကို တစ်ဦးချင်းမှအစ တိကျစွာလိုက်နာဆောင်ရွက်မည်၊ ကျန်းမာရေးအသိရှိစွာဖြင့် သတိထားနေထိုင်ကြမည်၊ တစ်ဘဝစာ သက်ရှည်ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရန်အတွက် တစ်ခဏတာကာလတိုလေးကို ကျွန်တော်တို့ စိတ်ရှည်သည်းခံစွာ ကျော်ဖြတ်၍ ခပ်ခွာခွာနေကြမည်၊ အထီးကျန်ဆန်ခြင်း၊ အားငယ်ခြင်း၊ စိတ်ဓာတ်ကျနေခြင်းများကို ဟာသစာအုပ်၊ ဟာသရုပ်ရှင်များကြည့်ရင်း ဖြေဖျောက်ကြမည်၊ အကျိုးရှိသည်များလုပ်ရင်း တွန်းလှန်ကြမည်၊ ဒါဆို သိပ်မကြာခင်ကာလအတွင်း နဂိုပုံမှန်အတိုင်း ကဏ္ဍပေါင်းစုံအသားကျသွားမည်ဖြစ်သလို ကိုဗစ်-၁၉ ကပ်ရောဂါလည်း ကွယ်ပျောက်သွားမည်ဖြစ်

**မိမိကစ၍ ကူးစက်မှုမဖြစ်အောင်**

ကိုဗစ်-၁၉ ရောဂါဖြစ်နေသဖြင့် မိမိအိမ်တွင် နေနေရ၍ ကျွန်တော်တို့ စိတ်ဓာတ်ကျနေလား၊ လွမ်းနေလား၊ အားငယ်နေလား၊ ကပ်ရောဂါကို တိုက်ဖျက်ဖို့ အိမ်မှာနေရင်း မိမိကိုယ်တိုင်၊ မိမိ၏မိသားစု၊ မိမိ၏ ပတ်ဝန်းကျင်ကို ကာကွယ်နေခြင်းဖြစ်လို့ ဂုဏ်ယူသင့်ပါသည်။ လက်ကိုဆပ်ပြာဖြင့် ခဏခဏ ဆေးကြောနေရ၍ အခန်းထဲ ဝင်/ထွက်တိုင်း လက်သန့်ဆေးရည်နှင့် မကြာခဏပွတ်နေရ၍၊ စိတ်ညစ်နေလား ကပ်ရောဂါ မိမိကစ၍ ကူးစက်မှုမဖြစ်အောင် ကျန်းမာရေးအသိကို သတိရှိစွာဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သတိမူမိလျှင် ဝမ်းသာသင့်ပါသည်။ နှာခေါင်းစည်းတပ်၍ သွားလာလှုပ်ရှားဆောင်ရွက်နေရသဖြင့် အသက်ရှူမဝဖြစ်ကာ မွန်းကျပ်နေပြီလား အဆိုပါပစ္စည်းလေးက မိမိအသက်ကို ကာကွယ်ပေးနေတာဖြစ်ကြောင်း သတိထားမိလျှင် ကျေးဇူးတင်မဆုံး ဖြစ်နေသင့်ပါသည်။ ကျွန်တော်တို့ကဲ့သို့ လူသားများဖြစ်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတလူငယ်များ၊ အသင်းအဖွဲ့များက ကပ်ရောဂါကာကွယ်၊ တားဆီး၊ ကုသ၊ ထိန်းချုပ်ခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်သူများ၊ အစားအသောက်နှင့် ကျန်းမာရေးသုံးပစ္စည်းများ ဖြန့်ဝေပေးအပ်လှူဒါန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြသူများက ကိုယ်တိုင်စံပြအဖြစ် လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်း၊ ကျန်းမာရေးသုံး အကာအကွယ်ပစ္စည်းထူထူကြီးများကို ဝတ်ဆင်၍ ချွေးတွေ တဒီးဒီးကျနေကြသည်။ အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အထီးကျန်ခြင်း၊ ဝမ်းနည်းခြင်း၊ လွမ်းနေခြင်းတို့ကို မေ့နေကြသည်။ သူတို့၏ ဆောင်ရွက်မှုများကို မြင်တွေ့လျက် ဂုဏ်ယူမဆုံး ဖြစ်နေသင့်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ မြန်မြန်အဆုံးသတ်၍ သက်ဆိုင်ရာဌာနများက ထုတ်ပြန်ထားသည့်အချက်များကို တစ်ဦးချင်းမှအစ တိကျစွာ လိုက်နာဆောင်ရွက်မည်၊ ကျန်းမာရေးအသိရှိစွာဖြင့် သတိထားနေထိုင်ကြမည်၊ တစ်ဘဝစာ သက်ရှည်ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရန်အတွက် တစ်ခဏတာကာလတိုလေးကို ကျွန်တော်တို့ စိတ်ရှည်သည်းခံစွာ ကျော်ဖြတ်၍ ခပ်ခွာခွာနေကြမည်၊ အထီးကျန်ဆန်ခြင်း၊ အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်းများကို ဟာသစာအုပ်၊ ဟာသရုပ်ရှင်များကြည့်ရင်း ဖြေဖျောက်ကြမည်၊ အကျိုးရှိသည်များလုပ်ရင်း တွန်းလှန်ကြမည်၊ ဒါဆို သိပ်မကြာခင်ကာလအတွင်း နဂိုပုံမှန်အတိုင်း ကဏ္ဍပေါင်းစုံအသားကျသွားမည် ဖြစ်သလို ကိုဗစ်-၁၉ ကပ်ရောဂါလည်း ကွယ်ပျောက်သွားမည် ဖြစ်ပါသည်။

**ပရဟိတစိတ်များထားကြပါ**

သို့ဖြစ်ပါ၍ ကမ္ဘာ့ကပ်ရောဂါအသွင်ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ကြောင့် မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများ၊ အလုပ်ခွင်များ၊ စားသောက်ဆိုင်များ၏ နေ့စဉ်ဘဝတွင် ခပ်ခွာခွာနေကြ၍ လွမ်းနေကြသည်၊ သတိရနေကြသည်၊ တမ်းတနေကြရသည်။ တစ်ဦးချင်း ကျန်းမာရေး အသိရှိစွာဖြင့် သတိထားနေထိုင်ကြပါကလည်းကောင်း၊ လိုက်နာကြပါကလည်းကောင်း၊ ကာကွယ်ဆေး၊ ကုသဆေးများ ပေါ်ပေါက်ပါကလည်းကောင်း ကိုဗစ် - ၁၉ ရောဂါကပ်ဆိုးကြီးသည် မကြာမီ ကွယ်ပျောက်သွားတော့မည်ဖြစ်၍ ယခင်ကကဲ့သို့ နေ့စဉ်ဘဝတွင် နီးနီးကပ်ကပ် နွေးနွေးထွေးထွေး ပျော်ပျော်ရွှင်ရွှင် နေရမည့်ကာလသည် မဝေးတော့ပေ။ နောင်တွင် ကိုဗစ်-၁၉ ကာလအလွမ်းများကို သတိတရရှိစွာဖြင့် အတိုးချကာ လူအချင်းချင်း ချစ်ခင်ကြပါ၊ ကြင်နာကြပါ၊ စေတနာထားကြပါ၊ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြပါ၊ ပရဟိတစိတ်များထားကြပါဟု စေတနာရှေ့ထားကာ ဖော်ပြအပ်ပါသည်။ ။

# COVID-19 ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း မြန်မာနိုင်ငံတွင် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ် ပြန်လည်စတင်ဆောင်ရွက်ခြင်း

(၃၁-၅-၂၀၂၀)

ကမ္ဘာတစ်ဝန်းလုံးတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအနက် ကုန်ကျစရိတ်နှင့်စာလျှင် အကျိုးသက်ရောက်မှု အရှိဆုံးလုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ကလေးများ၏ ကာကွယ်ဆေးထိုးနှံရန်အခွင့်အရေးကို အခြားကျန်းမာရေးစောင့်ရှောက်မှုအခွင့်အလမ်းများအတွက် တရားမျှတမှုပြယုဂ်တစ်ခုအဖြစ်လည်း ဖြစ်ပါသည်။

COVID-19 ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် COVID-19 နှင့်ဆက်စပ်သည့် ရောဂါကူးစက်ပျံ့နှံ့မှု ကာကွယ်တားဆီးရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် ဦးစားပေးဆောင်ရွက်၍ ကာကွယ်ဆေးထိုးစုရပ်များကို နည်းစနစ်ကျနစွာ အထူးစီမံဆောင်ရွက်ထားရပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့မှစတင်၍ COVID-19 ရောဂါ ဖြစ်ပွားသူကို စတင်တွေ့ရှိခဲ့ရာမှ နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များအားလုံးသည် COVID-19 ရောဂါကာကွယ်တားဆီး ထိန်းချုပ်ရေးလုပ်ငန်းများကို အထူးဦးစားပေး၍ ဆောင်ရွက်နေပါသည်။ ထို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနမှ "အိမ်တွင်း၌သာနေကြရန် အချိန်ကာလ"အဖြစ် သတ်မှတ်၍ "လူစုလူဝေးပြုလုပ်ခြင်းကို လုံးဝမပြုလုပ်ရန် ကန့်သတ်ခြင်း" လမ်းညွှန်ချက်များ ထုတ်ပြန်ခဲ့ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါဖြစ်ပွားမှုကို တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများတွင် ပိုမိုအာရုံစိုက်ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထုအတွင်း ရောဂါပိုးကူးစက်ပျံ့နှံ့ခြင်းကို ကာကွယ်ရန် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှ စတင်၍ ခေတ္တရပ်ဆိုင်းခဲ့ပါသည်။ တစ်ချိန်တည်းတွင် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ် ပြန်လည်စတင်ဆောင်ရွက်နိုင်ရန် လိုအပ်သော အချက်အလက်များကို ကြိုတင်စဉ်းစား၍ ပြန်လည်စတင်ရာတွင် လိုအပ်မည့်လုပ်ငန်းများကို အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များနှင့် မိဘအုပ်ထိန်းသူများအတွက် တိကျသေချာစွာလိုက်နာဆောင်ရွက်နိုင်ရန် နည်းလမ်းများကို ပြုစုရေးဆွဲခဲ့ပါသည်။

နိုင်ငံအတွင်း COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုအခြေအနေကို လေ့လာသုံးသပ်ရာတွင် ယခုအချိန်၌ ရောဂါပိုးတွေ့အတည်ပြုလူနာများသည် နိုင်ငံပြင်ပမှဝင်ရောက်လာသူများသာဖြစ်ပြီး ပြည်သူလူထုအတွင်း ရောဂါကူးစက်ဖြစ်ပွားမှု အနည်းဆုံးရှိခဲ့ခြင်းကြောင့် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ကို ပြန်လည်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

နိုင်ငံတစ်ဝန်းရှိ ပြည်သူ့ဆေးရုံများ၌ ဆေးရုံအခြေပြုကာကွယ်ဆေးထိုးဆေးခန်းများတွင် ၂၀၂၀ ပြည့်နှစ် မေလ ၁၈ ရက်နေ့မှစတင်၍ လည်းကောင်း၊ ကျန်ရှိသော ကျန်းမာရေးဌာနများနှင့် ပြည်သူလူထုအတွင်းတွင် ဇွန်လ ၁ ရက်နေ့မှ စတင်၍လည်းကောင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်များကို ပြန်လည်စတင်ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးစုရပ်များမှတစ်ဆင့် ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုအတွင်း ရောဂါကူးစက်ပျံ့နှံ့မှုမရှိရန် ကာကွယ်ဆေးထိုးစုရပ်များတွင် တစ်နေ့လျှင် ရည်မှန်းကလေး ၅၀ ခန့်အထိသာ ကာကွယ်ဆေးထိုးနှံပေးရန်နှင့် ကာကွယ်ဆေးထိုးစုရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော COVID-19 ရောဂါကူးစက်ပျံ့နှံ့မှု ကာကွယ်တားဆီးရေး လုပ်ငန်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ် ပြန်လည်စတင်ရာတွင် ဧပြီလနှင့် မေလများ၌ ကာကွယ်ဆေးမထိုးခဲ့ရသည့် လျာထားကလေးများအားလုံးသာမက ယခင်က မည်သည့်အကြောင်းကြောင့်ဖြစ်စေ ပုံမှန်ကာကွယ်ဆေးမထိုးခဲ့ရဘဲ လွတ်ကျန်ခဲ့သည့် ကလေးများအားလုံးကိုပါ တစ်ယောက်မကျန် ပြန်လည်ထိုးနှံပေးနိုင်ရန် စီစဉ်ထားပါတယ်။ မိဘအုပ်ထိန်းသူများကို အထူးမေတ္တာရပ်ခံချင်တာကတော့ ကာကွယ်ဆေးထိုးစုရပ်များမှာ ကာကွယ်ဆေးထိုးဖို့ လာရောက်စဉ် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်းပါဝင်ပြီး ဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ရောဂါကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးလမ်းညွှန်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပေးကြပါ၊ တစ်ဦးနှင့်တစ်ဦး သတ်မှတ်ထားတဲ့အတိုင်း (၆)ပေအကွာ ခပ်ခွာခွာနေကြပါ။ လက်ကို စနစ်တကျဆေးကြောပါ။ သို့မှသာ မိမိတို့၏ ကလေးများဘေးကင်းစွာ ကာကွယ်ဆေးထိုးနှံနိုင်ပြီး ပြည်သူအားလုံး COVID-19 ရောဂါမှ ကင်းဝေးနေနိုင်မှာဖြစ်ပါတယ်။"

မြန်မာနိုင်ငံ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ဌာနေကိုယ်စားလှယ် Ms. June Kunugi က "ပုံမှန် ကာကွယ်ဆေးထိုးနှံခြင်းဟာ ကလေးငယ်များအတွက် အရေးအကြီးဆုံး ကျန်းမာရေးလုပ်ငန်းများအနက် တစ်ခုဖြစ်ပြီး ကလေးများရဲ့အသက်ကို ကယ်ဆယ်ရန်နဲ့ အထူးသဖြင့် ကျန်းမာရေးလိုအပ်ချက်များရှိနေသော ဝေးလံခေါင်ဖျားဒေသများ၊ လက်လှမ်းမီရောက်ရှိရန်ခက်ခဲဒေသများ၊ ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ကလေးများကို ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ကပ်ရောဂါအသွင်ဖြစ်ပွားမှုအန္တရာယ်မှ လျှော့ချနိုင်ရန်အတွက် အရည်အသွေးကောင်းမွန်သော ကာကွယ်ဆေးများအားလုံးကို မှန်ကန်သောအချိန်တွင် အကြိမ်ပြည့်ရရှိရန်မှာ မရှိမဖြစ်ပဓာနကျသော အခြေခံလိုအပ်ချက်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မြန်မာနိုင်ငံ၏ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost က "COVID-19 ဟာ ကျွန်ုပ်တို့ အားလုံးအတွက် အမြင်ကျယ်စေတဲ့အတွေ့အကြုံကို ရရှိစေခဲ့ပါတယ်။ ကူးစက်တတ်သော ကပ်ရောဂါဆိုတာ နိုင်ငံအမြောက်အမြားမှာ အားလုံးတစ်ချိန်တည်းမှာ ဖြစ်ပွားနိုင်တယ်ဆိုတာကို သက်သေပြခဲ့ပါပြီ။ အလားတူစွာ အကယ်၍ ကာကွယ်ဆေးလွှမ်းခြုံမှု ကျဆင်းလာပါက ဝက်သက် အစရှိသော ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သည့်ရောဂါများဟာလည်း အချိန်မရွေး ပြန်လည်ခေါင်းထောင်ဖြစ်ပွားလာနိုင်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ကလေးများ ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ် ပြန်လည်ဆောင်ရွက်ခြင်းဟာ ချီးကျူးထိုက်သောခြေလှမ်းကို စတင်လျှောက်လှမ်းခြင်းပင်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ပါသည်။

Gavi, the Vaccine Alliance သည် မြန်မာနိုင်ငံတွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ၏ အဓိက အလှူရှင်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်နေချိန် အခြားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်ကြသော မိခင်၊ ကလေးကျန်းမာရေးနှင့် အာဟာရမြှင့်တင်ရေးလုပ်ငန်းများဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများကို ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

---

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို တို့ကမ္ဘာမြေ ရေရှည်တည်တံ့စေဖို့ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အချိန်မီထိန်းသိမ်းကြစို့ ဆောင်ပုဒ်ဖြင့် ကျင်းပမည်

**နေပြည်တော် မေ ၃၁**

၂၀၂၀ ပြည့်နှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် **Digital Campaign တစ်ရပ်အား တို့ကမ္ဘာမြေ ရေရှည်တည်တံ့စေဖို့ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အချိန်မီထိန်းသိမ်းကြစို့** ဆောင်ပုဒ်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနက ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် **FM Radio လိုင်းမှတစ်ဆင့် ပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးခြင်း၊ WED 2020 Quiz (Facebook Live) မေး/ဖြေ တိုက်ရိုက်ထုတ်လွှင့်ပြသခြင်းနှင့် ဆုချီးမြှင့်ခြင်း အစီအစဉ်တို့ကို** ကျင်းပသွားမည်ဖြစ်ပါ၍ ပါဝင်ယှဉ်ပြိုင်နိုင်ပါရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website ဖြစ်သော www.ecd.gov.mm နှင့် facebook page Environmental Conservation Department- ECD တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

Digital Campaign နှင့်အတူ အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု (National Clean and Green School Award) ချီးမြှင့်ခြင်းနှင့် အိမ်တိုင်ရာရောက် ပျိုးပင်များ ဖြန့်ဝေ၍ သစ်ပင်စိုက်ပျိုးခြင်း အစီအစဉ်တို့ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




---

**❖ ဧပြီ ၃၀ ရက်မှ**

ပြန်လည်ဝင်ရောက်လာသော နေရပ်ပြန်ရွှေ့ပြောင်းအလုပ်သမားများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင် ဦးဆောင်၍ ကော်မတီအဖွဲ့ဝင်များက ချင်းရွှေဟော်နယ်စပ်ဂိတ်ပေါက်တွင် ကိုယ်ပူချိန်တိုင်းတာခြင်း၊ ရောဂါလက္ခဏာရှိ/မရှိ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခြင်း၊ နှာခေါင်းစည်းများအခမဲ့ဖြန့်ဝေခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်များကပ်ထားခြင်း၊ လက်ကမ်းစာစောင်များအခမဲ့ဖြန့်ဝေခြင်း၊ လက်ဆေးစင်များနှင့် လက်သန့်ဆေးရည်များထားရှိပေးခြင်းများ ပြုလုပ်ပေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကာ ၎င်းတို့၏နေရပ်များသို့ ရောက်ရှိစေနိုင်ရေးအတွက် ဧပြီ ၃၀ ရက်မှစတင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များသို့ စနစ်တကျ ချိတ်ဆက်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိသည်။

ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသော နေရပ်ပြန်ရွှေ့ပြောင်းအလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်မှာ မေ ၃၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးမှ ၃၄ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၃၄၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၁၁၁ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၅၅၅ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၉၅၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၄၅၆ ဦး၊ ကချင်ပြည်နယ်မှ ၁၄၇ ဦး၊ ချင်းပြည်နယ်မှ ၃၁ ဦး၊ ကရင်ပြည်နယ်မှ နှစ်ဦး၊ ရှမ်းပြည်နယ်မှ ၂၀၂၂ ဦး၊ မွန်ပြည်နယ်မှ ခုနစ်ဦး၊ ရခိုင်ပြည်နယ်မှ ၁၃၁ ဦးနှင့် နေပြည်တော်မှ ၁၆၂ ဦးတို့ ဖြစ်ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

---

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မေ ၃၁**

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# အေဝမ်းကြည်အေးနှင့် ရုပ်ရှင်စကားဝိုင်း

## တွေ့ဆုံမေးမြန်း ဒါရိုက်တာ ကြည်စိုးထွန်း

ကျွန်တော်ဟာ ဆက်တိုက်လိုလိုပဲ အေဝမ်းရုပ်ရှင်ကုမ္ပဏီအကြောင်းကို ပြောလာခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကြီးမားတဲ့ရုပ်ရှင်ကုမ္ပဏီကြီးနှစ်ခု ရှိပါတယ်။ ဒီရုပ်ရှင်ကုမ္ပဏီကြီးနှစ်ခုရဲ့ အရိပ်အာဝါသအောက်က ဒီနေ့အထိကျွန်တော်တို့ဟာ မလွတ်နိုင်ဘူး ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကုမ္ပဏီကြီးနှစ်ခုက ပညာတွေ၊ အတွေ့အကြုံတွေ၊ ပစ္စည်းတွေကို အရင်းအနှီးပြုပြီးတော့ ရုပ်ရှင်ပညာကို တတ်မြောက်လာခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီကုမ္ပဏီကြီးနှစ်ခုကတော့ အေဝမ်းရုပ်ရှင်ကုမ္ပဏီနဲ့ ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီပဲ ဖြစ်ပါတယ်။ ဒီနေ့လှုပ်ရှားနေတဲ့ ရုပ်ရှင်လောကသားတွေကိုကြည့်ရင် ဒီကုမ္ပဏီကြီးတွေရဲ့ ဩဇာသက်ရောက်မှု မကင်းတာကိုလည်း ကျွန်တော်တို့တွေ့ရပါတယ်။ ဒါကြောင့်လည်း ကျွန်တော်ဟာ ဒီကုမ္ပဏီကြီးနှစ်ခုရဲ့ ကျေးဇူးကိုဆပ်တဲ့အနေနဲ့ ဒီကုမ္ပဏီကြီးနှစ်ခုရဲ့အကြောင်းကို ကျွန်တော်တင်ပြနေခြင်း ဖြစ်ပါတယ်။




(၂၉-၅-၂၀၂၀ ရက်နေ့မှ အဆက်)

**ကြည်စိုးထွန်း။** ။အဲဒီတော့ကျွန်တော်ပြောချင်တာကတော့ အေဝမ်းကုမ္ပဏီဟာ အင်မတန်ကျေးဇူးတင်စရာ ကောင်းတယ်။ အဲဒီတုန်းက ထင်ရှားတဲ့ ဂီတသမားကြီးတွေကိုလည်း ထိုက်ထိုက်တန်တန် နေရာပေးပြီးတော့ ဂီတကို တိုးတက်အောင်လုပ်ခဲ့တာတွေအတွက် ကျွန်တော်က မှတ်တမ်းတင်ချင်တာပေါ့။ ဦးလေးကလည်း ဂီတသမားဖြစ်တဲ့အတွက် ကျွန်တော် ဒါလေးသတိရလို့ပါ။ အဲဒီတော့ ဦးလေးက ပထမဆုံးအနေနဲ့ ချစ်မုန်းမာန် မှာတော့စခဲ့တယ်။ နောက်တစ်ခါကျတော့ ချစ်ပန်းဝေဆိုတဲ့ကားပေါ့လေ၊ မဖြစ်တော့ မဖြစ်ဘူး။ ဒါပေမဲ့ အဲဒီအထဲက ဆရာမြို့မငြိမ်းရဲ့ ကျန်ခဲ့တဲ့ ဒုတိယပိုဒ်ကို ဆရာက ဆက်ပြီးတော့။

**အေဝမ်းကြည်အေး။** ။ ကျွန်တော့်ကို ဦးတင်နွယ်က မင်းဆရာနဲ့မင်း အနီးဆုံးနေတာပဲတဲ့။ စာသားလေးတွေ သူထုတ်ပေးတယ်။ အဲဒါကို ကျွန်တော်က ရေးရတယ်။ အဲဒါက ယောက်ျားဆိုတဲ့အပုဒ် ဆရာရေးတာက တော်တော်ဆန်းတယ်။ “ချစ်သမျှကို စာတင်ကာဆို မကပါ တောင်လုံးရွှေမြင့်မိုရ်လေးဆူဒီပါ သီတာထိုထို ဆုံးတိုင်မမုန်းနိုင် ချစ်သမျှကို ပြောပြမယ် ပြောပြမယ် ခင်ပျို အာကာစာလွှာ ပမာဆို မင်ရည်လုပ်သမုဒ်ကို အဏုမြူ ချစ်စာလုံးတွေနဲ့ သီကုံးမဆုံးအောင်ပိုမို ကမ္ဘာအသင်္ချေထိုထို ချစ်သမျှကို ရှစ်ဆလောက် ရှစ်ဆလောက် မောင်က မောင်ကပို” ဒါဆရာရေးသွားတာ ဆရာ။ ဆရာမြို့မငြိမ်းက သီချင်းရေးတာ တော်တော်ဆန်းတာ။

**ကြည်စိုးထွန်း။** ။ ကောင်းတယ်။ ပေါ့ပေါ့လေး မလုပ်ဘဲနဲ့ တကယ့်ကို ရင်ထဲကခံစားပြီးတော့ အသေးစိတ်ခံစားပြီးတော့ ရေးခဲ့တာက လေထဲကဖူးစာ။ “လေထဲကဖူးစာ” သီချင်းကို ပြန်နားထောင်လိုက်မယ်ဆိုရင် ကြက်သီးတောင်ထလောက်တယ်။ သူ့ရဲ့ ရှာထားတဲ့ စကားလုံးတွေကို ကျွန်တော်လိုက်လိုက်စဉ်းစားတာ။

**အေဝမ်းကြည်အေး။** ။ “တိမ်ခြူးဇာပြောက်”

**ကြည်စိုးထွန်း။** ။ ဟာသိပ်ခက်တာပဲ။

**အေဝမ်းကြည်အေး။** ။လှတယ်နော်။

**ကြည်စိုးထွန်း။** ။သူ့သီချင်းကို၊ သူ့စကားလုံးတွေကို နားထောင်ရင်း နားထောင်ရင်းနဲ့ ကြည်ညိုလေးစားစိတ် ပေါက်လာတယ်။ လွယ်လွယ်ကူကူနဲ့ သူလုပ်ထားတာမဟုတ်ဘူးဆိုတာကို သွားတွေ့တာပါ။ ဆရာမြို့မငြိမ်းကတော့ ကျွန်တော်တို့ ချီးကျူးစရာကောင်းတဲ့ပုဂ္ဂိုလ်၊ ဂုဏ်ပြုစရာကောင်းတဲ့ ပုဂ္ဂိုလ်ထဲမှာတော့ တကယ့်ဂုဏ်ယူစရာကောင်းတဲ့ ပုဂ္ဂိုလ်ပါပဲ။ ကဲ ဦးလေး အကြောင်းလေး ဆက်ကြဦးစို့။ အဲဒီတော့ သီချင်းလည်း ရေးခဲ့ပြီးပြီ။ အတီးလည်း တီးခဲ့ပြီးပြီ။ သရုပ်ဆောင်အနေနဲ့ ဘယ်ကားက စတာပါလဲ။

**အေဝမ်းကြည်အေး။** ။သရုပ်ဆောင်၊ ကျွန်တော့်ကို သရုပ်ဆောင်ခိုင်းတာ ချစ်သက်ဝေနဲ့ ရတနာပုံ ဒီနှစ်ကား။ ဆရာဦးတင်မောင်က ဘာကြောင့်ဆရာက ဒီလိုလုပ်လဲဆိုတော့ ဆရာက အဲဒီတုန်းက အသက် ၅၀ ရှိနေပြီ။ ကျွန်တော်တို့က ၁၈၊ ၁၉ လောက်ပဲ ရှိသေးတာ။ သူကလူငယ်နဲ့တွဲမှ သူလည်းငယ်သွားမှာပေါ့။ နောက်မှပြောပြတယ် သူ့အိုင်ဒီယာကို။

**ကြည်စိုးထွန်း။** ။ဒါပေမဲ့ ဦးလေးတို့က မကြောက်ဘူးလား သူ့ကို။

**အေဝမ်းကြည်အေး။** ။ကျွန်တော့်ဆရာတွေကောင်းတာက သူဌေးသားတွေလို မနေဘူးဗျ။

**ကြည်စိုးထွန်း။** ။ ကောင်းလိုက်တာ၊ ဝမ်းသာလိုက်တာ။

**အေဝမ်းကြည်အေး။** ။သူတို့ အဆင့်အတန်းမခွဲဘူး၊ ကျွန်တော်တို့ ထမင်းစားဝိုင်းထဲလည်း လာထိုင်စားလိုက်တာပဲ။

**ကြည်စိုးထွန်း။** ။မာနမရှိဘူး။

**အေဝမ်းကြည်အေး။** ။မရှိဘူး ဘာမှမရှိဘူး။

**ကြည်စိုးထွန်း။** ။တော်လိုက်တာ။

**အေဝမ်းကြည်အေး။** ။နောက် ဦးတင်နွယ်ကြီးလည်း ဒီလိုပဲ။ သူ့ဟာနဲ့သူ စတိုင်နဲ့နေတာတော့ ဦးညီပု၊ သူကတော့ ဘယ်သူနဲ့မှလည်း မစပ်ယှက်ဘူး။ သူ့ ဂျပန်မကြီးလုပ်ပေးတဲ့ဟာပဲ သူစားတယ်။

**ကြည်စိုးထွန်း။** ။ ဟား ဟား ဟား အဲဒီတော့။

**အေဝမ်းကြည်အေး။** ။ အဲဒီတော့ ခုနက ချစ်သက်ဝေရယ်၊ ရတနာပုံရယ် ကျွန်တော် ဦးလေးတင်နဲ့ ရိုက်ရတယ်။ နောက်ပြီးတော့ တချို့ကားတွေကျတော့ ကျွန်တော်အတီးပဲတီးတယ်။ သီချင်းတွေရေးလာပြီ၊ ကျွန်တော်က နောက်စန္ဒရားတီးလာပြီ။

**ကြည်စိုးထွန်း။** ။ အဲဒီထဲမှာ ကျွန်တော်က နည်းနည်းလေး ထုတ်ပြချင်တာက အေဝမ်းဦးတင်မောင်နဲ့ တွဲဖက်ပြီးတော့ ရိုက်ခဲ့ရတာပေါ့နော်။ အဲဒီထဲမှာဦးတင်မောင်ကလည်းဆေးကျောင်းသား ဦးလေးနဲ့အေဝမ်းအောင်သန်းကလည်း ဆေးကျောင်းသား။ သူကတော့ နည်းနည်းကြီးတယ်ပေါ့လေ။ ကြီးတယ်ဆိုပေမယ့် ဆေးကျောင်းသားတွေ ပြောကြ၊ ဆိုကြ၊ လှုပ်ရှားကြတဲ့ အပိုင်းလေးကိုပေါ့။ ဦးလေးရဲ့ ငယ်ရုပ်လေးကိုလည်း ဒီက ရုပ်မြင်သံကြားပရိသတ်တွေ မြင်ရအောင် ကျွန်တော် အဲဒါလေး နည်းနည်းလောက် ထုတ်ပြချင်တယ်။

**အေဝမ်းကြည်အေး။** ။ရှိရဲ့လား။

**ကြည်စိုးထွန်း။** ။ရှိတာပေါ့၊ ကျွန်တော်ပြမှာပေါ့။ ဦးလေးလည်း အဲဒါလေးကို ကြည့်ပြီးတော့ ဟာ ငယ်ငယ်တုန်းက တယ်ချောပါလားဆိုတာ မြင်ရအောင် ကဲကြည့်လိုက်ကြဦးစို့နော်။

(.....)

**ကြည်စိုးထွန်း။** ။အဲဒါကတော့ဦးလေး ငယ်ငယ်တုန်းက ချောမောလှပကြောင်းကို ရုပ်မြင်သံကြားပရိသတ်ကို ကျွန်တော်တင်ပြလိုက်တာပါ။

**အေဝမ်းကြည်အေး။** ။ကျေးဇူးပါပဲ။

**ကြည်စိုးထွန်း။** ။ဟားဟားဟားဟား။ အဲဒီတော့ ချစ်သက်ဝေမှာ ဦးလေးတို့ပါတယ်။ တစ်ခါဆက်ပြီးတော့ သီချင်းတွေရေးလာပြီ။ ရေးလာတာကနေနောက် ဒါရိုက်တာ ဘယ်လိုဖြစ်သွားလဲ ဦးလေး။

**အေဝမ်းကြည်အေး။** ။ တီးဝိုင်းခေါင်းဆောင်ဖြစ်သွားတယ်။

**ကြည်စိုးထွန်း။** ။ ဩော် ဟုတ်ကဲ့၊ အဲဒီတုန်းက အေဝမ်းခင်မောင်က ခေါင်းဆောင်မဟုတ်သေးဘူးလား။

**အေဝမ်းကြည်အေး။** ။ ခေါင်းဆောင်ပေါ့။ သူခေါင်းဆောင်။ သူက စန္ဒရားကို အဖွင့်တောင်မခံဘူး။

**ကြည်စိုးထွန်း။** ။ဩော် ရေးတုန်းကတော့ ဒီလိုပါပဲ။

စာမျက်နှာ ၉ သို့ ❖


ဦးထွန်းမြိုင်


ဦးသာဂေါင်ကြီး


မြင့်အောင်


မေနန်းနွယ်


မေနု

❖ စာမျက်နှာ ၈ မှ

**အေဝမ်းကြည်အေး။** ။ မကိုင်ရဘူး။ အဲဒီတော့ အေဝမ်းတင်တင်လှနဲ့ မောင်သိန်းဝင်း မောင်နှမ ရှိတယ်မလား။ အဲဒီမှာ အေဝမ်းကားအစိမ်းကြီး သူတို့အဖေက မောင်းတာ။ ကျွန်တော်က နံနက်ကို ၇ နာရီလောက် ထသွားရတယ်။ ၇ နာရီလောက်ထသွားပြီး သူ့ကို လက်ဖက်ရည်တိုက်၊ အကြော်တွေကျွေး ကျွေးပြီးတော့ ဂိုဒေါင်ဖွင့်ခိုင်းရတယ်။ အဲဒီမှာ ခိုးကျင့်ရတာ။

**ကြည်စိုးထွန်း။** ။ဩော် ဟား ဟား ဟား။

**အေဝမ်းကြည်အေး။** ။ နောက်တော့မှ ဆရာရွှေပြည်အေးဆီ ကျွန်တော် ရောက်သွားတာ။ ဆရာရွှေပြည်အေးက လက်ကျကို သေချာသင်ပေးတာ ကျွန်တော့်ကို။

**ကြည်စိုးထွန်း။** ။ ကောင်းပါတယ် ဦးလေးရယ်။ အဲဒီက နေပြီးတော့ နောက်တော့ ဒါရိုက်တာကျတော့ ဘယ်လိုဖြစ်လာလဲ။

**အေဝမ်းကြည်အေး။** ။ ဒါရိုက်တာက ကျွန်တော် ဇာတ်လေးတစ်ဇာတ်ရေးတယ်။ ရာ့ဂျ်ကပူး ကုလားဇာတ်၊ အဲဒါကိုရေးတော့ စက္ကူပုန်းလေးပေါ့လေ။ အဲဒီဟာကို ကျွန်တော်က ချစ်စေတနာဆိုပြီးတော့ ဇာတ်ညွှန်းတင်လိုက်တော့ အေဝမ်း ဘုတ်အဖွဲ့ကနေ မင်းကားရိုက်တော့

**ကြည်စိုးထွန်း။** ။ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့၊ အခုဦးလေးနဲ့ ကျွန်တော်နဲ့ ပြောလာလိုက်တာ ဖြူးမှာ ဦးလေး ဂီတလိုက်စားခဲ့တဲ့ အကြောင်းတွေ၊ နောက်တစ်ခါကျ ကိုကျော်ရွှေကျေးဇူးကြောင့် ဖြိတိသျှဘားမားကနေပြီးတော့ အေဝမ်းရောက်ခဲ့တဲ့အကြောင်းတွေ အေဝမ်းကလည်း ကိုယ့်ကိုညီလေးလို၊ တပည့်လို၊ သူငယ်ချင်းလို ဦးတင်မောင်ရဲ့ စောင့်ရှောက်မှုနဲ့ အေဝမ်းကုမ္ပဏီကပဲ 'ချစ်စေတနာ' ဆိုတဲ့ကား စရိုက်တဲ့နေရာ ရောက်ပါပြီ။

**အေဝမ်းကြည်အေး။** ။ ကျွန်တော် ပထမဆုံးရိုက်တဲ့ ကားက အေဝမ်းကုမ္ပဏီက 'ချစ်စေတနာ'။

**ကြည်စိုးထွန်း။** ။ဟုတ်ကဲ့။ယုံယုံကြည်ကြည်နဲ့ကို ရိုက်ခိုင်းတော့တာနော် အေဝမ်းက။

**အေဝမ်းကြည်အေး။** ။ ကျွန်တော့်ကို ဇာတ်ညွှန်းတင်လို့ ပြောလိုက်တော့ ကျွန်တော် ဇာတ်ညွှန်းတင်တယ်။ ဘုတ်အဖွဲ့ကနေ နောက်ဆုံး ကျွန်တော့်ကို အမှတ်အပြည့်ပေးပြီးတော့ ရိုက်ဆိုပြီး ခွင့်ပေးလိုက်တယ်။

**ကြည်စိုးထွန်း။** ။ ဘုတ်အဖွဲ့မှာတော့ ဦးဘညွန့် ပါမယ်၊ ဦးတင်နွယ်ပါမယ် ဟုတ်လား။

**အေဝမ်းကြည်အေး။** ။အဲဒီကျတော့ ဦးဘညွန့် မရှိတော့ဘူး။ ဂေါင်ကြီး၊ ဦးချစ်ဖွယ်၊ ကိုချစ် အဲဒါတွေက ဘုတ်အဖွဲ့ပါ။

**ကြည်စိုးထွန်း။** ။ ဦးလေး အဲဒီမှာ ကျွန်တော် သတိရလို့ပေါ့လေ ဦးချစ်ဖွယ်။ ဦးချစ်ဖွယ်ကို ကျွန်တော်တို့က ရုပ်ရှင်အနေနဲ့ ဘယ်မှာမြင်ရလဲဆိုတော့ ခုနတုန်းကပြောတဲ့ ချစ်သက်ဝေထဲမှာ ပိုးကုန်သည်လားမသိဘူး။

**အေဝမ်းကြည်အေး။** ။ စက်ဆရာ၊ စက်ဆရာ စစ်ကိုင်းဈေးကို ခြံထဲတင် ညာရိုက်တာ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အဲဒီတုန်းက ကြည်ကြည်ငွေးရယ်၊ သူရယ်၊ သာဂေါင်ကြီးရယ်၊ ဦးတင်မောင်ရယ် ထင်တယ်နော်။ အဲဒီမှာ ကျွန်တော်တို့ ဦးချစ်ဖွယ်ကို တွေ့ဖူးတာပေါ့နော်။

**အေဝမ်းကြည်အေး။** ။ ကျွန်တော် ချစ်စေတနာကား စရိုက်တယ်။ 'ချစ်စေတနာ'က မြင့်အောင်၊ မေလွင် နောက်ပြီးတော့ မန်းလှဖေ၊ နောက်ပြီးတော့ မေနန်းနွယ်၊ အဲဒီမှာ ရုပ်ရှင်ထဲ စသွင်းတာ။

**ကြည်စိုးထွန်း။** ။ ဩော် မေနန်းနွယ်က ဘယ်ဇာတိလဲဦးလေး။ ရှမ်းပြည်ကလား။

**အေဝမ်းကြည်အေး။** ။တောင်ကြီးက၊ ဦးတင်မောင်ဆီ တောင်ကြီး ဦးသန်းက ပို့လိုက်တာ မင်းသမီးလုပ်ဖို့ဆိုပြီး။

**ကြည်စိုးထွန်း။** ။ သူကလည်း ဒေါင်



ဦးသိန်းဝင်း၊ အေဝမ်းတင်တင်လှတို့ မောင်နှမ နှစ်ဦး။

ဟိုဘက်ကျွန်တော်တို့ ဟဲဟိုးကနေ သွားရတာပေါ့။ ဟဲဟိုးကနေပြီးတော့ မိုင် ၂၀ လောက် ဝင်ရတယ်ထင်တယ်။

**အေဝမ်းကြည်အေး။** ။ အထဲကို ပြန်ဝင်ရတင် ထရော်လီလိုဟာလေးနဲ့၊ ခဲမဖြူကျောက် အဲဒါတွေကြို။

**ကြည်စိုးထွန်း။** ။ အဲဒီမှာ သွားရိုက်တာ။













ဆိုပြီး ကျွန်တော့်ကို စာမေးပွဲအအောင်ပေးလိုက်တာပေါ့။

**ကြည်စိုးထွန်း။** ။ ဦးလေး အိန္ဒိယဇာတ်လမ်းကို အမှီကားလေးတွေ ရိုက်ရတာကိုး။ အိန္ဒိယကား မှီးချင်မှီးမယ်။ နောက် ဟောလီးဝုဒ်ကား၊ အမေရိကန်ကား စသည် အားဖြင့်ပေါ့ အနောက်နိုင်ငံကားတွေကို မှီးပြီးတော့ Toy Wife တို့လိုဟာမျိုးပေါ့နော်။ ဆရာ့ရဲ့ဆရာ ဦးတင်မောင်တို့ဆိုရင်လည်း Toy Wife ကို ချစ်အမှူဆိုပြီးတော့ ရိုက်ခဲ့ကြသလိုပေါ့။

**ကြည်စိုးထွန်း။** ။ ဦးလေးတို့ ဆိုရင်လည်း အိန္ဒိယကား နာမည်လေးက။

**အေဝမ်းကြည်အေး။** ။ ရာ့ဂျ်ကပူးရဲ့ ဘားဆတ်။

**ကြည်စိုးထွန်း။** ။ ရာ့ဂျ်ကပူး၊ မင်းသားတွေ ဘာတွေ မှတ်မိသေးလား။

**အေဝမ်းကြည်အေး။** ။ ရာ့ဂျ်ကပူး၊ နာဂစ်၊ နင်မီး။

**ကြည်စိုးထွန်း။** ။ ဟုတ်လား။ ဩော် ဦးဘညွန့် ဆုံးသွားပြီနော်။

**အေဝမ်းကြည်အေး။** ။ဦးဘညွန့် ဆုံးသွားပြီ။

**ကြည်စိုးထွန်း။** ။ဦးလေးစရောက်တုန်းကတော့ ရှိတာပေါ့။

**အေဝမ်းကြည်အေး။** ။ ရှိတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**အေဝမ်းကြည်အေး။** ။ ဦးတင်နွယ် နောက်ပြီးတော့ ကိုချစ်မောင်ကြီးတို့အဖေ ဦးထွန်းမြိုင်။

**ကြည်စိုးထွန်း။** ။ ဩော် မန်နေဂျာ တကယ့် နာမည်ကြီးနော်။

**အေဝမ်းကြည်အေး။** ။ နာမည်ကြီး၊ နာမည်ကြီးနောက် ဦးတင်မောင်၊ နောက်ပြီးတော့ ဦးမောင်မောင်စိုး။

**ကြည်စိုးထွန်း။** ။ ဦးညီပုရော။

**အေဝမ်းကြည်အေး။** ။ ဦးညီပုပါတယ်။ သူတို့ဘုတ်အဖွဲ့က အဲဒီလူတွေနဲ့ ကင်မရာမန်းသုံးယောက် ဦးသာကောင်းကောင်းနော်။

**အေဝမ်းကြည်အေး။** ။ ရုပ်လည်း ချောပါတယ်။ ကျွန်တော်တို့ အဲဒီကားက စရိုက်တာ၊ မန်းလှဖေကြီးပါတယ်။ မေနုပါတယ်။

**ကြည်စိုးထွန်း။** ။ ဩော် မေနုလည်း ပါသေးတယ်။

**အေဝမ်းကြည်အေး။** ။နောက်ပြီးတော့ ဒေါ်မြလေး ပါတယ်။ ဦးထွန်းတင်ကြီးပါတယ်။

**အေဝမ်းကြည်အေး။** ။ကလေး ဇာတ်လိုက်၊ ကလေးတွေက ဝင်းမာ ဒေါက်တာဝင်းမာ။ ဝင်းမာနဲ့ ဦးတင်မောင်သမီး၊ စာဥအစ်မ။ ဦးတင်မောင်သမီးကို ဂွက်ဂွက်ဆိုတာ သူက ယောက်ျားလေး။

**ကြည်စိုးထွန်း။** ။ ဝင်းမာလေးက နည်းနည်းကြီးသွားပြီနော်။

**အေဝမ်းကြည်အေး။** ။ ရိုက်တာကတော့ ဘော်ဆိုင်း သွားရိုက်တာ။

**ကြည်စိုးထွန်း။** ။ ဘော်ဆိုင်းဆိုတာ သေးတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်တယ် ဦးလေး၊ လမ်းဆိုးတယ်။

**အေဝမ်းကြည်အေး။** ။ ဒါပေမဲ့ အဲဒီကကျောက်တွေနဲ့တိုက်က နှစ်ထပ်အကြီးကြီးဆောက်ထားတာ ဦးဆင်ဟံတဲ့၊ ဦးတင်မောင်သူငယ်ချင်း၊ သူက အကုန်တာဝန်ယူပြီးတော့ အဲဒီမှာ ကျွန်တော်တို့ကို ဧည့်ခံတယ်။

**ကြည်စိုးထွန်း။** ။ ဩော် စပ်မိလို့ ပြောရဦးမယ် ဦးလေး။ ကျွန်တော်တို့က ဘူမိဗေဒနဲ့ကျောင်းပြီးတာကိုး။ အဲဒီတော့ ဘူမိဗေဒကွင်းဆင်းတဲ့အခါကျ အဲဒီဦးဆင်ဟံ တိုက်ကြီးကို ရောက်ဖူးတယ်။ ကျွန်တော်တို့ကတော့ အဲဒီဟာကြီးကို သူတို့အရပ်ဒေသအခေါ်အရတော့ ဟော်လို့ခေါ်တယ်တဲ့။ သူကလည်း စော်ဘွားလိုကို ချမ်းသာတယ် ထင်ပါတယ်။ အဲဒါ ဦးတင်မောင်ရဲ့။

**အေဝမ်းကြည်အေး။** ။သူငယ်ချင်း၊ ခဲမဖြူမိုင်း၊ ဟိုးမြေအောက်ကို ပေ ၂၀၀ လောက် ဆင်းရတယ်။ အဲဒီမှာ တူးစက်နဲ့

**အေဝမ်းကြည်အေး။** ။ခဲမဖြူမိုင်းရဲ့အထက်မှာလည်း လက်ဖက်ခင်းတွေက အများကြီးပဲ။

**ကြည်စိုးထွန်း။** ။ သူက ပင်းတယနဲ့လည်း နီးတယ် ဦးလေးရဲ့။ ပင်းတယနဲ့ ခြောက်မိုင်ပဲ ရှိတယ်ထင်တယ်။

**အေဝမ်းကြည်အေး။** ။ ဟုတ်ကဲ့အောင်ပန်းလည်း နီးတယ်။

**ကြည်စိုးထွန်း။** ။ ဩော် အဲဒီကို သွားရိုက်တာ။

**အေဝမ်းကြည်အေး။** ။ အဲဒီမှာ သွားရိုက်တာ။


**ကြည်စိုးထွန်း။** ။ ပထမဆုံး ကားပေါ့နော်။

**အေဝမ်းကြည်အေး။** ။ အဲဒီတော့ ကျွန်တော်တို့မြန်မာပြည်မှာ ကိုကျော်ရွှေ အောက်ဒိုး အရိုက်ကောင်းတာ။ နောက်တစ်ခါ ဦးသုခ။

**ကြည်စိုးထွန်း။** ။ ဘဝသံသရာ။

(ဆက်လက်ဖော်ပြပါမည်)

# ပလက်ဝမြို့အနီး နေရာယူ၍ နယ်မြေလုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည့် AA အကြမ်းဖက်သောင်းကျန်းသူများ၏ အခိုင်အမာခြေကုပ်စခန်းသုံးခုနှင့် ကာကင်းစခန်းများအား သိမ်းပိုက်ရရှိ





**နေပြည်တော် မေ ၃၁**

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် ပလက်ဝနယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ချင်းပြည်နယ် ပလက်ဝမြို့၏ အနောက်တောင်ဘက် မီတာ ၂၅၀၀ ခန့်အကွာရှိ ပလက်ဝမြို့အား စိုးမိုးထားသည့် ပွိုင့်-၆၀၂၊ ပွိုင့်-၅၆၅ နှင့် ပွိုင့်-၅၄၀ နေရာများ၌ အခိုင်အမာနေရာယူ၍ ပလက်ဝဒေသ နယ်မြေလုံခြုံရေး၊ ကုလားတန်မြစ်ကြောင်းတစ်လျှောက် လမ်းကြောင်းလုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံရေးများအပါအဝင် ကုလားတန်မြစ်ကူးတံတားနှင့် လမ်းဖောက်လုပ်ရေးစီမံကိန်းတို့အား နှောင့်ယှက်ခြိမ်းခြောက်ခဲ့သည့် AA အကြမ်းဖက်သောင်းကျန်းသူများ၏ အခိုင်အမာခြေကုပ်စခန်း သုံးခုနှင့် ကာကင်းစခန်းများကို ယနေ့နံနက် ၈ နာရီခန့်တွင် အပြီးတိုင်သိမ်းပိုက်ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မတ်လမှစတင်၍ ပလက်ဝမြို့ကို ဖြတ်တောက် ပိတ်ဆို့ရန် ကျောက်တော်-ပလက်ဝလမ်းကြောင်း၊ မတူပီ-ဆမီး-ပလက်ဝ လမ်းကြောင်းများကို ဖြတ်တောက်ပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့အား အကျပ်အတည်းဖြစ်စေရေး အများပြည်သူ အသုံးပြုသွားလာလျက်ရှိသည့် စစ်တွေ-ရန်ကုန် ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ မင်းပြား၊ ရာမောင်တံတားအနီးတစ်ဝိုက်ရှိ ပွိုင့်-၁၁၄ တောင်ကုန်းတွင်နေရာယူကာ လမ်းပန်းဆက်သွယ်မှုအား ပြတ်တောက်စေရန် နှောင့်ယှက်တိုက်ခိုက်မှုများစသည့် အကြမ်းဖက်လုပ်ရပ်များအား ဆက်လက်ဆောင်ရွက်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့နေရာယူထားသည့် ပွိုင့်-၁၁၄ တောင်ကုန်းအနီးရှိ ၎င်းတို့အခိုင်အမာနေရာယူထားသည့် နေရာ ငါးနေရာကို မေ ၈ ရက်တွင် အဆင့်ဆင့် တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့ကြောင်း။

ထို့ပြင် AA အကြမ်းဖက်သောင်းကျန်းသူများသည် ပလက်ဝမြို့အနီးရှိ စိုးမိုးတောင်ကုန်းများဖြစ်သည့် ပွိုင့်-၆၀၂၊ ပွိုင့်-၅၆၅ နှင့် ပွိုင့်-၅၄၀ တောင်ကုန်းနေရာများ၌ အခိုင်အမာနေရာယူ၍ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝှေ့တင်းအား ဖမ်းဆီးခေါ်ဆောင်ခဲ့သည့်ဖြစ်စဉ်၊ ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်တွင် ပလက်ဝ - ဇိုရမ်ပူကားလမ်း ဖောက်လုပ်နေသည့် C&C ကုမ္ပဏီမှ အိန္ဒိယနိုင်ငံသား ရှစ်ဦး၊ စကားပြန် နှစ်ဦးနှင့် လုပ်သား ငါးဦးတို့အား အကြောင်းမဲ့ဝင်ရောက် ဖမ်းဆီးခေါ်ဆောင်ခဲ့သည့်ဖြစ်စဉ်၊ ဧပြီ ၂၂ ရက်တွင် ပလက်ဝမြို့အတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့နှောင့်ယှက်ပစ်ခတ်မှုကြောင့် မြို့တွင်းရှိ မြန်မာ့စီးပွားရေးဘဏ်အနီး ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဘဏ်ဝန်ထမ်းများနှင့် မိသားစုဝင်များ သေဆုံး၊ ဒဏ်ရာရရှိမှုဖြစ်စဉ်နှင့် ဧပြီ ၁၂ ရက်တွင် အရပ်သားများအသွင် အယောင်ဆောင်၍ ပလက်ဝမြို့အတွင်း ဝင်ရောက်ကာ မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌဖြစ်သူ ဦးမြင့်မောင် (ဘ)ဦးတင်မြင့်အား အတင်းအဓမ္မ ခြိမ်းခြောက်ဖမ်းဆီးခေါ်ဆောင်သွားသည့် ဖြစ်စဉ်အပါအဝင် ပလက်ဝဒေသနယ်မြေလုံခြုံရေး၊ လမ်းကြောင်းလုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိပြီး ချင်းပြည်နယ်အစိုးရနှင့် အလှူရှင်များက ပလက်ဝဒေသခံများအတွက် ပေးပို့လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများနှင့် WFP မှ လှူဒါန်းသည့် ထောက်ပံ့ရေး ရိက္ခာပစ္စည်းများကိုလည်း နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်ရယူသုံးစွဲနေကြောင်း သတင်းဖော်ထုတ်ရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၂၄ ရက်မှ စတင်၍ ပလက်ဝမြို့ဝန်းကျင်နယ်မြေ စိုးမိုးရေးလုပ်ငန်းများကို အသေးစိတ်ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ဆောင်ရွက်ခဲ့ရာ မေ ၂၄ ရက်တွင် ပွိုင့်-၅၄၀ တောင်ကုန်းအား စတင်တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့ပြီး အဆင့်ဆင့်ခြေကုပ်ယူတိုက်ခိုက်ခဲ့ရာ မေ ၂၅ ရက်တွင် ၎င်းစခန်း၏ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်ရှိ ကာကင်းစခန်း နှစ်ခုအားလည်းကောင်း၊ မေ ၃၀ ရက်တွင်ပွိုင့်-၆၀၂ ၏ရှေ့ကာကင်းစခန်းအားလည်းကောင်း အသီးသီးသိမ်းပိုက်ရရှိခဲ့ကာ တပ်မတော်စစ်ကြောင်းများအနေဖြင့် ပွိုင့်-၅၆၅၊ ပွိုင့်-၆၀၂ နှင့် ၎င်းတောင်ကုန်း နှစ်ခုကို အထောက်အကူပြုထားသည့် ကြားကာကင်းကုန်းတို့အား ရင်ဆိုင်ထိန်းချုပ်ထားရှိခဲ့ပြီး ဆက်လက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မဆုတ်မနစ် သက်စွန့်ကြိုးပမ်းရှုပ်ရှုပ်ချုံချုံ ဆောင်ရွက်မှုများကြောင့် ပွိုင့်-၆၀၂၊ ပွိုင့်-၅၆၅ နှင့် ပွိုင့်-၅၄၀ အခိုင်အမာနေရာများနှင့် ကာကင်းစခန်း လေးခုတို့အား ယနေ့ နံနက်ပိုင်းတွင် အပြီးတိုင် တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့ကြောင်း။

ဖြစ်စဉ်များတွင် AA အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း၊ လက်နက်ကြီးများအပါအဝင် လက်နက်မျိုးစုံ၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် နယ်မြေဒေသလုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်နိုင်ရန် ပြည်သူသို့ အသိပေးနှိုးဆော်ခြင်း

**နေပြည်တော် မေ ၃၁**

မြန်မာနိုင်ငံသည် အဓိကပြတ်ရွေ့ကြောကြီးတစ်ခုဖြစ်သော စစ်ကိုင်းပြတ်ရွေ့နှင့် အခြားသော ငလျင်ပြတ်ရွေ့ကြောငယ်များ တည်ရှိနေသည့်အတွက် ငလျင်ဘေးအန္တရာယ်ကြီးမားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

ငလျင်ဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းနိုင်မှုမရှိသေးဘဲ နေ့၊ ည အချိန်မရွေးလှုပ်ခတ်နိုင်ပြီး အဖျက်စွမ်းအားကြီးမားသည့် ဘေးအန္တရာယ်တစ်ခုဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ငလျင်၏သဘောသဘာဝများ၊ ငလျင်ကြောင့် အသက်အန္တရာယ်ကင်းရှင်းရေးအတွက် နေထိုင်ပြုမူရမည့် အသိပညာ၊ ဗဟုသုတများကို လေ့လာသိရှိထားရန်နှင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကြံပြုအပ်ပါသည်-

❐ **ငလျင်မလှုပ်မီသိရှိဆောင်ရွက်ထားရန်အချက်များ**

➢ အခန်းတိုင်းတွင် လုံခြုံသောနေရာကို သိရှိထားရမည်။ ခိုင်ခံ့သောစားပွဲခုံအောက်၊ ခုတင်အောက်၊ အခန်း၏ထောင့် နေရာများ၊ အတွင်းနံရံ (သို့မဟုတ်) တိုင်နှင့်ကပ်လျက်နေရာ၊ တံခါးပေါင်အောက် စသည်ဖြင့် ကြိုတင်လေ့လာ ရွေးချယ်ထားသင့်ပြီး အဆိုပါလုံခြုံမှုရှိနိုင်သောနေရာများသို့ ဝင်ရန်၊ အကာအကွယ်ယူရန်လေ့ကျင့်ထားပါ။

➢ အဆောက်အအုံများအတွင်း ပြတင်းပေါက်များ၊ မှန်များ၊ တွဲလောင်းချိတ်ထားသောပစ္စည်းများ၊ မြင့်သော/ယိုင်လဲနိုင်သော ပရိဘောဂများ၊ ပစ္စည်းများစွာတင်ထားသောစင်များ စသည့်အန္တရာယ်ရှိနိုင်သော နေရာများကို သိရှိထားပါ။

➢ အဆောက်အအုံအတွင်းမှ ထွက်ပြေးရန်လမ်းကြောင်းများ၊ အရန်လမ်းကြောင်းများ၊ အရေးပေါ်ထွက်ပေါက်များကို ကြိုတင်လေ့လာသိရှိထားပါ။

➢ လျှပ်စစ်မိန်းခလုတ်ချခြင်း၊ ဓာတ်ငွေ့အိုးများ/ပိုက်များ ပိတ်ခြင်းတို့ကို စမ်းသပ်လေ့ကျင့်ထားပါ။

➢ လေးလံသည့် ဗီရိုကြီးများ၊ အခြားပရိဘောဂများကို ယိုင်လဲပြီး ထိခိုက်မှုမဖြစ်စေရန် နံရံများနှင့်တွဲကပ်ထားပါ။ ကြီးမားလေးလံသည့်ပစ္စည်းများ၊ ကွဲတတ်သောပစ္စည်းများကို အနိမ့်ပိုင်းတွင်ထားရှိခြင်းဖြင့် ပြုတ်ကျခြင်း၊ ထိခိုက်နိုင်ခြင်းတို့မှကာကွယ်ပါ။ ပန်းချီကားကြီးများ၊ ကြည့်မှန်ကြီးများစသည့် လေးလံသည့်ပစ္စည်းများကို အိပ်ရာ၊ ခုံတန်းရှည်စသည့် လူနေထိုင်လဲလျောင်းရာနေရာတို့နှင့် ဝေးရာတွင် ချိတ်ပါ။

➢ အရေးကြီးစာရွက်စာတမ်းများ၊ အရေးပေါ်အစားအစာ၊ သောက်ရေ၊ ဓာတ်မီး၊ ဓာတ်ခဲ၊ ရေဒီယို၊ ရှေးဦးသူနာပြုပစ္စည်းများ၊ ဆေးဝါး စသည့်အရေးပေါ်သုံးပစ္စည်းများ ကြိုတင်စုစည်း၍ အဆင်သင့်ထားရှိပါ။

❐ **ငလျင်လှုပ်နေစဉ်ဆောင်ရွက်ရန်အချက်များ**

➢ ကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ပါနှင့်၊ သတိရှိပါ၊ တည်ငြိမ်မှုရှိပါ။

➢ အဆောက်အအုံထဲတွင်ရှိနေပါက အထဲတွင်သာနေပါ။ အပြင်တွင်ရောက်ရှိနေပါက အပြင်တွင်သာ ဆက်၍နေပါ။ ထိခိုက်မှုအများစုသည် ငလျင်လှုပ်စဉ် အဆောက်အအုံအတွင်းမှထွက်ပြေးခြင်း၊ အတွင်းသို့ပြေးဝင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

➢ ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့်အန္တရာယ်မှ ကာကွယ်ရန် ထိုင်ချပါ။ ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်အမာဆုံးနေရာကို မြဲမြံစွာကိုင်ထားပါ။

➢ မီးဖိုအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးခလုတ်များပိတ်ပါ။ မီးတောက်ကိုငြိမ်းပါ။

➢ အဆောက်အအုံမှ ထွက်ခွာရမည်ဆိုပါက စနစ်တကျထွက်ခွာပါ။ အလောတကြီး ပြေးထွက်ခြင်းသည် ပို၍ အန္တရာယ်များနိုင်သည်။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။ ရိုးရိုးလှေကားမှဆင်းပါ။ အထပ်မြင့်အဆောက်အအုံများမှ ခုန်မချပါနှင့်။

➢ အဆောက်အအုံပြင်ပတွင် ဖြစ်နေပါက အဆောက်အအုံများ၊ သစ်ပင်များ၊ ဆိုင်ဘုတ်များ၊ ဓာတ်ကြိုးများ၊ ဓာတ်တိုင်များ၊ တံတားများ၊ တောင်စောင်းများ၊ မြစ်ကမ်းများအနီးမှ ရှောင်ရှားနေထိုင်နေပါ။ ကွင်းပြင်များတွင် နေပါ။

➢ ဆိုင်ကယ်၊ ကားမောင်းနေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

➢ ပင်လယ်ကမ်းစပ်များတွင် နေထိုင်သူများအနေဖြင့် ဆူနာမီအန္တရာယ်ကို သတိပြုပါ။

❐ **ငလျင်လှုပ်ပြီးနောက် ဆောင်ရွက်ရန်အချက်များ**

➢ မိမိတို့နေထိုင်ရာ အိုးအိမ်၊ အဆောက်အအုံများတွင် အက်ကွဲကြောင်းများ ဖြစ်ပေါ်ခြင်း ရှိ/မရှိ၊ ယိုင်နဲ့ခြင်းရှိ/မရှိ စစ်ဆေးပါ။ ထိုသို့ဖြစ်ပေါ်နေပါက ထိုနေရာများမှ ခေတ္တရှောင်ရှားနေထိုင်ပါ။

➢ လျှပ်စစ်မီးကြိုးများကို စစ်ဆေးပါ။ ပြုတ်ကျ/ပြတ်ကျနေသော လျှပ်စစ်မီးကြိုးများကို မကိုင်ပါနှင့်၊ သက်ဆိုင်ရာသို့ သတင်းပို့ပါ။

➢ ငလျင်ကြီးလှုပ်ပြီးနောက် ငလျင်လတ်နှင့် ငလျင်ငယ်များသည် နာရီပိုင်း၊ ရက်ပိုင်း၊ သီတင်းပတ်ပိုင်းမှသည် လပိုင်းအထိဆက်လက်ဖြစ်ပွားနိုင်ပြီး ကွဲအက်ချည့်နဲ့သွားသော တိုက်တာအဆောက်အအုံများ၊ လမ်း၊ တံတားများသည် နောက်ဆက်တွဲမြေငလျင်များကြောင့် ထပ်မံပျက်စီး၊ ပြိုကျတတ်ကြောင်း သတိပြုပါ။

➢ မီးလောင်ခြင်း၊ ရေကာတာကြီးများ ကျိုးပျက်၍ရေလွှမ်းခြင်း၊ တောင်ပြို၊ မြေပြိုခြင်း၊ ဆူနာမီရေလှိုင်းများ ရိုက်ခတ်ခြင်းများ စသည့် နောက်ဆက်တွဲအန္တရာယ်များကို သတိပြုပါ။

ပြည်သူလူထုအနေဖြင့် ကြိုတင်မသိရှိနိုင်ဘဲ အချိန်မရွေးလှုပ်ခတ်နိုင်သည့် ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ အချိန်တိုင်းတွင် ဂရုပြုနေထိုင်ကြပါရန်၊ ပြည်သူအထိတ်တလန့်ဖြစ်စေမည့် ကောလာဟလသတင်းများကို ဖြန့်ဝေခြင်းမပြုကြပါရန်၊ မယုံကြည်ပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်သတင်းရယူ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဂျပန်နိုင်ငံ ကီတာကျူးရှူးမြို့၌ ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လျက်ရှိသည့်အတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ပိတ်သိမ်း

**တိုကျို မေ ၃၁**

ဂျပန်နိုင်ငံ အနောက်တောင်ဘက် ကီတာကျူးရှူးမြို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိသည့်အတွက် စီးပွားရေးလုပ်ငန်းများနှင့် အများပြည်သူနှင့် သက်ဆိုင်သောနေရာများကို ယနေ့ပြန်လည် ပိတ်သိမ်းခဲ့ရသည်။

အဆိုပါ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေ ရုပ်သိမ်းခဲ့ပြီးနောက် ပြန်လည်ဖွင့်ခွင့်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် ပြန်လည်ပိတ်သိမ်းခဲ့ခြင်းဖြစ်သည်။

ကီတာကျူးရှူးမြို့ရှိ အများပြည်သူနှင့် သက်ဆိုင်သောနေရာများဖြစ်သည့် ပြတိုက်နှင့်စာကြည့်တိုက်များ အပါအဝင် စီးပွားရေးလုပ်ငန်း ၁၁၉ ခုကို မေ ၃၁ ရက်မှ ဇွန် ၁၈ ရက်အထိ ပြန်လည်ပိတ်သိမ်းရမည်ဖြစ်သည်ဟု တာဝန်ရှိသူများက ဆိုသည်။ ထို့ပြင် ကိုကုရာ ရဲတိုက်ကြီးအပါအဝင် စီးပွားရေးလုပ်ငန်း ၄၃ ခုကို မေ ၂၈ ရက်တွင် ပိတ်သိမ်းခဲ့သည်။

ကီတာကျူးရှူးမြို့တွင် ယမန်နေ့အထိ ရှစ်ရက်ဆက်တိုက် ဗိုင်းရပ်စ်ကူးစက်မှုနှုန်း မြင့်တက်လျက်ရှိသည်။ မေ ၂၃ ရက်မှ မေ ၃၀ ရက်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၅ ဦး တွေ့ရှိခဲ့ကြောင်း သိရသည်။ ယင်းတို့အနက် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၁ ဦး၏ ခရီးသွားရာဇဝင်များကို ခြေရာခံနိုင်ခြင်းမရှိသေးကြောင်း တာဝန်ရှိသူများက ဆိုသည်။

ကီတာကျူးရှူးမြို့အတွင်းရှိ စီးပွားရေးလုပ်ငန်းများကို ဇွန် ၁၈ ရက်အထိ ပိတ်ပင်ထားရမည်ဟု ဆိုသော်လည်း ဗိုင်းရပ်စ်ပိုးကူးစက်မှု အခြေအနေပေါ်မူတည်ပြီး ဆုံးဖြတ်ချက်ချမှတ်ရမည်ဖြစ်သည်ဟု တာဝန်ရှိသူများက ဆက်လက်ပြောကြားခဲ့သည်။

ကိုးကား- အင်န်အိတ်ချ်ကေ

ဘာသာပြန်-အောင်ကျော်ကျော်




# စပေ့စ်အိပ်စ်မှ လူလိုက်ပါသည့် အာကာသယာဉ်လွှတ်တင်မှုအောင်မြင်

**မီယာမီ မေ ၃၁**

နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)တွင် တာဝန်ထမ်းဆောင်မည့် အမေရိကန်နိုင်ငံသား အာကာသယာဉ်မှူးနှစ်ဦးတို့ လိုက်ပါသွားသည့် အမေရိကန်၏ အာကာသယာဉ်တစ်စင်းကို လွှတ်တင်ခဲ့သည်။ နဂါးဟု အမည်ပေးထားသည့် ယင်းအာကာသယာဉ်ကိုပုဂ္ဂလိကအာကာသလုပ်ငန်းကုမ္ပဏီတစ်ခုမှ နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းအာကာသယာဉ်အား အမေရိကန်မှ စပေ့စ်အိပ်စ်အမည်ရှိ အာကာသလုပ်ငန်းမှ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယမန်နေ့တွင် ဖလော်ရီဒါပြည်နယ်ရှိ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဖယ်လ်ကွန်-၉ အမျိုးအစား ဒုံးယာဉ်ဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

နဂါးဟု အမည်ရှိ အာကာသယာဉ်သည် ယင်းတွင် တပ်ဆင်ထားသော အင်ဂျင်အား အသုံးပြုကာ ကမ္ဘာမြေမျက်နှာပြင် အထက်အမြင့်ကီလို မီတာ ၄၀၀ အကွာတွင်ရှိသည့် နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ ယနေ့တွင် ရောက်ရှိခဲ့သည်။



အာကာသယာဉ် လွှတ်တင်သည့်မူလစီစဉ်ထားသောနေ့ရက်မှာ မေ ၂၇ ရက် ဖြစ်သော်လည်း ရာသီဥတု ဆိုးရွားမှုကြောင့် လွှတ်တင်မှုကို ရွှေ့ဆိုင်းခဲ့ရသည်။

ပုဂ္ဂလိက ကဏ္ဍမှ လူလိုက်ပါသည့် အာကာသယာဉ် တည်ဆောက်နိုင်ရေးအတွက် နာဆာကငွေကြေးထောက်ပံ့မှုပေးခဲ့သည်။

ယမန်နေ့က နဂါးအမည်ရှိ လူလိုက်ပါသော အာကာသယာဉ်လွှတ်တင်မှုသည် နောက်ဆုံးစမ်းသပ်မှုဖြစ်ပြီး ယင်းအာကာသယာဉ်သည် နိုင်ငံတကာ အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်နိုင်ပြီးနောက်တွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်သည်။

အမေရိကန် ပြည်ထောင်စု၏ အာကာသလွန်းပျံယာဉ် အုပ်စုအား အနားပေးခဲ့ပြီးနောက် ကိုးနှစ်မျှအကြာအတွင်း၌ အမေရိကန်နိုင်ငံမြေပြင်မှ နိုင်ငံတကာအာကာသစခန်းယာဉ်သို့ လူလိုက်ပါသည့် အာကာသယာဉ်လွှတ်တင်မှုကို ပထမဆုံးအကြိမ်အောင်မြင်စွာ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လတ်တလောကာလတွင် နာဆာအဖွဲ့အနေဖြင့် နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ အာကာသယာဉ်မှူးများပို့ဆောင်မှုများ ပြုလုပ်ရာတွင် ရုရှားတို့၏ ဆိုယုဇ်ယာဉ်များကို မှီခိုနေရသည်။

ဘာသာပြန်-ဇော်ဝင်း

ကိုးကား-အင်န်အိတ်ချ်ကေ

# ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူ ခြောက်သန်းကျော်ရှိ

**ပါရီ မေ ၃၁**

ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူဦးရေမှာ ခြောက်သန်းကျော်ရှိပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်သည့် မှတ်တမ်းများအရ သိရပြီး ရောဂါပိုးကူးစက်ခံရသူဦးရေ၏ သုံးပုံနှစ်ပုံခန့်မှာ ဥရောပတိုက်နှင့် အမေရိကန်ပြည်ထောင်စုတို့မှဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ယနေ့တွင် ဖော်ပြသည်။

ယနေ့ ဂရင်းနစ်စံတော်ချိန် ၂၀:၁၅ နာရီတွင် ကမ္ဘာတစ်ဝန်းလုံး၌ ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသူ ၆၀၀၀၈၆၇ ဦးနှင့် သေဆုံးသူ ၃၆၆၈၄၈ ဦးရှိပြီဖြစ်သည်။ ဥရောပတိုက်သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုနှင့် သေဆုံးသူအများဆုံးဖြစ်သည်။ ဥရောပတိုက်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူဦးရေ ၂၁၃၅၁၇၀ နှင့် သေဆုံးသူ ၁၇၇၅၉၅ ဦးဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှု အများဆုံးဖြစ်ပွားသည့် နိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ရောဂါပိုးကူးစက်ခံထားရသူ ၁၇၆၀၇၄၀ နှင့် သေဆုံးသူ ၁၀၃၄၇၂ ဦးရှိသည်။

သို့သော်လည်းဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့မှုနှုန်းအမြန်ဆုံးမှာ လက်တင်အမေရိကဒေသဖြစ်ပြီး လွန်ခဲ့သည့် ၂၄ နာရီအတွင်း လူပေါင်း ၄၅၀၀၀ ခန့် ရောဂါပိုးကူးစက်ခံခဲ့ရသည်။ လက်တင်အမေရိကဒေသ၌ ရောဂါပိုးကူးစက်ခံထားရသူ ၉၄၄၆၉၅ ဦးရှိပြီး သေဆုံးခဲ့သူပေါင်းမှာ ၄၉၂၃၀ ရှိကြောင်း အေအက်ဖ်ပီမှ ကောက်ယူရရှိသည့်စာရင်းတွင် ဖော်ပြထားသည်။

ဘာသာပြန်-ဇော်ဝင်း၊ ကိုးကား-အေအက်ဖ်ပီ

# အိန္ဒိယနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်မှုနည်းပါးသော ဒေသများတွင် ခရီးသွားလာခွင့်ပိတ်ပင်မှုများ ပြန်လည်ဖြေလျှော့ပေးမည်

**နယူးဒေလီ မေ ၃၁**

အိန္ဒိယနိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှု မြင့်မားသောဒေသများမှအပ ကျန်ဒေသများ၌ ခရီးသွားလာခွင့် ပိတ်ပင်ထားမှုကို ပြန်လည်ဖြေလျှော့ပေးမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက ယမန်နေ့တွင် ကြေညာခဲ့သည်။

**ပြန်လည်ဖွင့်လှစ်ခွင့်ပေး**

နိုင်ငံတစ်ဝန်း ခရီးသွားလာခွင့်ပိတ်ပင်မှုများကို မတ်လနှောင်းပိုင်းကစပြီး ချမှတ်ခဲ့ခြင်းဖြစ်သည်။ ယနေ့တွင် ဗိုင်းရပ်စ်ကူးစက်မှုနှုန်း လျော့ကျသွားသည့်ဒေသများရှိ စီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများအား လုပ်ငန်းပြန်လည် လည်ပတ်ခွင့်ပေးလျက်ရှိသည်ဟု အစိုးရအဖွဲ့က ပြောကြားခဲ့သည်။ ထို့ပြင်အကြီးစားစီးပွားရေးလုပ်ငန်းများ၊ စားသောက်ဆိုင်များနှင့် ဟိုတယ်များကိုလည်း ဇွန် ၈ ရက်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

သို့သော် နိုင်ငံတစ်ဝန်း၌ စာသင်ကျောင်းများ၊ ရုပ်ရှင်ရုံများနှင့် နိုင်ငံတကာလေကြောင်းလိုင်းများကို ဗိုင်းရပ်စ်ကူးစက်မှု လျော့ကျသွားသည့်အချိန်မှသာ ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်သည်ဟု အစိုးရအဖွဲ့က ပြောကြားခဲ့သည်။

နိုင်ငံအတွင်းရှိ ဗိုင်းရပ်စ်ကူးစက်မှုနှုန်း မြင့်တက်လျက်ရှိသည့် နေရာဒေသများတွင် ခရီးသွားလာခွင့်ပိတ်ပင်မှုများကို ဇွန် ၃၀ ရက်အထိ တိုးမြှင့်သတ်မှတ်ထားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။

ခရီးသွားလာခွင့် စည်းမျဉ်းများမှ ကင်းလွတ်ခွင့်ရရှိသည့် ဒေသများနှင့် ဆက်လက်ကျန်ရှိနေမည့် ဒေသများကို ဒေသန္တရအာဏာပိုင်များက ဗဟိုအစိုးရ၏ ချမှတ်ထားသော လမ်းညွှန်မှုများနှင့်အညီ ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြေလျှော့ပေးလျက်ရှိ**

ခရီးသွားလာခွင့်ပိတ်ပင်မှုများ ချမှတ်ခြင်းသည် နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို ထိခိုက်မှုရှိစေသည့်အတွက် ဧပြီလနှောင်းပိုင်းမှစပြီး ဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများကို အိန္ဒိယအစိုးရက တဖြည်းဖြည်းဖြေလျှော့ပေးလျက်ရှိသည်။

မေ ၃၀ ရက်တွင်နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေ ၇၉၀၀ တွေ့ရှိခဲ့သည့်အတွက် စုစုပေါင်းဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေမှာ ၁၇၀၀၀၀ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-အောင်ကျော်ကျော်



# ကန့်သတ်ချက်များ ချိုးဖောက်ကာ ပါတီပွဲတက်ရောက်ခဲ့သည့် ဘယ်လ်ဂျီယံမင်းသား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ



**ဘာရပ်ဆဲလ် မေ ၃၁**

ဘယ်လ်ဂျီယံမင်းသားတစ်ဦးသည် အသွားအလာကန့်သတ်မှု စည်းမျဉ်းများကို ချိုးဖောက်ပြီး စပိန်နိုင်ငံတွင် ပါတီပွဲတစ်ခု တက်ရောက်မှုကြောင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် မင်းသား ဂျိုအာချင်သည် မေ ၂၆ ရက်က စပိန်နိုင်ငံ ကော်ဒိုဘာမြို့တော်၌ ကျင်းပသော တွေ့ဆုံပွဲတစ်ခုသို့ တက်ရောက်ခဲ့ကြောင်း ဘယ်လ်ဂျီယံ တော်ဝင်နန်းတော်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ဘယ်လ်ဂျီယံဘုရင် ဖိလစ်၏ တူတော်သူနှင့် နန်းမွေဆက်ခံမှုစာရင်းတွင် ဒသမနေရာရှိသူ မင်းသား ဂျိုအာချင်သည် ယခုအခါ သီးသန့်ခွဲနေထိုင်လျက်ရှိကြောင်း သိရသည်။

လူ ၁၅ ဦးထက် ပိုမစုဝေးရန် အမိန့်ချမှတ်ထားသော်လည်း အဆိုပါပါတီပွဲသို့ ၂၇ ဦး တက်ရောက်ခဲ့ကြောင်း El Pais သတင်းစာက ဖော်ပြသည်။ စပိန်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုတစ်ရပ် စတင်ခဲ့ပြီး ကန့်သတ်ချက်များ ချိုးဖောက်ခဲ့သူကို ယူရို ၆၀၀ နှင့် ၁၀၀၀၀ ကြား ဒဏ်ရိုက်မည်ဖြစ်ကြောင်း သိရသည်။ ဘယ်လ်ဂျီယံ တော်ဝင်နန်းတော် ပြောရေးဆိုခွင့်ရှိသူက ပါတီပွဲတက်ရောက်သူ အရေအတွက်ကို အတည်မပြုနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

စပိန်နိုင်ငံ ကော်ဒိုဘာဒေသဆိုင်ရာ သံတမန် ရာဖေးလာဗာလင်ဖွဲလားက ပါတီပွဲကျင်းပမှုသည် တာဝန်မဲ့ပြီး ရောဂါကူးစက်မှုများ ဖြစ်ပွားစေနိုင်ကြောင်း၊ ပါတီပွဲတက်ရောက်သူ ၂၇ ဦးစလုံး ယခုအခါ သီးသန့်ခွဲနေထိုင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**ကိုးကား - စကိုင်းနယူးစ်**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၃၈၀ စံချိန်တင် စမ်းသပ်တွေ့ရှိပြီး ၁၉၃ ဦး သေဆုံး

**နယူးဒေလီ မေ ၃၁**

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၉၃ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၁၆၄ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ထုတ်ပြန်ခဲ့သည်။

ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၃၈၀ စံချိန်တင်တွေ့ရှိခဲ့ရာ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၂၁၄၃ ဦး ရှိလာကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ရောဂါကြောင့် သေဆုံးမှုပမာဏသည် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိခဲ့ပြီးနောက် တစ်ရက်အတွင်း ရောဂါကူးစက်မှုနှုန်း အမြင့်မားဆုံးဖြစ်လာခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထပ်မံဖြစ်ပွားပါက အသွားအလာကန့်သတ်မှု ပြန်လည်ချမှတ်မည်ဟု အစ္စရေးဝန်ကြီးချုပ် သတိပေး

**ဂျေရုဆလင် မေ ၃၁**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် အစ္စရေးနိုင်ငံအတွင်း ချမှတ်ထားသည့် အသွားအလာကန့်သတ်မှုအများစုကို ဖြေလျှော့ခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထပ်မံဖြစ်ပွားခဲ့ပါက အသွားအလာကန့်သတ်မှုစည်းမျဉ်းများကို ပြန်လည်ချမှတ်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ယနေ့ သတိပေးလိုက်သည်။

မကြာသေးမီရက်များက အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ တစ်ဟုန်ထိုး မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း နေတန်ယာဟုက အပတ်စဉ်ပြုလုပ်သော အစိုးရအဖွဲ့ အစည်းအဝေးတစ်ရပ်တွင် ဝန်ကြီးများအား ပြောကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ လာမယ့်ရက်အနည်းငယ်အတွင်း ရောဂါကူးစက်မှု အခြေအနေတွေကို ပြန်လည်သုံးသပ်မှာဖြစ်ပြီး လိုအပ်ရင် ရောဂါထိန်းချုပ်မှုဆိုင်ရာမူဝါဒကိုပါ ပြောင်းလဲရမှာဖြစ်ပါတယ်"ဟု နေတန်ယာဟုက ဆိုသည်။

နေတန်ယာဟုသည် ယမန်နေ့က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိန့်ခွန်းပြောကြားခဲ့ရာတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် နိုင်ငံအတွင်း ချမှတ်ထားသည့် အသွားအလာကန့်သတ်မှုအများစုကို ဖြေလျှော့လိုက်သည့်အတွက် နှာခေါင်းစည်းများကို ဝတ်ဆင်ကြပြီး ခပ်ခွာခွာနေရေး အစီအမံကို ဆက်လက်ထိန်းသိမ်းထားကြရန် ပြည်သူများအား တိုက်တွန်းလိုက်သည်။

မေ ၂၉ ရက်က အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၅ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ရောဂါစတင်ဖြစ်ပွားခဲ့ချိန်ကတည်းက တစ်ရက်အတွင်း ရောဂါကူးစက်မှုနှုန်း အမြင့်မားဆုံးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။ အဆိုပါ ရောဂါကူးစက်ခံရသူများအနက် ၇၈ ဦးသည် ဟဲဘရူး မြို့နှင့် ဂျေရုဆလင်မြို့ရှိ အထက်တန်းကျောင်းများမှ ကျောင်းသားများနှင့် ကျောင်းဆရာများ ဖြစ်ကြောင်း သိရသည်။

အစ္စရေးအစိုးရသည် လွန်ခဲ့သည့် သီတင်းပတ်နှစ်ပတ်က စာသင်ကျောင်းများ၊ မူကြိုကျောင်းများ၊ ဈေးဆိုင်များ၊ ရေကူးကန်များ၊ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များအား ပြန်လည်ဖွင့်လှစ်ခြင်းနှင့်အတူ နိုင်ငံအတွင်း ချမှတ်ထားသည့် အသွားအလာကန့်သတ်မှု အများစုကို ဖြေလျှော့ခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# တရုတ်နိုင်ငံထုတ် မောင်းသူမဲ့ရထားသုံးစင်း ထိုင်းနိုင်ငံ မကြာမီလက်ခံရရှိမည်

**ဗန်ကောက် မေ ၃၁**

တရုတ်နိုင်ငံသည် ပြည်တွင်းဖြစ် မောင်းသူမဲ့ တစ်လမ်းပြေး ရထားတစ်စင်းကို လာမည့်လတွင် ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်ရန် စီစဉ်ထားကြောင်း အမှုဆောင်အရာရှိတစ်ဦးက ယနေ့ အတည်ပြုပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင် ထုတ်လုပ်သော Innovia APM-300 အမည်ရှိ အဆိုပါ မောင်းသူမဲ့ရထားတစ်စင်းသည် လာမည့်လအတွင်း ထိုင်းနိုင်ငံ၏မြို့တော် ဗန်ကောက်မြို့သို့ ရောက်ရှိမည်ဖြစ်ပြီး အခြားမောင်းသူမဲ့ ရထားနှစ်စင်းသည် နောက်လအနည်းငယ်အတွင်း ဗန်ကောက်မြို့သို့ ဆက်လက်လွှဲပြောင်းပေးရန် စီစဉ်ထားကြောင်း ဗန်ကောက်မြို့အခြေစိုက် စီးပွားရေးစီမံခန့်ခွဲမှုကုမ္ပဏီတစ်ခုဖြစ်သည့် ကရုန်သက်ပ်သာနကွမ်ကုမ္ပဏီဥက္ကဋ္ဌ မနစ်တယ်ကာ အာပီချော့ခ်က ပြောကြားသည်။

အဆိုပါ မောင်းသူမဲ့ရထားများသည် BTS ရထားဘူတာနှင့် ဗန်ကောက်မြို့ပေါ် သောင်ဘူရီအရပ်ရှိ အခြားဘူတာသုံးခုအကြားတွင် လာမည့်အောက်တိုဘာလမှစ၍ ခေါက်တုံ့ခေါက်ပြန် ပြေးဆွဲမည်ဖြစ်ကြောင်း မာနစ်က ထပ်မံပြောကြားသည်။

အဆိုပါ မောင်းသူမဲ့ရထားများသည် ကရုန်သွန်ရထားဘူတာနှင့် အိုင်ကွန်ရှမ်း ကုန်သွယ်ရေးဗဟိုဌာနရှိ ရထားဘူတာတစ်ခု အပါအဝင် ချာရုန်နာခွန်နှင့် ခါလုန်ဆန်ဒေသများရှိ ရထားဘူတာများအကြား ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မောင်းသူမဲ့ရထား တစ်စင်းချင်းစီတွင် လူစီးတွဲနှစ်တွဲစီ ပါဝင်ပြီး ခရီးသည် ၁၄၀ ခန့်ဝင်ဆံ့မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**



# ခရီးသည်များ ဘေးကင်းလုံခြုံစေရန် လေကြောင်းလိုင်းများ ကြိုတင်ပြင်ဆင်လျက်ရှိ




**တိုကျို မေ ၃၁**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် လေကြောင်းလုပ်ငန်းများလည်း ထိခိုက်နစ်နာမှု အများအပြားရှိခဲ့သည်။

လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲရာတွင် ခရီးသည်များ ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် လေယာဉ်များအား ဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ လုပ်ဆောင်ချက်များကို ကြိုတင်ပြင်ဆင်လျက်ရှိသည်။

ဖိလစ်ပိုင်လေကြောင်းလိုင်းတွင် ခရီးသည်များ ဗိုင်းရပ်စ်ပိုး အလွယ်တကူ ကူးစက်နိုင်ခြင်းမရှိစေရန် အကာအကွယ်ပစ္စည်းများ အပြည့်အစုံ တပ်ဆင်ပေးထားမည်ဖြစ်ကြောင်း လေကြောင်းလိုင်း တာဝန်ရှိသူများက ပြောသည်။ အဆိုပါလေကြောင်းလိုင်းကို ဇွန် ၁ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်သည်။

လေယာဉ်ခုံနေရာများကို တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ ခြားထားပြီး တပ်ဆင်သွားမည်ဖြစ်ကြောင်း လေယာဉ်ထိုင်ခုံများပြုလုပ်သူတစ်ဦးက ပြောကြားခဲ့သည်။ ထို့ပြင် လေယာဉ်ပေါ်တွင် ခရီးသည်များ တစ်ဦးနှင့်တစ်ဦး နီးကပ်မှု မရှိစေရန် အလယ်ခုံလိုင်းကို ထည့်သွင်းမည်မဟုတ်ကြောင်းနှင့် ထိုင်ခုံတစ်ခုနှင့်တစ်ခုအကြားတွင် ပလတ်စတစ်အစများ ကာရံထားမည်ဖြစ်သည်ဟု ၎င်းက ဆိုသည်။

ထို့ပြင် ဂျပန်လေကြောင်းလိုင်းများကလည်း အလယ်ခုံတန်းများ ထည့်သွင်းထားခြင်းမရှိသည့်အပြင် တစ်ခုံနှင့်တစ်ခုံ အနည်းငယ်ခြားထားကာ စီစဉ်ထားလျက်ရှိကြောင်း သိရသည်။

အာရပ်စော်ဘွားများပြည်ထောင်စု၏ လေကြောင်းလိုင်းများတွင် ခရီးသည်များအား လေယာဉ်လက်မှတ်စစ်ဆေးမှုနှင့် လေယာဉ်ရွေးချယ်ပေးမှုစနစ်များ ဆောင်ရွက်ရာတွင် ကွန်ပျူတာဖန်သားပြင်ပေါ်သို့ လက်ချောင်းဖြင့် ထိစရာမလိုတော့ဘဲ အဆင့်မြင့်နည်းပညာများ ပြောင်းလဲအသုံးပြုထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီက ခရီးသည်များ၏ လေကြောင်းစီးနင်းမှုပမာဏကို ပြန်လည်ရရှိရန် လေကြောင်းလိုင်းများအနေဖြင့် လေးနှစ်ခန့် အချိန်ယူရမည်ဖြစ်ကြောင်း နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးအဖွဲ့က ခန့်မှန်းပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# စက်တင်ဘာလတွင် ကျင်းပမည့် ဂျီ-၇ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် တောင်ကိုရီးယားနိုင်ငံအား ဒေါ်နယ်ထရမ့် ဖိတ်ကြား



**ဝါရှင်တန်　မေ　၃၁**

ယခုနှစ် ဂျီ-၇ ထိပ်သီးအစည်းအဝေးကို စက်တင်ဘာလအတွင်း ရွှေ့ဆိုင်းကာ အစည်းအဝေးသို့ တက်ရောက်ရန် တောင်ကိုရီးယားနှင့် အခြားနိုင်ငံများကို ဖိတ်ကြားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မေ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

**ကျင်းပရန်စီစဉ်ထား**

ဂျီ-၇ အုပ်စုမှာ အမေရိကန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်နှင့် ဗြိတိန်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားပြီး တောင်ကိုရီးယားမှာ အဖွဲ့ဝင်နိုင်ငံမဟုတ်ပေ။ တောင်ကိုရီးယားနှင့် အခြားနိုင်ငံများအား ဂျီ-၇ ထိပ်သီးအစည်းအဝေးသို့ ဖိတ်ကြားမည့်အစီအစဉ်ကို ဖလော်ရီဒါပြည်နယ် ကိတ်ပ်ကာနာဗီရယ်လ်မြို့မှ ဝါရှင်တန်မြို့တော်သို့ ပြန်လာစဉ် အဲဖို့စ်ဝမ်းလေယာဉ်ပေါ်၌ ဒေါ်နယ်ထရမ့်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။ ဇွန်လအတွင်း ကျင်းပရန် စီစဉ်ထားသည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးကို စက်တင်ဘာလအထိ ရွှေ့ဆိုင်းလိုက်ကြောင်း ဒေါ်နယ်ထရမ့်က ပြောသည်။

ဂျီ-၇ အဖွဲ့၏ လက်ရှိဖွဲ့စည်းပုံမှာ နိုင်ငံအချို့ဖြင့်သာ ဖွဲ့စည်းထားခြင်းကြောင့် ရုရှား၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့ကို ဖိတ်ကြားရန် စီစဉ်နေကြောင်း ၎င်းက ဆိုသည်။

ကိုးကား - ကေဘီအက်စ်

ဘာသာပြန် - ကျော်ထိုက်စိုး

# ကိုဗစ်-၁၉ ကူးစက်မှုကြောင့် ဂျပန်နိုင်ငံတွင် ရပ်နားထားသော အပျော်စီးသင်္ဘောတစ်စင်း ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

**တိုကျို　မေ　၃၁**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ဂျပန်နိုင်ငံတွင် ကျောက်ချရပ်နားထားသော သည်ကော်စတာ အက်တလန်တီကာသင်္ဘောသည် မေ ၃၁ ရက် မွန်းလွဲပိုင်းတွင် နာဂါဆာကီဆိပ်ကမ်းမှ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ဦးတည် ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

နာဂါဆာကီအုပ်ချုပ်ရေးမှူး၊ မြို့တော်ဝန်နှင့် သင်္ဘောပေါ်ရှိ လူနာများအား ဆေးဝါးကုသမှုပေးခဲ့သော ဆရာဝန်များအပါအဝင် ဂျပန်ပြည်သူများက အဆိုပါသင်္ဘော ထွက်ခွာသွားသည်ကို စောင့်ကြည့်ခဲ့ကြသည်။

အဆိုပါသင်္ဘောသည် ပြုပြင်မွမ်းမံမှုများဆောင်ရွက်ရန်အတွက် ယခုနှစ်အစောပိုင်းတွင် မစ်ဆူဘီရှီအကြီးစား စက်မှုလုပ်ငန်းအလုပ်ရုံ၌ ကျောက်ချရပ်နားခဲ့သည်။

ဧပြီ ၂၀ ရက်တွင် သင်္ဘောပေါ်တွင် လိုက်ပါစီးနင်းခဲ့သည့် သင်္ဘောသား ၆၂၀ အနက် တစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါစစ်ဆေးတွေ့ရှိခဲ့သည်။ ထို့နောက် သင်္ဘောသား ၁၄၈ ဦး ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသည်။

ဗိုင်းရပ်စ်ပိုးစစ်ဆေးတွေ့ရှိခြင်းမရှိသော သင်္ဘောသားများနှင့် ဒုတိယအကြိမ်စစ်ဆေးမှုတွင် ရောဂါပိုးတွေ့ရှိခြင်းမရှိသည့် သင်္ဘောသား ၄၉၅ ဦးအား ၎င်းတို့၏နိုင်ငံများသို့ ပြန်ခွင့်ပြုခဲ့ကြောင်း သိရသည်။





လက်ရှိအချိန်တွင် အဆိုပါသင်္ဘောသည် သင်္ဘောသား ၁၂၆ ဦး တင်ဆောင်ကာ မနီလာမြို့သို့ ဦးတည်ထွက်ခွာသွားပြီဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်ခံရသော သင်္ဘောသား ခြောက်ဦးသည် နာဂါဆာကီမြို့ရှိ ဆေးရုံတစ်ရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသည်။ ၎င်းတို့၏ ကျန်းမာရေးအခြေအနေသည် စိုးရိမ်ရသည့်အခြေအနေမရှိကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-အောင်ကျော်ကျော်

# ဖိလစ်ပိုင်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၈၆၂ ဦး ထပ်မံတွေ့ရှိ

**မနီလာ　မေ　၃၁**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၆၂ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် ရောဂါကူးစက်ခံရသူပေါင်း ၁၈၀၈၆ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော နေ့စဉ်သတင်းလွှာတွင် ကိုရိုနာဗိုင်းရပ်စ်ကင်းစင်သူ စုစုပေါင်း ၃၉၀၉ ဦးရှိပြီး သေဆုံးသူ ၉၅၇ ဦးရှိကြောင်း ဖော်ပြသည်။

**ကန့်သတ်ချက်များကို ဖြေလျှော့**

အဆိုပါ ဝန်ကြီးဌာန၏ ပြောကြားချက်အရ မက်ထရိုမနီလာဒေသတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၁ ဦး၊ ဗီဆာရပ်ဒေသတွင် ၈၁ ဦးနှင့် နိုင်ငံ၏ အခြားဒေသများတွင် ၃၀၂ ဦးရှိကြောင်း သိရသည်။ အစိုးရ၏ စီစဉ်မှုဖြင့်ပြန်လည်ရောက်ရှိလာသော နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်ခဲ့သည့် ဖိလစ်ပိုင်အလုပ်သမား ၂၃၅ ဦးတွင် ကိုရိုနာဗိုင်းရပ်စ်ကို တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်နေသည့် ဖိလစ်ပိုင် အလုပ်သမား ၂၅၀၀၀ ကိုလည်း အစိုးရက နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်ခွင့်ပြုခဲ့သည်။





မတ်လအလယ်မှစတင်ပြီး ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ သီးခြားခွဲခြားစောင့်ကြည့်မှုများကို ဆောင်ရွက်ခဲ့သော ဖိလစ်ပိုင်နိုင်ငံသည် စီးပွားရေးများ ပြန်လည်နာလန်ထူနိုင်စေရေးအတွက် မြို့တော်မနီလာနှင့် နိုင်ငံအတွင်းရှိ အချို့ဒေသများတွင် ခရီးအသွားအလာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့သည်။

"စီးပွားရေးလုပ်ငန်းတွေ ပြန်လည်စတင်ဆောင်ရွက်နေတာကြောင့် ကျွန်တော်တို့အနေနဲ့ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာသီးခြားခွဲခြားစောင့်ကြည့်ရေးလုပ်ငန်းစဉ်တွေကို တာဝန်ရှိသူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ရန်လိုအပ်ပါတယ်" ဟု သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဟယ်ရီရိုကူးက ကြေညာချက်တွင် ပြောကြားသည်။ ပြည်သူများအနေဖြင့် မိမိတို့၏နေအိမ်များတွင်သာ နေထိုင်ကြရန်၊ အပြင်သို့ ထွက်ခွာပါက နှာခေါင်းစည်းများ တပ်ဆင်ကြရန်နှင့် လူစုလူဝေးများကို ရှောင်ရှားကြရန် ၎င်းကပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| |
|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ = ၆၂၀၀၀၆၉ ဦး |
| သေဆုံးသူ = ၃၇၁၇၄၃ ဦး |
| ပြန်လည်ကျန်းမာလာသူ = ၂၇၆၁၃၀၀ ဦး |

# ဘူရွန်ဒီသမ္မတ၏ဇနီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရ

**နိုင်ရိုဘီ　မေ　၃၁**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသည့် ဘူရွန်ဒီသမ္မတ၏ဇနီးကို ဆေးကုသမှုခံယူရန် ကင်ညာနိုင်ငံသို့ လေယာဉ်ဖြင့် ပို့ဆောင်ခဲ့ကြကြောင်း ကင်ညာမီဒီယာများက ပြောကြားသည်။

ဘူရွန်ဒီသမ္မတကတော် ဒင်းနစ်ဘူကူမီကူရန်ဇီဇာသည် မေ ၂၈ ရက်က နိုင်ရိုဘီမြို့သို့ ရောက်ရှိလာပြီးနောက် ကင်ညာနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကုသရေးနေရာတစ်ခုဖြစ်သော အဂါခန်းတက္ကသိုလ်ဆေးရုံသို့ ချက်ချင်း ပို့ဆောင်ခဲ့ကြောင်း Citizen TV ရုပ်သံဌာနက ဖော်ပြခဲ့သည်။ အသက် ၅၀ နှစ်အရွယ် ကူရန်ဇီဇာတွင် ကိုယ်ရံတော် သုံးဦးလိုက်ပါလာပြီး ၎င်းတို့အနက် တစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့သည်။ ဘူရွန်ဒီသမ္မတရုံးက သမ္မတကတော်၏ အခြေအနေနှင့်ပတ်သက်၍ မည်သည့်ကြေညာချက်မျှ မထုတ်ပြန်သေးပေ။

လူဦးရေ ၁၁ သန်းခန့်ရှိရာ အာဖရိကတိုက်အရှေ့ပိုင်းရှိ ဘူရွန်ဒီနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်သူ ၄၂ ဦးနှင့် သေဆုံးသူတစ်ဦးရှိသည်။ ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများနှင့်မတူသည်မှာ ဘူရွန်ဒီနိုင်ငံက နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုထိန်းချုပ်ရန် အသွားအလာကန့်သတ်ချက်များ မပြဋ္ဌာန်းခဲ့ပေ။ ဘူရွန်ဒီနိုင်ငံက လက်ရှိသမ္မတ ပီယာရီကူရန်ဇီဇာ၏ နေရာအစားထိုးမည့် သမ္မတသစ်တစ်ဦးရှာဖွေရန် ပြီးခဲ့သည့်အပတ်က အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့သည်။ ဘူရွန်ဒီသမ္မတရွေးကောက်ပွဲတွင် အာဏာရပါတီမှ အီဗာရက်စတီနာရီရှီမီဘေးက ဆန္ဒမဲ ၆၉ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည်။

အသက် ၅၂ နှစ်ရှိ အီဗာရက်စတီက ဆန္ဒမဲ ၂၄ ရာခိုင်နှုန်းရရှိခဲ့သည့် အဓိကအတိုက်အခံပါတီမှ အဂါသွန်ရာစာ အပါအဝင် ကိုယ်စားလှယ်လောင်း ခုနစ်ဦးကို အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်၏ ပြောကြားချက်အရ သိရသည်။

ကိုးကား - စီဂျီတီအင်န်

ဘာသာပြန် - ကျော်ထိုက်စိုး



# မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၃၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မြန်မာအမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ်နေ မနီလာ(ခ) နန်းမိုးနီလာကျော်၊ မသင်းသင်းမိုး(ခ)အမုန်း၊ မမေရီ(ခ) မေရှည်ဦးတို့သည် မxxxx ၂၄ နှစ်အား တရုတ်နိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ပါက ခြောက်လလျှင် ငွေကျပ် ၁၅ သိန်းရမည်ဟု လိမ်လည်စည်းရုံး၍ တရုတ်နိုင်ငံ ရွှေလီမြို့သို့ ခေါ်ဆောင်သွားပြီး တရုတ်အမျိုးသားတစ်ဦးထံသို့ ယွမ်နှစ်သောင်းရှစ်ထောင်ဖြင့် ရောင်းစားခဲ့မှုအား ကျိုက်ထိုမြို့မရဲစခန်းက (ပ)၉၁၁/၂၀၁၉ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မော်လမြိုင်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၂၈ ရက်တွင် တရားခံ မနီလာ(ခ)နန်းမိုးနီလာကျော်အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်၊ မမေရီ (ခ)မေရှည်ဦးနှင့် မသင်းသင်းမိုး(ခ)အမုန်းတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဇော်မင်းထွေး(ခ)ကျားပေါက်အား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သာအဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

# အောင်ပန်းမြို့၌ ငွေကျပ် ၃၈ ဒသမ ၃၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်များ ထပ်မံသိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၁**

ရှမ်းပြည်နယ် အောင်ပန်းမြို့၌ ငွေကျပ် ၃၈ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သာအဖက်တမင်း)များ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၄ ရက် နံနက် ၂ နာရီက လွိုင်လင်မြို့ ဟိုတင့်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးကားလမ်းတွင် အိုက်စ်(မက်သာအဖက်တမင်း) ၁၆၁၅ ကီလိုကို ပြစ်မှုကျူးလွန်သူနှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် လွိုင်လင်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အရေးယူခဲ့ကြောင်း၊ ဖမ်းဆီးရမိသူများအား စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသည့် ယာဉ်နှင့်အတူ အလားတူ ၁၂ ဘီးယာဉ်တစ်စီး စုစုပေါင်း ယာဉ်နှစ်စီးဖြင့် မူးယစ်ဆေးဝါးများ တင်ဆောင်သယ်ယူလာကြောင်း ပေါ်ပေါက်သဖြင့် ပူးပေါင်းအဖွဲ့က စိစစ်ရှာဖွေဖော်ထုတ်ခဲ့ရာ မေ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ကလောမြို့နယ် အောင်ပန်းမြို့ တောင်ကြီး-ကလောကားလမ်းဘေး၌ ရပ်တန့်ထားသည့် ၁၂ ဘီးယာဉ်အား ဇော်မင်းထွေး (ခ) ကျားပေါက်နှင့်အတူ တွေ့ရှိရပြီး ၎င်းယာဉ်အတွင်းမှ အိုက်စ်(မက်သာအဖက်တမင်း) ၁၅၃၄ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူခဲ့ကြောင်း။

အဆိုပါ ဖမ်းဆီးရမိမှုဖြစ်စဉ်နှစ်ခုနှင့်ပတ်သက်၍ အိုက်စ် (မက်သာအဖက်တမင်း) စုစုပေါင်းအလေးချိန် ၃၁၄၉ ကီလို(တန်ဖိုးငွေကျပ် ၇၈ ဒသမ ၇၂၅ ဘီလီယံ)တို့ သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူ အမျိုးသားရှစ်ဦး ဖော်ထုတ်ရရှိသည့်အနက် ပြစ်မှုကျူးလွန်သူအမျိုးသား လေးဦးအား ဖမ်းဆီးရမိပြီး တိမ်းရှောင်ပြစ်မှုကျူးလွန်သူ လေးဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မောတောင်မြို့နှင့် မူဆယ်မြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၁**

မောတောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၀ ရက် ညပိုင်းက တနင်္သာရီမြို့နယ် မောတောင်မြို့ မြို့မရပ်ကွက် မောတောင်-တနင်္သာရီသွားကားလမ်းဘေးရှိ မြေကျင်းအတွင်းမှ ဘိန်းစာမှုန့် ၃၅၀ ကီလိုအား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၃ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ဟိုမွန်ရပ်ကွက်နေ ဆိုင်းခွမ်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀၀၀ နှင့် ခြံဝင်းအတွင်း ရပ်တန့်ထားသည့် ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ တစ်ရပ်ကွက်တည်းနေ ဘရန်တောင်အား ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မိုင်းဆတ်မြို့နယ်၌ ငွေကျပ်သိန်း ၄၈၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၁**

မိုင်းဆတ်မြို့နယ်၌ ငွေကျပ်သိန်း ၄၈၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၀ ရက် နံနက် ၁၀ နာရီခန့်တွင် မိုင်းဆတ်မြို့နယ် မိုင်းဆတ်-မိုင်းတွမ်းကားလမ်း ဂျူးလုကျေးရွာအနီးတွင် စစ်ဆေးရေးပြုလုပ်နေစဉ် အမျိုးသားတစ်ဦးမောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးသည် စစ်ဆေးနေသည့် နေရာသို့မရောက်မီ ကိုက် ၁၀၀ ခန့်အကွာတွင် ဆိုင်ကယ်ကိုလှဲချပြီး လျှိုအတွင်းသို့ ထွက်ပြေးသွားခဲ့ကြောင်း၊ ယင်းဆိုင်ကယ်ကိုရှာဖွေရာ ဆိုင်ကယ်ခွကြားတွင် တင်လာသည့် ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကို လည်းကောင်း။



သိမ်းဆည်းရမိသည့် ယာဉ်/ဆိုင်ကယ်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရစဉ်။

**အရေးယူထား**

အလားတူ နံနက် ၁၁ နာရီခွဲခန့်တွင် အဆိုပါနေရာသို့ အမျိုးသားတစ်ဦးမောင်းနှင်လာသည့် ယာဉ်သည် စစ်ဆေးနေသည့်နေရာသို့ မရောက်မီ ကိုက် ၁၀၀ ခန့်အကွာတွင် နောက်ပြန်လှည့်၍ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ အရှိန်တင်မောင်းနှင် ထွက်ပြေးသွားခဲ့သောကြောင့် သတိပေးပစ်ခတ်ခဲ့ရာ အဆိုပါယာဉ်မှာ ဘီးပေါက်သွားခဲ့ကြောင်း၊ ယာဉ်မောင်းမှာ တောင်စောင်းလျှိုအတွင်းသို့ ထွက်ပြေးသွားသဖြင့် ယာဉ်ကိုရှာဖွေရာ ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀၀ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၄၈၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကိုဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။ ထိုကဲ့သို့ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့ (WUG)များနှင့်အတူ "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်" ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။ အားလုံးသော ရေသုံးစွဲသူတောင်သူများ အနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှု နည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မောင်တောမြို့နယ်၌ ငွေကျပ် ၁၄ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၀ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ဂျူဟာရ်ဟူဆိန်းနှင့် မရေခါယာဒ်ဖာတေမာတို့အား တန်ဖိုးငွေကျပ် ၁၄ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၉၀၇၀၀ များနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



(ဝဲမှယာ) ရေခါယာဒ်ဖာတေမာ၊ ဂျူဟာရ်ဟူဆိန်း

ဖြစ်စဉ်မှာ ၂၀၁၉ ခုနှစ် မတ် ၂ ရက် ညနေ ၅ နာရီခန့်တွင် မောင်တောမြို့နယ် ဝေသာလီကျေးရွာရှိ အငူမော်လမ်းမဘေး ကားဝပ်ရှော့အနီးတွင် မြင့်စိုးနှင့်အတူ ယာဉ်တစ်စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၈၇၇၅၀၀၀ သိမ်းဆည်းရမိသဖြင့် ပြင်ဖြူနယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မဖြင့် အရေးယူထားရှိပြီး ကွင်းဆက်တရားခံပြေး နော်ဘီမုလ်ဂျူဟာရ်(ခ)ဇော်ဝင်းအား စုံစမ်းဖော်ထုတ်အတည်ပြုချက်အရ မောင်တောမြို့နယ် မြို့မကညင်တန်း(အလယ်)ကျေးရွာရှိ နော်ဘီမုလ်ဂျူဟာရ် (ခ)ဇော်ဝင်း၏ နေအိမ်အား စစ်ဆေးရှာဖွေရာ အဆိုပါနေအိမ်တွင် တရားခံပြေး၏ ဖခင်ဖြစ်သူ ဂျူဟာရ်ဟူဆိန်းနှင့် တရားခံပြေး၏ ဇနီးဖြစ်သူ မရေခါယာဒ်ဖာတေမာတို့အား တွေ့ရှိပြီး အဆိုပါနေအိမ် မီးဖိုချောင်ရှိ မြေအောက်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၉၀၇၀၀ (တန်ဖိုးငွေကျပ် ၁၄ ဒသမ ၂ ဘီလီယံ)နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မောင်တောမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၃၁-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ(၅၄၅)ခုနှင့် ဆေးသုတေသနဦးစီးဌာန (DMR)တို့မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၇၈) ခု၊ စုစုပေါင်း (၇၂၃)ခုတွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၃၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၂၄) ဦးရှိပါသည်။

၃။ (၃၁-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၈) ဦး (Case- 60, 64, 89, 153, 178, 183, 184, 193) ရှိခဲ့သဖြင့် စုစုပေါင်း (၁၃၈) ဦးရှိပြီး ၎င်းတို့အနက် (၁၂၈) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၃၀-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၃၁-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၇) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၃၁ – ၅ – ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၃၁-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၄၅) ခု |
| (၃၁-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၃၁ – ၅ – ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၂၄) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၈) ဦး | (၁၃၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃၁ – ၅ – ၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ**

၁။ (၃၀ – ၅ – ၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၇၅၂) ခုတွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ပါ၍ (၃၀ – ၅ – ၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၂၁၉)ခု၊ ဆေးသုတေသနဦးစီးဌာန(DMR)တို့မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၂)ခု၊ ရန်ကုန်မြို့ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်– ၁၀၀၀)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၆၇) ခု၊ စုစုပေါင်း (၁၃၃၈) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၃။ (၃၁ – ၅ – ၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၂၄)ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေ ထုတ်ပြန်ချက်**
**(၃၁ – ၅ – ၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| | |
|---|---|
| (၃၀-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၇၅၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေ ထုတ်ပြန်ချက်**
**(၃၁ – ၅ – ၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၂၄) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၃၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန




## ကမ္ဘောဇဘဏ်က နိုင်ငံအနှံ့အပြားရှိ အခြေခံပြည်သူများအတွက် စားနပ်ရိက္ခာများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၃၁

ကမ္ဘောဇဘဏ်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ်ပေါင်း ၃၀၀၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေ ၂၉ ရက်က ပေးအပ်လှူဒါန်းခဲ့ရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက လက်ခံခဲ့သည်။

ထို့အတူ ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလတွင် စားနပ်ရိက္ခာနှင့် နေထိုင်ရေး အဆင်ပြေစေရန်အတွက် မေ ၂၉၊ ၃၀ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ မန်ဆူဘုန်းကြီးကျောင်းတွင် ဓမ္မာရုံတိုးချဲ့ရန် ငွေကျပ်သိန်း ၂၀၀၀ ကိုလည်းကောင်း၊ လားရှိုးမြို့ ပြည်သူ့ဆေးရုံအတွက် ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ တိုက်ပွဲရှောင်ပြည်သူများနှင့် မန်ဆူကျောင်းအပါအဝင် ဘုန်းတော်ကြီးကျောင်း လေးကျောင်းအတွက် ငွေကျပ် ၄၀၅ သိန်း ကျော်တန်ဖိုးရှိ ဆန်၊ ဆီ၊ ကုလားပဲနှင် ဆားတို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ် ( မြောက်ပိုင်း) ကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအတွက် ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အပြင် ကမ္ဘောဇဘဏ်နှင့် စေတနာရှင်အလှူရှင်များ ပူးပေါင်းထားသည့် ကိုဗစ်-၁၉ စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီ ( တောင်ကြီး)မှ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ တိုက်ပွဲရှောင်စခန်း ၂၃ ခု၊ လားရှိုးမြို့နယ်အတွင်းရှိ အထက်မန်အိုင်ရွာ၊ မန်းပွဲကျေးရွာ၊ မက်ဟန်ကျေးရွာ၊ လွယ်လိမ့်ကျေးရွာတို့ရှိ ရှမ်း၊ ကိုးကန့်၊ ဗမာ၊ ကချင်နှင့် ပလောင်အိမ်ထောင်စု ၃၂၀၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကိုပေးအပ်လှူဒါန်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများရပ်တန့်၍ တင်ပို့ရောင်းချရန် အခက်အခဲဖြစ်နေသော ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကျေးလက်နေတောင်သူများစိုက်ပျိုးထားသော ဂေါ်ဖီထုပ်စိုက်ခင်းများမှ ဂေါ်ဖီထုပ် ငါးသိန်းဝယ်ယူပြီး စားနပ်ရိက္ခာလိုအပ်သောနေရာများမှ အခြေခံပြည်သူများထံသို့ မေလအတွင်း ဖြန့်ဝေလှူဒါန်းခဲ့သည်။ ရောဂါကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက် မပြတ်ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် National Health Laboratory တွင် အရေးပေါ်လိုအပ်နေသော ကျပ်သိန်း ၁၂၅၀ တန်ဖိုးရှိ အမေရိကန်နိုင်ငံ CAT အမျိုးအစား 500 kVA မီးစက်နှင့် ဆက်စပ်ပစ္စည်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ မေလအတွင်းက သွားရောက်လှူဒါန်းခဲ့သည်။

ကမ္ဘောဇဘဏ်သည် KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International (MAI) နှင့် Air KBZ တို့နှင့်လက်တွဲ၍ ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ ယခုအချိန်အထိ ကျပ်သိန်းပေါင်း ၃၇၄၈၈ သိန်း လှူဒါန်းထားပြီး ဆက်လက်၍လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာများတွင် လိုအပ်သည်တို့ကို ပူးပေါင်းပါဝင်လှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုကျော်**

# ကိုရိုနာဗိုင်းရပ်စ်နဲ့ တူညီစွာကျော်ဖြတ်ကြမယ် ဘဝသစ်ဆီသို့ကွယ် ...

❒ (ပါမောက္ခသိန်း၊ ဆေးတက္ကသိုလ်-၁-ရန်ကုန်)

ဘာလိုလိုနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး ကမ္ဘာကြီးကို ဒုက္ခပေးနေတာ ရက် ၁၅၀ ကျော်ခဲ့ပါပြီ။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ဝူဟန်မြို့မှာ ကိုရိုနာဗိုင်းရပ်စ် အသစ်တစ်မျိုးကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတစ်မျိုးဖြစ်နေတာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization – WHO) ကို သတင်းပို့ခဲ့ပါတယ်။

**အရေးပေါ်ကျန်းမာရေးအခြေအနေ ထုတ်ပြန်ခဲ့ရ**

WHO က ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၉ ရက်နေ့မှာ ဒီရောဂါဟာ လူတစ်ဦးထံမှ နောက်တစ်ဦးထံသို့ ကူးစက်နိုင်ကြောင်း ထုတ်ပြန်ခဲ့ပါတယ်။ ဒီလိုနဲ့ တစ်စတစ်စ တရုတ်နိုင်ငံက တခြားမြို့နယ် ပြည်နယ်တွေတင်မက တရုတ်နိုင်ငံ ပြင်ပတိုင်းပြည်တွေကို ဒီရောဂါပျံ့နှံ့လာလို့ WHO က ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၀ ရက်နေ့မှာ အများပြည်သူလူထုအတွက် အရေးပေါ်ကျန်းမာရေး အခြေအနေ (Public Health Emergency) အဖြစ် ထုတ်ပြန်ခဲ့ရပါတယ်။

ဒီရောဂါဖြစ်စေတဲ့ ဗိုင်းရပ်စ်ဟာ SARS ဖြစ်စေခဲ့တဲ့ ဗိုင်းရပ်စ်အုပ်စုဝင် Coronavirus အသစ်တစ်မျိုးမို့ အစောပိုင်းကာလတွေမှာ SARS–2 nCoV လို့ ခေါ်ဝေါ်ခဲ့ကြပါတယ်။ နိုင်ငံအတော်များများ ပျံ့နှံ့ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ ဒီဗိုင်းရပ်စ်ကို ကိုဗစ်–၁၉ ရယ်လို့ သတ်မှတ်အမည်ပေး ခေါ်ဝေါ်ခဲ့ကြပါတယ်။ ဒီရောဂါဟာ ကြောက်ခမန်းလိလိ အဆမတန်ပြန့်ပွားလာပြီး နိုင်ငံ (၆၀) ကျော်အထိ ပြန့်ပွားလာတဲ့အချိန် ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့မှာတော့ WHO က ဒီ ကိုဗစ်–၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါ Pandemic Disease လို့ သတ်မှတ်ကြေညာခဲ့ရပါတော့တယ်။

၂၀၂၀ ပြည့်နှစ် မေလ ၃၀ ရက်နေ့အထိ WHO ရဲ့ COVID–19 Situation Report –129 အရ ကမ္ဘာ့နိုင်ငံပေါင်း ၂၁၅ နိုင်ငံကျော် ပျံ့နှံ့ခဲ့ပြီး ရောဂါပိုးတွေ့ရှိသူပေါင်း ၆၂၀၀၀၆၉ ဦးရှိနေကာ လူနာပေါင်း ၃၇၁၇၄၃ ဦး ဒီရောဂါနဲ့ ဆုံးပါးသွားခဲ့ရပါတယ်။

ဒီနေ့အထိ အမေရိကန်နိုင်ငံမှာ လူပေါင်း ၁၈၁၉၇၉၂ ဦး ရောဂါပိုးတွေ့ပြီး လူနာ ၁၀၅၆၃၄ ဦး အသက်ဆုံးပါးသွားခဲ့ရပါတယ်။ အခုနောက်ပိုင်းမှဖြစ်တဲ့ ဘရာဇီးမှာ ၅၀၁၉၈၅ ဦး ရောဂါပိုးတွေ့နေပြီး ၂၈၈၇၂ ဦး သေဆုံးသွားပါတယ်။ ရုရှားမှာ ၄၀၅၈၄၃ ဦး၊ စပိန်၊ ဗြိတိန်၊ အီတလီနိုင်ငံတွေမှာ လူ နှစ်သိန်းကျော်စီ ရောဂါပိုးတွေ့ပြီး ဗြိတိန်နဲ့ အီတလီမှာ သုံးသောင်းကျော်၊ စပိန်မှာ နှစ်သောင်း ခုနစ်ထောင်ကျော်ဆုံးပါးခဲ့ပါတယ်။

ရောဂါစဖြစ်တဲ့ တရုတ်နိုင်ငံမှာ လူပေါင်း ၈၃၀၀၁ ဦး ရောဂါပိုးတွေ့ပြီး ၄၆၃၄ ဦး သေဆုံးတယ်လို့ WHO စာရင်းဇယားတွေမှာ ဖော်ပြထားပါတယ်။

**သေသေချာချာလေ့လာသင့်**

မိမိတို့နိုင်ငံမှာ မတ်လ ၂၃ ရက်နေ့မှာ ပထမဆုံး ပိုးတွေ့လူနာစတွေ့ခဲ့ပြီး ယနေ့အထိ ဓာတ်ခွဲအတည်ပြု ပိုးတွေ့ (Confirmed) လူနာ ၂၂၄ ဦး၊ သေဆုံးလူနာ(Death) ၆ ဦး ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်သူ(Recovered) ၁၃၈ ဦး ရှိနေပါပြီ။ အာရှတစ်ခွင်မှာ ဘူတန်၊ တီမောလက်စတေ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ဘရူနိုင်း၊ မွန်ဂိုလီးယားနိုင်ငံတွေဟာ ပိုးတွေ့လူနာ ရာဂဏန်း/ ဆယ်ဂဏန်းပဲရှိပြီး လာအို၊ ကမ္ဘောဒီးယား၊ ဘူတန်၊ တီမောလက်စတေ၊ ဗီယက်နမ်တွေမှာ သေဆုံးသူတစ်ယောက်မှမရှိတာဟာ သိပ္ပံပညာနည်းအရ သေသေချာချာလေ့လာသင့်တဲ့ အချက်တစ်ခုပါ။

ဒီရောဂါကို ရှာဖွေထိန်းချုပ်၊ ကာကွယ်၊ ကုသတဲ့အခါ WHO က Guide Line တွေချပေးသလို နိုင်ငံပေါင်းစုံက ကိုယ့်နိုင်ငံနဲ့ကိုယ် လိုသလို ပြုပြင်မွမ်းမံ ဆောက်ရွက်ကြပါတယ်။ ပထမပိုင်းကTest, Test, Test ရောဂါပိုး ရှိ၊ မရှိ ပိုးကိုရှာတာ အထူးဦးစားပေးကြရာမှာ ဓနအင်အားတောင့်တင်းတဲ့ နိုင်ငံတွေအဖို့ အဆင်ပြေခဲ့ပါတယ်။ အဲဒီနောက် Test, Quarantine, Contact Tracing, Quarantine, Lockdown (Complete/ Partial) တွေအပြင် Stay Home, Social/ Physical Distancing , Frequent Hand Washing, proper and effective use of various face masks for various people တွေကို နိုင်ငံတိုင်းလိုလို ကိုယ့်နိုင်ငံနဲ့ ဆီလျော်အောင် လုပ်ခဲ့ကြပါတယ်။ အခု နိုင်ငံအချို့မှာ ရောဂါပြန့်ပွားမှု တန့်နေပြီ/ အတော်အတန်ထိန်းနိုင်ပြီ( end of first wave/ flatten the curve) လို့ ယူဆနေကြပါပြီ။ ဒီ ကိုဗစ်–၁၉ ရောဂါပိုးဟာ အသစ်ပေါ်ပေါက်လာတဲ့ ပိုးဖြစ်လို့ သူ့အကြောင်းကို ဘယ်သူကမှ အလုံးစုံမသိနိုင်ကြသေးသလို ရှာဖွေစူးစမ်းလေ့လာနေသူတွေအဖို့ နေ့တိုင်းလည်း အသစ်အဆန်းတွေ့ရှိမှုတွေ တွေ့နေကြရပါတယ်။




ဒီရောဂါစဖြစ်ခါစက ဗိုင်းရပ်စ်ရောဂါမို့ အန္တရာယ်သိပ်မရှိဘူး၊ သုံးလေးရက်နေရင် ပျောက်သွားမှာမို့ အပူကျဆေး၊ အကိုက်အခဲပျောက်ဆေးလေးပဲ သောက်ပြီး နားနားနေနေဆိုကောင်းသွားမယ်လို့ ပေါ့ပေါ့ထင်ခဲ့ကြပေမယ့် ရောဂါခံစားရတဲ့လူတွေရဲ့ ၈၀ မှ ၈၅ ရာခိုင်နှုန်းကသာ ရောဂါဒဏ်ပြင်းပြင်းထန်ထန် မခံစားရဘဲ ကျန် ၁၅ ရာခိုင်နှုန်းလောက်က ရောဂါပြင်းထန်ပြီး ဆေးရုံမှာ အတွင်းလူနာအဖြစ် ကုသမှုခံယူရကာ တချို့ အဆုတ်ကို ထိခိုက်မှုပြင်းထန်ပြီး အသက်ရှူစက်တင်ရတဲ့အထိဖြစ်ကာ ၃–၅ ရာခိုင်နှုန်းလောက် အသက်ဆုံးရှုံးကြပါတယ်။

**Remdesivir က ဖောက်ထွက်လာ**

ဒါကြောင့် ရောဂါခံစားရသူတွေကို ဆေးအမျိုးမျိုး စမ်းပေးပြီးကုသခဲ့ကြပါတယ်။ ဒီရောဂါစဖြစ်တဲ့ တရုတ်နိုင်ငံက ရောဂါပိုးရဲ့ မျိုးရိုးဗီဇ ( Genome) ကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ရာ တချို့နေရာတွေဟာ AIDS ဖြစ်စေတဲ့ HIV ပိုးနဲ့ဆင်သလိုလို တွေ့ကြရလို့ ART ဆေးတစ်မျိုးဖြစ်တဲ့ Lopinavir/ Ritonavir ဆေးကို သုံးကြည့်ကြပါတယ်။ တချို့ကလည်း ဗက်တီးရီးယားပိုးသတ်ဆေးတစ်မျိုးဖြစ်တဲ့ Azithromycin ကို ပေးကြတယ်။ ဒီရောဂါဆိုးတဲ့ လူနာတွေမှာ ရောဂါသက်သက်ကြောင့် မဟုတ်ဘဲ ကိုယ်ခန္ဓာက ရောဂါကို တုံ့ပြန်တိုက်ခိုက်ရာက ထွက်လာတဲ့ ရောင်ရမ်းပစ္စည်းစု (Cytokines)တွေကြောင့် ဖြစ်တာမို့ အဲဒီရောင်ရမ်းမှုတွေ ကျတဲ့ဆေး (ယေဘုယျအားဖြင့် ငှက်ဖျားရောဂါ ကုပေမယ့် သွေးလေးဖက်နာ အပါအဝင် ရောင်ရမ်းအဆစ်နာတွေမှာ သုံးတဲ့ဆေး – Chloroquine/ Hydroxychloroquine) တို့၊ စတီးရွိုက်ဆေး Dexamethazone တို့၊ interleukin blocker တို့ကို အမျိုးမျိုးသုံးကြ၊ ကုကြပါတယ်။ ဂျပန်မှာတော့ တုပ်ကွေးမှာသုံးတဲ့ Avigan (Favipiravir) ကို သုံးကြည့်ကြတာလည်း အောင်မြင်တာတော့ မဟုတ်ပါဘူး။ တချို့လည်း Ivermectin ခေါ်တဲ့ သန်ကောင်ရောဂါတစ်မျိုးမှာသုံးတဲ့ဆေးကို ပေးကြပါတယ်။ ဆေးတိုင်းလိုလို ကောင်းတဲ့လူတချို့ရှိသလို မထူးတဲ့လူတွေလည်း ရှိပါတယ်။ တကယ့် သိပ္ပံနည်းကျ စူးစမ်းလေ့လာမှုပြုပြီး ပေးကြရတာမဟုတ်ဘဲ ကပ်ရောဂါလို ဖြစ်နေတဲ့အချိန်မှာ အသက်ကယ်လိုကယ်ငြား Compassionate use အနေနဲ့ ပေးခဲ့ကြရတာပါ။ အဲဒီအထဲမှာမှ အမေရိကန်က Gilead Science က ၂၀၁၇ ခုနှစ်မှာ Ebola virus အတွက် ထုတ်ထားတဲ့ Remdesivir က ဖောက်ထွက်လာပါတယ် ။ တရုတ်နိုင်ငံမှာ ရောဂါပြင်းထန်ချိန် Gilead က ဝူဟန်က လူနာတွေမှာ ဒီဆေး ပေးလှူခဲ့ပါတယ်။

ဆေးက သွေးကြောထဲက သွင်းရတာပါ။ ၁၀ ရက်ဆက်တိုက်သွင်းပေးရတာပါ။ လူနာပေါင်း ၂၃၇ ဦးကို (၂) အုပ်စုခွဲပြီး ၇၉ ဦးကို ပုံမှန်သုံးနေကျဆေးကိုပေးပြီး ၁၅၈ ဦးကိုတော့ အဲဒီ Remdesivir ဆေးကိုထပ်ဖြည့်ပေးပြီး စမ်းသပ်လေ့လာခဲ့ကြပါတယ်။ တွေ့ရှိချက်ကို ကမ္ဘာကျော် ဆေးဂျာနယ်တစ်ခုဖြစ်တဲ့ Lancet Journal မှာ ဖော်ပြချက်အရ အုပ်စု(၂)ခုမှာ ထူးထူးခြားခြား ကွာခြားမှုမရှိတာကို တွေ့ခဲ့ကြပါတယ်။ ဒါပေမယ့် ဒီစမ်းသပ်မှုက စမ်းသပ်တဲ့ လူအရေအတွက်နည်းတာ အပါအဝင် အားနည်းချက်တွေရှိလို့ ထပ်ပြီး ကျယ်ကျယ်ပြန့်ပြန့်ဆက်လုပ်ဖို့ အကြံပြုထားပါတယ်။

ဒါကြောင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှာ Gilead Science က ACTT (Adaptive COVID–19 Treatment Trial ) လို့ ခေါ်တဲ့ Remdesivir ဆေးနဲ့ ပိုမိုကြီးမားကျယ်ပြန့်တဲ့ သုတေသနစမ်းသပ်မှုကို လူနာပေါင်း ၁၀၆၃ ဦးနဲ့ စမ်းသပ်မှုနေရာ ၆၈ နေရာမှာ ထပ်မံပြုလုပ်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံမှာ ၄၇ နေရာနဲ့ အီးယူနဲ့ အာရှနိုင်ငံတွေမှာ ၂၁ နေရာပါ။ ပထမဆုံး သမိုင်းဝင်ဖြစ်သွားတဲ့လူနာက အမေရိကန်လူမျိုးဖြစ်ပြီး “ Diamond Princess Cruise” အပျော်စီးသင်္ဘောပေါ်က ခရီးသည်ဖြစ်ပါတယ်။ Japan နိုင်ငံ Yokohama ဆိပ်ကမ်းမှာ ဆိုက်ကပ်ထားစဉ် University of Nebraska Medical Center မှာ ပြုလုပ်ခဲ့တဲ့ သုတေသနစမ်းသပ်မှုပါပဲ။ ကိုဗစ်–၁၉ ပြင်းပြင်းထန်ထန်ခံစားရတဲ့ လူနာတွေကိုပဲ ၁၀ ရက်ကာလ အဲဒီဆေးထိုးတဲ့လူနဲ့ မထိုးတဲ့လူတွေကို လေ့လာခဲ့ကြတာပါ။

**ရောဂါပျောက်ကင်းမှုမြန်**

ဝမ်းသာစရာတွေ့ရှိချက်ကတော့ အဲဒီဆေးမပါဘဲ ကုတဲ့လူနာတွေက ရောဂါလက္ခဏာတွေ ပျောက်ကင်းဖို့ ၁၅ ရက်ကြာပေမယ့် အဲဒီဆေးနဲ့ကုလိုက်တဲ့ လူနာတွေက ၁၁ ရက်ပဲ ကြာတာကို တွေ့ကြရတာပါပဲ။ Statistics တွက်နည်းတွက်ကိန်းတွေအရ ၃၁ ရာခိုင်နှုန်း ပိုမြန်နေတာ တွေ့ရပြီး Statistics အရ ‘p” value ကလည်း < 0.001 ဆိုတော့ သေချာတဲ့ တွေ့ရှိချက်လို့ ပြောနိုင်ပါတယ်။ Survival benefit ရှင်သန်မှုအကျိုးကျေးဇူးအတွက် Mortality သေဆုံးမှုနှုန်းမှာတော့ အဲဒီဆေးနဲ့ ကုလိုက်တဲ့ လူနာတွေက ၈ ရာခိုင်နှုန်းလောက်ရှိပြီး အဲဒီဆေးနဲ့မကုတဲ့ လူနာတွေမှာ ၁၁.၆ ရာခိုင်နှုန်းလောက်ရှိတာမို့ Statistics အရ p=0.059 မို့ သိပ်တော့ကွာခြားမှုမရှိတာ တွေ့ရပါတယ်။ ဘာပဲပြောပြော ရောဂါပျောက်ကင်းမှုမြန်တာကတော့ သေချာတဲ့ တွေ့ရှိမှုဖြစ်ပါတယ်။။

အမှန်က မိမိတို့လောကကြီးမှာ ဆေးအသစ်တစ်ခုကို လူတွေမှာ တွင်တွင်ကျယ်ကျယ် သုံးဖို့ဆိုရင် စမ်းသပ်မှုအဆင့် (Phase) အဆင့်(၄) ဆင့်ကို အဆင့်ဆင့် လူထောင်ပေါင်းများစွာကို စမ်းသပ်စောင့်ကြည့်ပြီးမှ အစာနဲ့ဆေးဝါးထိန်းချုပ်ရေးဌာန ( FDA ; Food and Drug Administration) က အဘက်ဘက်ကအန္တရာယ်မရှိတာသေချာမှ (Approved) လက်ခံအသုံးပြုခွင့်ပေးကြတာပါ။ အခု ကိုဗစ်–၁၉ ရောဂါက Pandemic ကမ္ဘာ့ကပ်ရောဂါအသွင် တစ်ကမ္ဘာလုံးပျံ့နှံ့ကူးစက်နေတဲ့အပြင် ယခုအထိ ဒီ Remdesivir ဆေးလောက် မျှော်လင့်ချက်ကောင်းတဲ့ ဆေးကိုလည်း မတွေ့သေးတာကြောင့် အမေရိကန်နိုင်ငံ အစာနဲ့ဆေးဝါးထိန်းချုပ်ရေးဌာန (USA : FDA ) က တရားဝင် သုံးစွဲရောင်းချခွင့်လိုင်စင်( Licensed / Approved) မပေးသေးသော်လည်း Severe COVID– ပြင်းထန်တဲ့ ကိုဗစ်ရောဂါလူနာတွေကို အရေးပေါ်သုံးစွဲကုသခွင့် (EUA: Emergency Use Authorization ) ပြုလိုက်ပါတော့တယ်။

**အကြီးစားသုတေသန(၂)ဆင့် ဆက်လုပ်နေ**

EUA: က သူတို့နိုင်ငံက ရောဂါပြင်းထန်တဲ့ လူနာကိုပဲ အရေးပေါ်သုံးခွင့်ပြုထားတာပါ။ အခု Gilead Science က ဒီ Remdesivir ဆေးနဲ့ပတ်သက်ပြီး အကြီးစားသုတေသန(၂)ဆင့် ဆက်လုပ်နေကြပါတယ်။ SIMPLE Trial လို့ ခေါ်ပါတယ်။ First SIMPLE Trial မှာ ဆေးရုံတက်နေတဲ့ ကိုဗစ်–၁၉ လူနာတွေထဲက ရောဂါပြင်းထန်တဲ့ လူနာတွေကို Remdesivir ဆေးကို ၁၀ ရက်ပေးတာနဲ့ ၅ ရက်ပေးတာရဲ့ တုံ့ပြန်မှုရလဒ်ကို လေ့လာကြမှာပါ။ လူနာ ၃၉၇ ဦးနဲ့ စလေ့လာနေပြီး နောက်ပိုင်းမှာ လူနာ ၅၆၀၀ အထိ တိုးပြီးကုသစမ်းသပ်လေ့လာကြမှာဖြစ်ပါတယ်။ ကမ္ဘာအနှံ့ နိုင်ငံအများအပြား အမေရိကန်၊ ပြင်သစ်၊ အီတလီ၊ စပိန်၊ ဂျာမနီ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ နယ်သာလန်၊ ဗြိတိန်၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံစုံမှာရှိတဲ့ သုတေသနနေရာ ၁၈၀ မှာ သုတေသနပြုကြမှာ ဖြစ်ပါတယ်။ အဲဒါပြီးရင် Second SIMPLE Trial အနေနဲ့ ရောဂါသိပ်မပြင်းထန်တဲ့ ( Moderate cases) လူနာတွေကို ဒီဆေးနဲ့ ပထမ ၆၀၀ ဆက်စမ်းသပ်ကြဦးမှာပါ။

ဒီ Remdesivir ဆေးကို ထုတ်လုပ်တဲ့ Gilead Science က ၂၀၁၇ ခုနှစ်မှာ ဒီဆေးကို Ebola ရောဂါအတွက် စထုတ်ခဲ့တာဖြစ်ပြီး မူပိုင်ခွင့် Patency အနှစ် ၂၀ ရှိနေတာမို့ ဒီဆေးကို ဒီကုမ္ပဏီကသာ ၂၀၃၇ ခုနှစ်အထိ တစ်ဦးတည်း မူပိုင်ထုတ်လုပ်ရောင်းချခွင့် ရှိနေပါတယ်။ ကိုဗစ်–၁၉ ရောဂါဟာ Pandemic ကမ္ဘာ့ကပ်ရောဂါကြီးဖြစ်နေတာမို့ Gilead Science က အခုပြုလုပ်နေသမျှ သုတေသနအားလုံးအတွက် ဆေးတွေကို အခမဲ့ ထုတ်လုပ်ပေးလှူပေးနေပါတယ်။

အဲဒီဆေးအပါအဝင် ဆေးအုပ်စု (၄) ခုကိုလည်း WHO က နိုင်ငံပေါင်းများစွာမှာ သုတေသနတွေ လုပ်နေပါသေးတယ်။ တစ်အုပ်စုက အဲဒီဆေး Remdesivir၊ ဒုတိယအုပ်စုက Chloroquine / hydroxychloroquine၊ တတိယအုပ်စုက HIV မှာသုံးတဲ့ Lopinavir+ Rotonavir၊ ဆေးနောက်ဆုံးအုပ်စုက Lopinavir+ Rotonavir (၂) ခုကို Interferon beta 1a ထပ်ဖြည့်ပြီးပေးမှာပါ ။ WHO က လုပ်နေတဲ့ “Solidarity Trial” မှာ အိန္ဒိယနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော် ပါဝင်နေပါတယ်။

UK , Oxford University ရဲ့ “ Recovery Trial” မှာလည်း လူ ၅၀၀၀ နဲ့ NHS ဆေးရုံ ၁၆၅ ရုံမှာ ဆေးကုသမှုနဲ့ပတ်သက်ပြီး သုတေသနအကြီးကြီး တစ်ခုကို အုပ်စု(၆) ခုခွဲပြီး ဆောင်ရွက်နေကြရာမှာ အုပ်စု(၁) မှာ Lopinavir+ Rotonavir ဆေးအတွဲ ၊ (၂) မှာ Chloroquine/ hydroxychloroquine ၊ (၃) မှာ Azithromycin ပိုးသေဆေး၊ (၄) မှာ Dexamethazone low dose၊ (၅) မှာ Toclizumab နဲ့ (၆)မှာ အဲဒီဆေးတွေ တစ်ခုမှမပေးဘဲ supportive treatment လိုအပ်တဲ့ ပံ့ပိုးကုသမှုတွေပဲပေးပြီး ယှဉ်ကြည့်ကြမှာပါ။ ဆိုလိုတာက အခုအထိ ဒီ ကိုဗစ်–၁၉ ရောဂါကို သေချာပေါက် ပျောက်ကင်းသက်သာသွားအောင် ကုသနိုင်ပါပြီဆိုတဲ့ ဆေးမရှိသေး၊ မပေါ်သေးပါဘူး။

နောက်ထပ်ကုသမှုတွေကိုလည်း စူးစမ်းရှာဖွေနေကြရာမှာ “Convalescent Plasma” ခေါ်တဲ့ ရောဂါခံစားရပြီး၊ နာလန်ထပြီး ရောဂါလုံးဝကင်းစင်သွားတဲ့ လူရဲ့သွေးရည်ကြည်ကို ရောဂါပြင်းထန်တဲ့ လူနာတွေကို ပေးတဲ့ကုထုံးကို အမေရိကန်၊ အင်္ဂလန်၊ ဂျာမနီ အပါအဝင် နိုင်ငံတွေမှာ စမ်းသပ်နေကြသလို Monoclonal Antobody ခေါ်တဲ့ ဓာတ်ခွဲခန်းထဲမှာ ပြုပြင်ထုတ်လုပ်တဲ့ ရောဂါပိုးကိုတိုက်ထုတ်မယ့် ပဋိဇီဝပစ္စည်းနဲ့ ဓာတ်ခွဲခန်းတွေမှာ ရောဂါပိုးတွေနဲ့ စမ်းသပ်နေတာ ရလဒ်ကောင်းတွေ တွေ့နေရပြီလို့ နယ်သာလန်နိုင်ငံ တက္ကသိုလ်တစ်ခုက Nature မှာ ဖော်ပြခဲ့သလို အစ္စရေးနိုင်ငံမှ Israel Institute of Biological Research (IIBR) နဲ့ အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်က ဌာနတစ်ခုမှာလည်း အဲဒီကုထုံးအတွက် ကြိုးပမ်းနေကြပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၄၇၀၀ | ၂၂၄ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၃၈ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၉၁၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၂၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

- ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၇၈ | ၅ |
| ၂ | ချင်း | ၉ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | မန္တလေး | ၃ | |
| ၆ | ရှမ်း(ရှေ့) | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | နေပြည်တော် | ၂ | |
| ၉ | ရှမ်း(မြောက်) | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၁ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| စုစုပေါင်း | | ၂၂၄ | ၆ |

- ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၃၀-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၈၁၉၇၉၂ | ၅၃၅၃၇၉ | ၁၀၅၆၃၄ |
| ဘရာဇီး | ၅၀၁၉၈၅ | ၂၀၅၃၇၁ | ၂၈၈၇၂ |
| ရုရှား | ၄၀၅၈၄၃ | ၁၇၁၈၈၃ | ၄၆၉၃ |
| စပိန် | ၂၈၆၃၀၈ | ၁၉၆၉၅၈ | ၂၇၁၂၅ |
| ဗြိတိန် | ၂၇၄၇၆၂ | စိစစ်ဆဲ | ၃၈၄၈၉ |
| အီတလီ | ၂၃၂၆၆၄ | ၁၅၅၆၃၃ | ၃၃၃၄၀ |
| ပြင်သစ် | ၁၈၈၆၂၅ | ၆၈၂၆၈ | ၂၈၇၇၁ |
| အိန္ဒိယ | ၁၈၆၁၈၆ | ၈၈၇၆၉ | ၅၂၆၈ |
| ဂျာမနီ | ၁၈၃၃၃၂ | ၁၆၅၂၀၀ | ၈၆၀၂ |
| တူရကီ | ၁၆၃၁၀၃ | ၁၂၆၉၈၄ | ၄၅၁၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၃၄၈၈၄ | ၂၀၇၂၇ | ၂၃ |
| အင်ဒိုနီးရှား | ၂၆၄၇၃ | ၇၃၀၈ | ၁၆၁၃ |
| ဖိလစ်ပိုင် | ၁၈၀၈၆ | ၃၉၀၉ | ၉၅၇ |
| မလေးရှား | ၇၈၁၉ | ၆၃၅၃ | ၁၁၅ |
| ထိုင်း | ၃၀၈၁ | ၂၉၆၃ | ၅၇ |
| ဗီယက်နမ် | ၃၂၈ | ၂၇၉ | ၀ |
| မြန်မာ | ၂၂၄ | ၁၃၈ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၅ | ၁၂၃ | ၀ |
| လာအို | ၁၉ | ၁၆ | ၀ |

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် ၁၆-၃-၂၀၂၀ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ရာတွင် Coronavirus Disease 2019(COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အား သရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေး မေတ္တာရပ်ခံအပ်ပါသည်–

(က) မြန်မာ့စီးပွားရေးဘဏ်

| | | |
|---|---|---|
| Bank Name | – | Myanmar Economic Bank(H.O),Forex Operation |
| Account No. | – | CF 004880(MMK) |
| | – | EDN 600010(US$) |
| Swift Code | – | MYEBMMMY |
| Account Name | – | National Level Central Committee for Prevention Containment and Treatment of Covid 19 |
| Bank Address | – | Myanmar Economic Bank(H.O), Loan & Supervision Dept., No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar |

(ခ) ကမ္ဘောဇဘဏ်

| | | |
|---|---|---|
| Bank Name | – | KBZ Bank Ltd. |
| Account No. | – | 034 103 034 0232 8301 (MMK) |
| | – | 034 109 034 0232 8301 (US$) |
| Swift Code | – | KBZBMMMY |
| Account Name | – | Coronavirus Disease 2019 (COVID–19)(National Level Central Committee For Preventing and Containing the Virus) |
| Bank Address | – | No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar |
| Branch Address | – | No.1, Bank Ward, Oaktaya Thiri Township, Naypyitaw |

(ဂ) ဧရာဝတီဘဏ်

| | | |
|---|---|---|
| Account No. | – | 000 110 501 002 5635 (MMK) |
| | – | 000 110 503 000 0425 (US$) |
| Swift Code | – | AYABMMMY |
| Account Name | – | CORONAVIRUS DISEASE 2019 (COVID–19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE |
| Bank Address | – | No.416/ Mahabandoola Road, Kyauktada Towship, Yangon, Myanmar |
| Branch Address | – | No.(110–112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw |

(ဃ) CB ဘဏ်

| | | |
|---|---|---|
| Account No. | – | 0093 1005 0000 1333 (MMK) |
| | – | 0093 1012 0000 2957 (US$) |
| Swift Code | – | CPOBMMMY |
| Account Name | – | CORONAVIRUS DISEASE 2019 (COVID–19) DONATION |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် –

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၀၆၇၃-၄၁၁၁၄၀<br>၀၉-၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာအေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၀၉-၅၀၉၂၂၉၃ |

**Coronavirus Disease 2019(COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ် -၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်



**နေပြည်တော် မေ ၃၁**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများပူးပေါင်း၍ ကိုဗစ် -၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၂၅ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၃၅ မြို့နယ်ရှိ နေရာ ၇၈ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ဂါလန် ၆၀၊ ပိုးသတ်ဆေးမှုန့် ၁၂ ကီလိုဂရမ်၊ ရေဂါလန် ၄၃၂၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ မေ ၂၆ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၃၅ မြို့နယ်ရှိနေရာ ၇၀ တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၉၃ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၁၅ ကီလိုဂရမ်၊ ရေ ဂါလန် ၆၄၈၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ မေ ၂၆ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ မေ ၂၅ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ချင်းပြည်နယ် ဟားခါးမြို့နယ်၌ မေ ၂၆ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ညောင်ပင်ဘုန်းတော်ကြီးကျောင်း၌ မေ ၂၆ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ မေ ၂၆ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ကယားပြည်နယ် လွိုင်ကော်မြို့နယ်၌ မေ ၂၅ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ မေ ၂၅ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မေ ၂၆ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

# မြို့ဂုဏ်ဆောင် တိုင်းဂုဏ်ဆောင် နိုင်ငံ့ဂုဏ်ဆောင် လူထုရင်ပြင်

**ဆူးငှက်**

"ဂါထာနတ်ရုပ်၊ အင်းမြုပ်အင်းနှံ၊ စီမံပယောဂ၊ တေလကူမ္ဘာ၊ ရာ့နှစ်ဆယ် ဝင်၊ လေးခွင်လေးထောင့်၊ ဂြိုဟ်နတ်စောင့်နှင့်၊ မြို့စောင့်နတ်ဂူ၊ ဆူဆူများစွာ၊ မြို့အင်္ဂါလည်း၊ ဖွယ်ရာမကြွင်း" ဟူသော မဃဒေဝလာ အစီအမံအတိုင်း မန္တလေးရွှေမြို့တော်ကြီး စတင်တည်ထောင်စဉ် မြို့တော်လေးထောင့်တွင် ဆီအိုးကြီးများ မြှုပ်နှံပြီးလေသောအခါ မြို့တည် နန်းတည် ခုနစ်ဌာနကို အုတ်စီခင်း၍ တံခါး(၁၂) ရပ် တိုင်ထူခဲ့သည်။

### မြို့တည် နန်းတည် ခုနစ်ဌာန

မြို့တည် နန်းတည် ခုနစ်ဌာနတွင် အတုလဝေယံကျောင်းတော်ပါရှိ၏။ မဟာလောကမာရဇိန် စေတီတော်ပါ၏။ မြို့တော်သူ မြို့တော်သားတို့က "ကုသိုလ်တော်ဘုရား" ဟု ခေါ်ဆိုခဲ့ကြသည်။ ဘုရားပရိဝုဏ်တွင် ပိဋကတ်ကျောက်စာတော်ပေါင်း (၇၂၉)ဆူရှိ၏။ ကုသိုလ်တော်၏ အနောက်ယွန်းယွန်းမှာ သုဓမ္မာဇရပ်တော်နှင့် ပဋ္ဌာန်းဟောရွှေသိမ်တော်ရှိသည်။ သုဓမ္မာဇရပ်တော်က ရတနာပုံခေတ်၏ ထင်ရှားသော စာပြန်ပွဲများ ကျင်းပရာနေရာဖြစ်သည်။ သုဓမ္မာဇရပ်တော်နှင့် ပဋ္ဌာန်းဟော ရွှေသိမ်တော်၏ မြောက်ယွန်းယွန်းမှာက ပိဋကတ်တိုက်တော်ရှိသည်။ တောင်ဘက်မှာတော့ ၄၈ ရပ်သော ပြာသာဒ်များနှင့် တာဝတိံသာက နတ်ဘုံနတ်နန်းတမျှ တင့်တယ်လှစွာသော ရွှေမြို့တော်ကြီးနှင့် ကျုံးတော် တည်ရှိပါ၏။

### အသက်ကယ်ရှည်စေလို ၊ မြနန္ဒာရေညှိုသန်းတယ်၊ မန်းတောင်ရိပ်ခို

မြို့တည်နန်းတည် ခုနစ်ဌာန အဝန်းအဝိုင်း၏ ဗဟိုချက်မဖြစ်သော ကုသိုလ်တော်၊ စန္ဒာမုနိနှင့် အတုမရှိဝန်းကျင်ကွင်းကျယ်ကွက်လပ်များကား ရွှေမြို့တော်သူ ရွှေမြို့တော်သားများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်တို့ လွတ်လပ်ပျော်ရွှင်စွာ သွားလာအနားယူကြသည့်နေရာ၊ ပွဲတော်ခင်းကျင်းရာနေရာများအဖြစ် အစဉ်အဆက် တည်ရှိခဲ့ပါသည်။ ထိုနေရာသည် မန္တလေး၏ အသည်းနှလုံးလည်းဖြစ်သည်။ ပိုမို၍ မင်္ဂလာကျက်သရေရှိသည်မှာ မြို့တည်နန်းတည် ခုနစ်ဌာနအပေါ် မန္တလေးတောင်တော်က အရိပ်ပမာ ဆီးမိုးနေခြင်းဖြစ်သည်။ မန္တလေးတောင်ဟူသည် "ချစ်ရှင်ပြန့်မွေး၊ ဗျာဒိတ်ပေးသား၊ မန္တလေးရွှေတောင်၊ ဆယ်မိအောင်လျှင်၊ စောင်စောင်သာသနာ၊ ရောင်ဝါစည်ကြီး၊ လိုတော်ပြီး" ဟုဖွဲ့ဆိုသကဲ့သို့ ဤတောင်တော်သည် ပွင့်တော်မူပြီး ဘုရားရှင်အဆက်ဆက် ဘုရားရဟန္တာတို့ တရားကျင့်ကြံ ပျော်မွေ့ရာအရပ်၊ ဂေါတမဘုရားရှင်လက်ထက် ဗျာဒိတ်ပေးရာတောင်ထူးတောင်မြတ်အဖြစ် ယုံကြည်ခဲ့ကြသောကြောင့် " အသက်ကယ်ရှည်စေလို၊ မြနန္ဒာရေညှိုသန်းတယ်၊ မန်းတောင်ရိပ်ခို" ဟူသော တဘောင်ဖြင့် အထွတ်အမြတ်ထားခဲ့သည်။

ထို့ကြောင့် မြို့တည်နန်းတည် ခုနစ်ဌာနနှင့် ဆက်စပ်ကာ မန္တလေးတောင်တော် ထီးရိပ်မိုးထားသည့် ဘူမိနက်သန် နေရာမှန်သည်။ ကျက်သရေမင်္ဂလာရှိသောနေရာ၊ အထူးသဖြင့် မြို့လူထု၏ အသည်းနှလုံး မြတ်နိုးတွယ်တာ ဂုဏ်ယူဖွယ်နေရာလည်းဖြစ်ရမည်။

### ခေတ်မီမြို့ပြစီမံကိန်းကြီးများနှင့် လူထုရင်ပြင်


တကယ်တော့ နိုင်ငံတော်တော်များများ၏ မြို့ကြီးတိုင်းလိုလိုတွင် လူထုအခမ်းအနားကြီးများ ကျင်းပရန်အတွက် လူထုရင်ပြင်ကြီးများရှိသည်။ ခေတ်မီမြို့ပြစီမံကိန်းကြီးများ ရေးဆွဲကတည်းက လူထုရင်ပြင်ကြီးများကို စနစ်တကျ ထည့်သွင်းကာ တည်ဆောက်ကြသည်။ အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် TIME SQUARE ရင်ပြင်၊ အင်္ဂလန် လန်ဒန်မှာ PARLIAMENT SQUARE၊ အီတလီရောမတွင် ST.PETER'S SQUARE သမိုင်းဝင်ရင်ပြင်၊ တရုတ်နိုင်ငံ ပေကျင်းတွင် TIANANMEN SQUARE ၊ ရှန်ဟိုင်းတွင် PEOPLE'S SQUARE ၊ ရုရှားက မော်စကိုမှာ RED SQUARE ခေါ် ရင်ပြင်နီ၊ ဟန်ဂေရီ ဘူတာပတ်(စ်)မြို့မှာ ROOSEVELT SQUARE စသည်ဖြင့် ကမ္ဘာကျော် ရင်ပြင်ကြီးများ ထင်ရှားသည်။ နောက်ထပ် HEROES SQUARE ဆိုတာလည်း ဟန်ဂေရီမှာရှိသေးသည်။ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့က TAHRIR SQUARE ကတော့ သည်ဘက် ဆယ်စုနှစ်များအတွင်း အထူးထင်ရှားလာ၏။ မြန်မာနိုင်ငံ ရန်ကုန်မှာလည်း ပြည်သူ့ရင်ပြင်ရှိသည်။ ထို့အတူ မြို့တော်သစ် နေပြည်တော်မှာလည်း ရှိသည်။

### မန္တလေး၏ အထွတ်အမြတ်နေရာ

မန္တလေးမြို့သည်ကား အမျိုးသားယဉ်ကျေးမှုအတွက် အချက်အချာကျသော နေရာဖြစ်သည်။ အမျိုးသားလွတ်လပ်ရေးသမိုင်းစဉ်များမှာလည်း ရှေ့တန်းက ပါဝင်ခဲ့သည့် မြို့ကြီးဖြစ်သည်။

ဤကဲ့သို့အရေးပါသောမြို့ကြီးမှာ အများပြည်သူလူထုအတွက် အမျိုးသားရင်ပြင် (ဝါ) လူထုရင်ပြင်တစ်ခု လိုအပ်နေသည်။ ထိုရင်ပြင်သည် ခမ်းနားထည်ဝါပြီး လူထုပရိသတ် သိန်းချီစုဝေးနိုင်သောနေရာဖြစ်ရမည့်နည်းတူ လူထုအတွက် အထိမ်းအမှတ် အခမ်းအနားကြီးများ ကျင်းပနိုင်မည့်နေရာဖြစ်သလို အမျိုးသားလွတ်လပ်ရေးအတွက် ဂုဏ်ပြုဦးညွှတ်ရာ အမှတ်လက္ခဏာ ရုပ်တုကမ္ပည်းစာ ပြခန်း ပြကွက် မော်ကွန်းမှတ်တမ်းတို့ စိုက်ထူဦးညွှတ်ဖွယ် နေရာလည်း ဖြစ်ရပါမည်။

တကယ်တော့ ထိုသို့ ပြည့်စုံလုံလောက်သည့်နေရာက မန္တလေး၏ အထွတ်အမြတ်နေရာ၌ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကတည်းက တည်ရှိခဲ့ပြီးဖြစ်သည်။ ထိုနေရာကား မန္တလေးသားတိုင်း တန်ဖိုးထားခဲ့ကြသော မန်းရာပြည့်ကွင်းကြီးဖြစ်သည်။



မြို့ဂုဏ်ဆောင် တိုင်းဂုဏ်ဆောင် နိုင်ငံ့ဂုဏ်ဆောင် လူထုရင်ပြင်

### "မန်းရာပြည့်ကွင်း"၊ "ရာပြည့်ကွင်း"

ကုန်လွန်ခဲ့တဲ့ နှစ်၆၀ကျော်၊ ၁၃၂၁ ခုနှစ် (ခရစ်နှစ် ၁၉၅၉ ခု) တွင် မန္တလေး အနှစ် ၁၀၀ တင်းတင်း ပြည့်ခဲ့၏။ တစ်သက်မှတစ်ခါ ကြုံတောင့်ကြုံခဲမို့ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ကို "မန်းရာပြည့်" လို့ အလွန်တိကျကျစ်လျစ်တဲ့ နာမည်နဲ့ ပွဲတော်ကြီး ဝှဲချီးကျင်းပသည်။

မန်းရာပြည့်ပွဲတော်ကြီး ဝှဲချီးကျင်းပခဲ့သော မန္တလေးတောင်ခြေက အကျယ် ၅၅ ဧကရှိသည့် ကွင်းကြီးမှာလည်း "မန်းရာပြည့်ကွင်း"၊ "ရာပြည့်ကွင်း"ဟု ခေတ်အဆက်ဆက် ထင်ရှားခဲ့သည်။ မန္တလေးမြို့လုံးဆိုင်ရာ လူထုချီတက်ပွဲကြီးများ၊ စည်းဝေးပွဲကြီးများ၊ ပြည်ထောင်စုနေ့ကဲ့သို့ နိုင်ငံတော် အခမ်းအနားကြီးများ၊ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၏ ဈာပနပွဲတော်ကြီးများကို မန်းရာပြည့်ကွင်းကြီးတွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်ခဲ့သည်။ မန်းရာပြည့်ကွင်းကြီးတွင် အစဉ်အဆက် ကျင်းပခဲ့သော ပွဲကြီးများ၏ အခင်းအကျင်းများမှာ အရှေ့ဘက်က ဆီးမိုးထားသော မန္တလေးတောင်တော်ကြီး၏ နောက်ခံမြင်ကွင်းနှင့် အလွန်တင့်တယ်ခဲ့၏။ မန်းရာပြည့်ကွင်းကြီးသည် အကွက်အကွင်းကောင်းသည့်အပြင် ကျယ်ဝန်းပြန့်ပြူးသော မြေပြင်အနေအထားဖြစ်သောကြောင့် မြို့ကျက်သရေဆောင် လူထုရင်ပြင်ကြီးပမာ နိုင်ငံတော်အခမ်းအနားကြီးများကို နှစ်စဉ် ကျင်းပခဲ့ရာ ၁၉၈၉ ခုနှစ်တွင် ရတနာပုံ တီရစ္ဆာန်ဥယျာဉ်အဖြစ် ဘဝပြောင်းသွားတော့၏။

### မြို့ဂုဏ်ဆောင် တိုင်းဂုဏ်ဆောင် နိုင်ငံ့ဂုဏ်ဆောင်

ယခုအခါ မန္တလေးမြို့မိမြို့ဖများ၊ မြို့ခံ အသိပညာရှင် အတတ်ပညာရှင်များ၊ မြို့တော်သူ မြို့တော်သားများ အားလုံး၏ ဆန္ဒက အစဉ်အဆက် ဘိုးဘွားအမွေအနှစ်အဖြစ် တည်ရှိအပ်ခဲ့သော မန်းရာပြည့်ကွင်းကြီးနေရာတွင် မူလကဲ့သို့ လူထုရင်ပြင်ကြီးနှင့်အတူ ယခုအခါ မန္တလေးတိုင်းဒေသကြီး၏ ရင်းမြစ်သယံဇာတဖြစ်သည့် စကျင်ကျောက်သားဖြင့် သမိုင်းမှန် ဇာတိမှန် ခံ့ညားထည်ဝါစွာ ထုလုပ်ထားအပ်သော အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ ကျောက်ဆစ်ရုပ်၊ ဗိမာန်နှင့်အတူ မန္တလေး၏ နိုင်ငံရေးသမိုင်းပြခန်း မော်ကွန်းကျောက်စာ မြို့တည်ကမ္ပည်းမော်ကွန်းများနှင့်အတူ ကျက်သရေ မင်္ဂလာရှိသော နေရာသစ်အဖြစ် မြင်တွေ့လိုခြင်း ဆန္ဒပြင်းပြလျက် ရှိနေကြပါကြောင်း။

သို့မှသာ အတိတ်တဘောင် ထွန်းပြောင်သည့် မန္တလေးတောင်တော်မြတ်အရိပ်တွင် မြို့တည်နန်းတည် ခုနစ်ဌာနနှင့်အတူ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု၏ အမှတ်အသား တိုင်းဒေသကြီး လွှတ်တော်၏ မျက်နှာစာ၌ ဗိုလ်ချုပ်အောင်ဆန်း ကျောက်ဆစ်ရုပ်တု ဗိမာန်တို့ကို ဦးတိုက်သော လူထုရင်ပြင်ကြီးကား ခမ်းနားမှု၊ ကျက်သရေမင်္ဂလာရှိမှု၊ အနှစ်သာရရှိမှုတို့နှင့်အတူ မြို့ဂုဏ်ဆောင် တိုင်းဂုဏ်ဆောင် နိုင်ငံ့ဂုဏ်ဆောင်အဖြစ် တည်တံ့နေမည် ဖြစ်ပေသည်။ ။

---

## တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်ရန် ပျိုးပင်၊ မျိုးစေ့နှင့် မြေဩဇာများ ပေးအပ်

**လဲချား မေ ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ်ရှိ ပြည်သူများအနေဖြင့် မိမိနေအိမ်ပတ်ဝန်းကျင်၌ တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပျိုးပင်များ၊ မျိုးစေ့များနှင့် မြေဩဇာများကို ဟိုနောင်လုံ ကျေးရွာရှိ ပြည်သူများလက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းဖြန့်ဝေရာတွင် ဖရုံပင် ၇၀၊ ရုံးပတီ ၉၅ ထုပ်၊ ခရမ်းအထုပ် ၂၀၊ ကိုက်လန် အထုပ် ၂၀၊ ပဲတောင့်ရှည် ၂၅ ထုပ်၊ ပဲတောင့်တိုအထုပ် ၅၀၊ ခဝဲ ၇၅ ထုပ်၊ ဆေးရွက်ကြီးသဘာဝပိုးနှင်ဆေး ၃၅ ဘူး၊ ငရုတ်သီးသဘာဝပိုးနှင်ဆေး ၃၅ ဘူးနှင့် မြေဩဇာများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဟိုနောင်လုံ ကျေးရွာရှိ ပြည်သူများလက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

## မြေယာပြုပြင်ထွန်ယက်ခြင်းနှင့် စက်ပြုပြင်ခြင်းများ အခမဲ့ဆောင်ရွက်ပေး

**ညောင်ဦး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး မြေယာပြုပြင်ထွန်ယက်ရန် အခက်အခဲရှိသည့် တောင်သူများကို စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကြီးငါးစီးဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ဖြိုးထံမှ သိရသည်။

" အခု ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကာလအတွင်း ညောင်ဦးမြို့နယ်မှာရှိတဲ့ တောင်ဘီရွာ၊ ပျော်ဘွယ်ရွာ၊ မီးလောင်ပြားရွာနဲ့ ရွာသစ်ကျေးရွာမှာရှိတဲ့ တောင်သူများပိုင်လယ်ယာမြေဧက ၂၇၅၀ ကို စိုက်ပျိုးနိုင်ရေး ပြုပြင်ထွန်ယက်ပေးပြီးဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

ညောင်ဦးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ယခုနှစ်တွင် ထွန်ယက်ခြင်းလုပ်ငန်းများ အခက်အခဲရှိသည့် ကျေးရွာလေးရွာရှိ လယ်ယာမြေ ဧက ၂၇၅၀ ကို ထွန်ယက်ပေးနိုင်ခဲ့ပြီး တောင်သူပိုင် ပျက်စီးချို့ယွင်းသည့် လက်တွန်းထွန်စက်နှစ်စီး၊ ထွန်စက်ကြီးသုံးစီးတို့ကို ပြုပြင်ပေးနိုင်ခဲ့ကာ ပြုပြင်ရာတွင်လည်း ပစ္စည်းဖိုးသာတောင်းခံ၍ လက်ခအခမဲ့ဖြင့် ကျေးရွာအရောက် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် အခက်အခဲရှိပါက အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ကျော်မင်းဦး(ရေနံချောင်း)**

# မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လိုင်းများ ဇွန် ၁ ရက်မှ စတင်၍ ပြန်လည်ပြေးဆွဲခွင့်ပြု

**မန္တလေး မေ ၃၁**

မန္တလေးတိုင်းဒေသကြီးပြင်ပမှ အဝေးပြေးယာဉ်လိုင်းများအား ဇွန် ၁ ရက်မှစတင်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ခွင့်ပြုသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ဒေသတွင်းအဝေးပြေးယာဉ်လိုင်းများ၏ပြန်လည်ပြေးဆွဲခွင့်ကို မေ ၁၅ ရက်တွင် ကြေညာချက်ထုတ်ပြန်ပေးခဲ့ပြီး ယခုအခါ ဇွန် ၁ ရက်မှစတင်၍ တိုင်းဒေသကြီးပြင်ပသို့ အဝေးပြေးယာဉ်လိုင်းအားလုံး ပြန်လည်ပြေးဆွဲခွင့်ပြုမည်ဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

နှာခေါင်းစည်းတပ်ဖို့၊ လက်ဆေးဖို့၊ နှစ်ဦးထိုင်ရမည့်နေရာတွေမှာ တစ်ဦးသာထိုင်ဖို့၊ ယာဉ်ပေါ်မတက်ခင် အဖျားတိုင်းဖို့၊ ယာဉ်ပြတင်းပေါက်များအားလုံး လေဝင်/လေထွက်ကောင်းမွန်ရန် စီစဉ်ဆောင်ရွက်ဖို့၊ ခရီးသည်မတင်ဆောင်မီနှင့် တင်ဆောင်ပြီးချိန်များတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းဖို့ အပြင် ယာဉ်မောင်း / ယာဉ်နောက်လိုက်များအနေဖြင့် လိုက်နာရမည့် စည်းကမ်းများအတိုင်း လိုက်နာရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လမ်းညွှန်ချက်အတိုင်း ပြန်လည်ပြေးဆွဲခွင့် ပြုသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ခရီးသည်တင်ယာဉ်လိုင်းများ ပြေးဆွဲခွင့်ကို ဧပြီ ၇ ရက်မှ စတင်ပိတ်ထားခဲ့ရာ ယခုအခါ တိုင်းဒေသကြီးအစိုးရမှ ပြန်လည်ဖြေလျှော့ ပြေးဆွဲခွင့်ပြုခြင်းဖြစ်ကြောင်း သိရပြီး မန္တလေးမြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းငါးခုတွင် ယာဉ်အသင်းပေါင်း ၄၂၅ သင်းရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်များမှ အိမ်ထောင်စု ၈၀၀ သို့ အခြေခံစားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် မေ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်များမှ အိမ်ထောင်စုပေါင်း ၈၀၀ သို့ အခြေခံစားသောက်ကုန်များ လှူဒါန်းခြင်းကို မေ ၃၀ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အလှူရှင်များ၏ အကူအညီဖြင့် ပေးအပ်ခဲ့သည်။

သာကေတမြို့နယ်မှ ဩလာရိကာသုခမ ဆရာကြီး ဦးရန်အောင်နှင့် ဒေါ်မြင့်မြင့်မိသားစု၊ ဒေါ်ခင်ကြူ(အငြိမ်းစား၊ မူလတန်းကျောင်းအုပ်)၊ Happy World မိသားစု၊ Yangon Vocational College of Technology၊ Myanmar Beston International Logistics Co.,Ltd၊ Chin Power Golden Myanmar Co., Ltd နှင့် ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်ကျော်နှင့် မိသားစုများက ၁၀ မြောက်ရပ်ကွက်၊ ၇ အရှေ့ရပ်ကွက်၊ ၇ အနောက်ရပ်ကွက်၊ ၃ ရန်ပြေရပ်ကွက်၊ ၄ မြောက်ရပ်ကွက်၊ ၁ ထူပါရုံရပ်ကွက်နှင့် ရှုခင်းသာရပ်ကွက်များရှိ အိမ်ထောင်စု ၈၀၀ အား အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန် ရှစ်ပြည်၊ ဆီ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာ၊ အာလူး တစ်ပိဿာ၊ ဆား၊ ငရုတ်သီးခြောက်၊ ငါးနီတူခြောက် ၃၀ ကျပ်သားနှင့် ဟင်းသီးဟင်းရွက်များအား ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့အတူ မေလအစောပိုင်းတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးသည် TCMA Engineering Co., Ltd၊ BFI International College၊ သုံးရောင်ခြယ် ပြည်သူ့အကျိုးပြု လူမှုကွန်ရက်၊ Excellent Fortune Development Group & Excellent Fortune Foundation တို့၏ CEO အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးစိုင်းမျိုးဝင်း၊ We Love Yangon တို့မှ အလှူရှင်များ၏ အကူအညီဖြင့် သာကေတမြို့နယ်အတွင်း ရပ်ကွက် ၁၉ ခုရှိ အိမ်ထောင်စု ၂၉၉၅ ခုအား မျှဝေနိုင်ခဲ့ပြီး လက်လုပ်လက်စား ပြည်သူများ၊ ကိုယ်ပိုင်အိမ်ရာမရှိသော မိသားစုများနှင့် အနေးယာဉ် လုပ်သားမိသားစုများပါဝင်သည့် အခြေခံပြည်သူများထံသို့ ဆန်နှင့် ဆီအပါအဝင် အခြေခံစားသောက်ကုန်များ လှူဒါန်းပေးခဲ့သည်။ အထူးသဖြင့် နိုင်ငံတော်၏ မျှဝေရေးအစီအစဉ်တွင် မရရှိခဲ့သူများအား ဦးစားပေးမျှဝေခဲ့ခြင်းဖြစ်သည်။

**မြို့နယ်**
**(ပြန် /ဆက်)**

## လဟယ်မြို့နယ်အတွင်း ကျေးလက်အိမ်ရာ ဆောက်လုပ်မှု ၆၃ ရာခိုင်နှုန်းပြီးစီး

**လဟယ် မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာရစ်ရွာတွင် ကျေးလက်အိမ်ရာ ဆောက်လုပ်နေမှု ၆၃ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"နာဂဒေသက ကျေးလက်နေပြည်သူတွေကို လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး၊ လျှပ်စစ်မီးရရှိရေးနဲ့ သန့်ရှင်းတဲ့ သောက်သုံးရေရရှိရေးတို့ကို လုပ်ဆောင်ပေးနေသလို ကျေးလက်အိမ်ရာတွေကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် လုပ်ဆောင်ပေးနေပြီး အခုဘဏ္ဍာရေးနှစ်မှာတော့ ကျေးရွာရစ်ရွာမှာ လူနေအိမ် ၂၇ လုံးကို တည်ဆောက်ပေးနေတာ အခုဆိုရင် ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးသွားပြီ ဖြစ်ပါတယ်" ဟု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းကျော်မျိုးက ပြောကြားသည်။

လဟယ်မြို့နယ်အတွင်း ကျေးလက်အိမ်ရာတည်ဆောက်ပေးနေမှုအဖြစ် တိုက်ရုံကျေးရွာတွင်ခုနစ်လုံး၊ နောက်လော်ကျေးရွာတွင်ငါးလုံး၊ ကပ္ပလံပါဆေးကျေးရွာတွင်ငါးလုံး၊ ထန်ခေါ်လန်မကျေးရွာတွင်နှစ်လုံး၊ ခမ္မလားကျေးရွာတွင်နှစ်လုံး၊ လန်တိုင်းနောက်ကုန်းကျေးရွာတွင်နှစ်လုံး၊ ရှိတ်ပါးကျေးရွာတွင်နှစ်လုံးနှင့် ဟန်ဆင်ကျေးရွာတွင်နှစ်လုံး စုစုပေါင်း ၂၇ လုံးကို ယခုဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# အင်ဒိုင်း-နှောပင်ကျေးရွာ စစ်တောင်းမြစ်ကမ်းထိန်းလုပ်ငန်းပြီးစီး၊ မြေယာများ ဆုံးရှုံးမှုမှကာကွယ်နိုင်

**ရေတာရှည် မေ ၃၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့အရှေ့မြောက်ဘက် ကိုးမိုင်ခန့်အကွာရှိ အင်ဒိုင်းကျေးရွာနှင့် နှောပင်ကျေးရွာအကြားရှိ စစ်တောင်းမြစ်အကွေ့တွင် ကမ်းပြိုကျမှုများဆိုးဝါးစွာဖြစ်ပေါ်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၆၁၇ ဒသမ ၆၅၀ သန်းဖြင့် ရေအရင်းမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ဦးဆောင်ကာ ဇမ္ဗူမင်းကုမ္ပဏီက ၂၀၁၉ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။



စစ်တောင်းမြစ် အနောက်ဘက်ကမ်းတစ်လျှောက် Porcup Pine ရေလွှဲရေကာတာ အရှည်ပေ ၄၀၀ တစ်ခု၊ ပေ ၃၀၀ တစ်ခုအပြင် မြစ်ကမ်းတစ်လျှောက် Porcup Pine ၃၀၁၁ စုံဖြင့် ဆောင်ရွက်ထားကြောင်း လုပ်ငန်းမှတ်တမ်းများအရ သိရသည်။

စစ်တောင်းမြစ်သည် မြစ်ချိုးမြစ်ကွေ့သုံးဆယ်ကျော်ရှိ၍ ရေစီးနှုန်းနှေးကွေးခြင်း၊ နုန်းအနယ်ပို့ချမှုများပြားခြင်းကြောင့် သဲသောင်ထွန်းမှုများရှိနေရာ ရေစီးကြောင်းသန်သည့်နေရာများတွင် ကမ်းပြိုမှုများပြားလာရခြင်းနှင့် ပတ်သက်ပြီး အငယ်တန်းအင်ဂျင်နီယာ(၁) ဦးဆလိုင်းဒေါ်သန်က ''လောက်စာလုံးကို ကြိုးနဲ့ထည့်ပြီးရမ်းရင် အစွန်ဖျားဆုံးနေရာက ပိုမြန်တယ် ဒီသဘောလိုပါပဲ၊ မြစ်ကွေ့တွေမှာ အစွန်ဘက်ကျတဲ့နေရာက ရေစီးသန်တယ်၊ ဒါကြောင့် ဒီဘက်ကမ်းကသဲသောင်ကို စက်နဲ့စုပ်ပြီး အရှေ့ဘက်ကမ်းကို မှုတ်တင်တယ်၊ အချို့နေရာတွေကိုတော့ ဘက်ဟိုးနဲ့ကုတ်ပြီး အပေါ်ကိုဆယ်တင်ရတာတွေရှိပါတယ်၊ ကွန်ကရစ်တိုင်တွေကို ရေပြင်အောက်သဲသောင်ပေါ်က စနစ်တကျချတယ်၊ အပေါ်ကနေချပြီး သားတိုင်တွေကို ကြိုးနဲ့ဆိုင်းတွဲပြီး ချည်ထားတာပါ၊ လုပ်ငန်းတွေအားလုံး မေ ၂၉ ရက်မှာ ပြီးစီးသွားပါပြီ၊ မြစ်ရေအတက်အကျကို စောင့်ကြည့်နေတာပါ'' ဟု ပြောကြားသည်။

ကမ်းထိန်းလုပ်ငန်းများအနေဖြင့် သစ်သားပုံစံပြုလုပ်ခြင်း၊ သံချည်-သံကွေး(သံခြင်း)များ ပြုလုပ်ခြင်း၊ ကွန်ကရစ်တိုင်များပြုလုပ်ခြင်းနှင့် Porcup Pine များ နေရာချထားခြင်း၊ သဲသောင်ခုံဖြတ်ဖောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်သည်။

မြစ်ကမ်းတစ်လျှောက်ရှိ တောင်သူများအနေဖြင့် နှစ်စဉ်မိုးရာသီကာလရောက်တိုင်း ကမ်းပြိုကမ်းစားမှုများကြောင့် စိုက်ပျိုးပြီးမြေနှင့် ယာခင်းများပျက်စီးဆုံးမှုများရှိနေရာ ယခုအခါ ကမ်းထိန်းလုပ်ငန်းများဆောင်ရွက်နိုင်ပြီဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းများကို အဆင်ပြေစွာဆောင်ရွက်နိုင်ကြပြီဖြစ်သည်။

**ကိုလွင်(ဆွာ)**

# ဟိုတယ်နှင့် တည်းခိုခန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးရေးအဖွဲ့များ ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် မေ ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ဟိုတယ်နှင့် တည်းခိုခန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေရန် မေ ၃၀ ရက် နံနက် ၁၀ နာရီက စစ်ဆေးရေးအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ဟိုတယ်နှင့် တည်းခိုခန်းများကို စစ်ဆေးရာတွင် ဟိုတယ်ကျောက်ဆည်၊ စံနန်းထိုက်ဟိုတယ်၊ Ever ဟိုတယ်၊ Win Light တည်းခိုခန်းနှင့် ရွှေကမ္ဘာတည်းခိုခန်းတို့သို့ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိ၊ ကျန်းမာရေးသုံးပစ္စည်းများ ထားရှိခြင်း ရှိ-မရှိ၊ စနစ်တကျလက်ဆေးနိုင်ရန် လက်ဆေးဘေစင်များ ထားရှိခြင်း ရှိ-မရှိ၊ ကိုယ်အပူချိန်တိုင်းကိရိယာများ ထားရှိပေးခြင်း ရှိ-မရှိ၊ နှာခေါင်းစည်း၊ လက်အိတ်များ ဆောင်ရွက်ပေးထားခြင်း ရှိ-မရှိ၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရန် လာရောက်ရာတွင် အမှန်တကယ်နေထိုင်ခဲ့သော နေရပ်များနှင့် ကျန်းမာရေးထောက်ခံချက်များ ပါရှိမှု ရှိ-မရှိတို့ကို ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးချန်ထွန်း၊ ဒုတိယခရိုင်ပြည်သူ့ကျန်းမာရေးဌာနမှူး ဒေါက်တာစိုးလင်းထူးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးစစ်ဆေးရေးအဖွဲ့ဝင်များသည် စားသောက်ဆိုင်များ သန့်ရှင်းသပ်ရပ်စွာဖြင့် ရောင်းချနိုင်ရေး၊ ပါဆယ်စနစ်ဖြင့်ရောင်းချခြင်းများ စနစ်တကျ လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိ တို့ကိုလည်း ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■



# ခန္တီးမြို့တွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ခန္တီး မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် မေ ၃၀ ရက် နံနက်က ကမ်းနားလမ်းအာရှအထည်ဆိုင်လမ်းဆုံနှင့် အ.ထ.က လမ်းဆုံနေရာတို့တွင် ပြည်သူများအား နှာခေါင်းစည်း ၅၅၀ နှင့် အသိပညာပေးလက်ကမ်းစာစောင်များကို ခန္တီးမြို့နယ်ကြက်ခြေနီအသင်းမှ အခမဲ့ဖြန့်ဝေပေးသည်။

နှာခေါင်းစည်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်၊ ကြက်ခြေနီအသင်းမှ ဦးအုန်းလွင်နှင့် ဝန်ထမ်းများနှင့် ကျန်းမာရေးမှူး ဒေါ်ဆွိုးနွှာမ်တို့က လမ်းသွားလမ်းလာပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စနေမောင် (ခန္တီး)**

# ပန်းဘဲတန်းတွင် စားသောက်ဆိုင်များ ဆိုင်ထိုင်ရောင်းချခွင့်နှင့်ပတ်သက်၍ လိုက်လံစစ်ဆေး

**ရန်ကုန် မေ ၃၁**

ပန်းဘဲတန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင် ဦးဆောင်သောအဖွဲ့သည် မေ ၃၀ ရက် နံနက် ၁၀ နာရီက စားသောက်ဆိုင်များအား ကျန်းမာရေးဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိ-မရှိ၊ လိုက်နာဆောင်ရွက်မှုရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ စည်ပင်အုပ်ချုပ်ရေးမှူး ဦးလင်းဇော်စိုးနှင့် စည်ပင်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပန်းဘဲတန်းမြို့နယ်အတွင်းရှိစားသောက်ဆိုင်များအား ကျန်းမာရေးဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိ-မရှိ စီစဉ်ဆောင်ရွက်ထားရှိရမည့်အချက်များကို စစ်ဆေးခဲ့ပြီး လိုအပ်သည့်အချက်များကို မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နေအိမ်ပြင်ပထွက်ပါက နှာခေါင်းစည်းတပ်ဆင်ရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မအူပင် မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့် ကူးစက်မှုမရှိစေရေး ပြည်သူများအနေဖြင့် နေအိမ်ပြင်ပထွက်ပါက နှာခေါင်းစည်းတပ်ဆင်ပြီးသွားလာရန် ယနေ့နံနက်ပိုင်းက မြို့ပေါ်ရှိလူစည်ကားရာမြို့မဈေးလမ်းဆုံတွင် စစ်ဆေးဆောင်ရွက်မှုအား အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သည်။

မအူပင်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်သည့်ကာလအတွင်း မဖြစ်မနေ မိမိနေအိမ်ပြင်ပထွက်ခွာပါက နှာခေါင်းစည်းတပ်ဆင်ပြီး ထွက်ရန်အတွက် မေ ၂၁ ရက်မှစတင်၍ ယခုဝယ်ယခုတပ်စနစ်ကို စတင်ဆောင်ရွက်လျက်ရှိပြီး နှာခေါင်းစည်းသုံးခုကို ကျပ် ၃၀၀၀ ဖြင့် ဝယ်ယူတပ်ဆင်ခြင်းဖြင့် ပြည်သူတိုင်း နှာခေါင်းစည်းတပ်ဆင်သည့် အလေ့အထဖြစ်စေရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်ခိုင်(မအူပင်)**

# ကျွန်းစုတွင် စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များကို ကွင်းဆင်းစစ်ဆေး



**ကျွန်းစု မေ ၃၁**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ထားသော စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များကို မေ ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်စစ်ဆေးကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ် စစ်ဆေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငွေးနှင့် အဖွဲ့ဝင်များက စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင် ၁၀ ဆိုင်တို့အား ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီမှုရှိသောဆိုင်များကို ဆိုင်ထိုင်စနစ်ဖြင့် ရောင်းချနိုင်ရန် ဆက်လက်ဆောင်ရွက်ခွင့်ပြုပေးသွားမည်ဖြစ်ပြီး ကျန်ရှိနေသောစားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များကိုလည်း ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

■

# နှာခေါင်းစည်းမတပ်သူများကို ယခုဝယ် ယခုတပ်စနစ်ဖြင့် ဆောင်ရွက်

**ဇီးကုန်း မေ ၃၁**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကိုဗစ်- ၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ဈေးရောင်း၊ ဈေးဝယ်လာသူများ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်သွားလာရေး စစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီခွဲက မြို့မဈေးကြီးအတွင်း/အပြင်နှင့် ယာယီဖွင့်လှစ်ထားရှိသော ဟင်းသီးဟင်းရွက်ဈေး၊ သားငါးဈေးများတွင် လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ဇီးကုန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဒေါ်နုနုခိုင်၊ မြို့မဈေးကြီးတာဝန်ခံ ဦးခင်မောင်ထွန်းနှင့် စည်ပင်ဝန်ထမ်းများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ဈေးရောင်းသူများနှင့် ဈေးဝယ်လာသူများ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ရေးကို စစ်ဆေးဆောင်ရွက်ခဲ့ရာ နှာခေါင်းစည်းတပ်ဆင်ထားခြင်းမရှိသူများအား နှာခေါင်းစည်းနှစ်ခုကို ငွေကျပ် ၂၀၀၀ ပေးဆောင်ဝယ်ယူတပ်ဆင်စေခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သတင်းစကား အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

ထိုသို့စစ်ဆေးခြင်းကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဈေးဝင်ပေါက်/ထွက်ပေါက်များတွင် လက်ဆေးရန်နေရာများကို စီစဉ်ဆောင်ရွက်ထားရှိပေးခြင်း၊ အသိပညာပေးဗွီနိုင်းများ ချိတ်ဆွဲထားခြင်းများကို ဆောင်ရွက်ထားရှိကြောင်း မြို့မဈေးတာဝန်ခံ ဦးခင်မောင်ထွန်းထံမှ သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# တောင်သူပညာပေး စိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

**ဒီပဲယင်း မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ထားရှိသော အိမ်ခြံဝင်း ဥယျာဉ် တောင်သူပညာပေးစိုက်ခင်းများကို မေ ၃၀ ရက်က ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအေးမင်းထွန်းက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများအကြောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမင်းဝင်းက တောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများ ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုအားကောင်းလာပါက စိုက်ပျိုးရေးကဏ္ဍ ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး ဦးစီးမှူးက ဒီပဲယင်းမြို့နယ်သည် ဆန်၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု အများဆုံးမြို့နယ်ဖြစ်ပြီး တိုင်းဒေသကြီး GDP ကို များစွာအထောက်အကူပြုနေပါကြောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြို့မနှင့် အေးသာယာတောင်သူနည်းပညာပေး ရှေ့တန်းစခန်းများသို့ သွားရောက်ရာ စခန်းတာဝန်ခံများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

# ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေပြဌာန်း

ယမန်နေ့မှအဆက်

ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ... အဖွဲ့များ

ဇယား(၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေ အတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ... အဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၈၂,၇၂၀ | | | | | | | | ၈၂,၇၂၀ |
| | | ပေါင်း | | ၈၂,၇၂၀ | | | | | | | | ၈၂,၇၂၀ |

နေပြည်တော်ကောင်စီ

ဇယား(၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေ အတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၁၉,၅၇၈.၄၇၈ | | | | | ၁၉,၅၇၈.၄၇၈ |
| | | ပေါင်း | | | | | ၁၉,၅၇၈.၄၇၈ | | | | | ၁၉,၅၇၈.၄၇၈ |

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေ အတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၂,၆၇၄ | | ၁၅,၀၂၅.၆၉၂ | ၇၇,၆၁၈ | | | | | ၁၅,၆၂၆.၉၈၄ |
| | | ပေါင်း | | ၅၂,၆၇၄ | | ၁၅,၀၂၅.၆၉၂ | ၇၇,၆၁၈ | | | | | ၁၅,၆၂၆.၉၈၄ |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးသူ | ၁၁,၈၅၀.၀၀၀ | | | ၇,၃၈၆.၁၀၅ | | | | | ၁၉,၂၃၆.၁၀၅ |
| | | ပေါင်း | | ၁၁,၈၅၀.၀၀၀ | | | ၇,၃၈၆.၁၀၅ | | | | | ၁၉,၂၃၆.၁၀၅ |

## လွန်းရာကျော်ကြိုးကြီးချိတ်လုံချည် ရက်လုပ်ခြင်းပညာ ထိန်းသိမ်းရန်လိုအပ်

**တံတားဦး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဟံသာဝတီကျေးရွာတွင် ကြိုးချိတ်လုံချည်ရက်လုပ်ခြင်းဖြင့် မိသားစုအပိုင်ငွေရရှိကြောင်း သိရသည်။

လွန်းရာကျော်ကြိုးကြီးချိတ်ဆိုသည်မှာ လွန်းပေါင်းရာကျော်ဖြင့် ကြိုးပုံသဏ္ဍာန်များပေါ်အောင် ချိတ်နည်းဖြင့် ရက်လုပ်ထားသောအထည်ဖြစ်သည်။

ကြိုးကြီးချိတ်လုံချည်တစ်ကွင်းရရှိရန် အချိန်အားဖြင့် နှစ်လနီးပါးကြာသည့်အထိ ရက်လုပ်ရကြောင်း၊ အလုပ်သမားတစ်ယောက်မှာ တစ်နေ့ တစ်လက်မကျော်သာပြီးသည့်အတွက် ယခုလိုရက်ကြာရှည်ခြင်းဖြစ်ကြောင်း ရွှေမပိုးထည်တိုက်ပိုင်ရှင် ဦးသန်းဝင်းက ပြောကြားသည်။

လုံချည်တစ်ကွင်းရက်လုပ်ခကို ကျပ် ၁၈၀၀၀၀ ပေးရပြီး ရက်လုပ်ပြီးလုံချည်တစ်ထည်ကို ပြန်ရောင်းလျှင် အနည်းဆုံး ငွေကျပ် ၅၀၀၀၀၀ ကျော်ရရှိကြောင်းကို ၎င်းကဆက်လက်ပြောကြားသည်။

ယနေ့အချိန်တွင် ရက်လုပ်သည့်ပညာကိုလက်ဆင့်ကမ်းပညာအမွေပေးရန် မျိုးဆက်သစ်များရှားပါးလာသည်။ လွန်းရာကျော်ကြိုးကြီးချိတ် ရက်လုပ်ခြင်းပညာ တိမ်ကောပျောက်ကွယ်မသွားရန်ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ကြောင်း သိရသည်။

**ရဲတင့်(တံတားဦး-ပြန်/ဆက်)**

## ဈေးသည်များအား မျက်နှာအကာအကွယ်နှင့် နှာခေါင်းစည်းများ လှူဒါန်း

**လှိုင်းဘွဲ့ မေ ၃၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဝှန်းကျေးရွာအတွင်း ဈေးရောင်းချနေသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်နိုင်ရေးအတွက် မျက်နှာအကာအကွယ်နှင့် နှာခေါင်းစည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက မေ ၃၀ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပအိုဝ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခုတိယဦးစီးမှူး ဦးနေလင်းထက်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် ရွှေဝှန်းဈေးအတွင်း ဈေးရောင်းချနေသူများကို မျက်နှာအကာအကွယ် ၅၀၀ နှင့် နှာခေါင်းစည်း ၅၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

အဆိုပါဈေးရောင်းချနေသည့် ဈေးသည်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ နှာခေါင်းစည်းများတပ်ဆင်ပြီးမှ ရောင်းချခွင့်ပြုကြောင်းနှင့် ဈေးဝယ်လာသည့်ပြည်သူများကိုလည်း နှာခေါင်းစည်းတပ်ဆင်ပြီးမှ ဈေးဝယ်ခွင့်ပြုပါကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဂ) ကိုယ်တိုင်ဖြစ်စေ၊ လိုက်ပါစီးနင်းသူကိုဖြစ်စေ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးသေချာစွာတပ်ဆင်၍ ဆောင်းခြင်းမပြုဘဲ မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်းမပြုရ။

၇၇။ မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမျှ -

(က) မော်တော်ယာဉ် ပေးကမ်းခြင်းနှင့် ရောင်းချခြင်းတို့တွင် မော်တော်ယာဉ်ပေးကမ်းသည့် နေ့ရက် သို့မဟုတ် အရောင်းအဝယ် စာချုပ်ချုပ်ဆိုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မော်တော်ယာဉ်မှတ်ပုံတင်ထားသူအမည် ပြောင်းလဲပေးနိုင်ရေးအတွက် လျှောက်ထားရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) အမွေဆက်ခံခြင်းဖြင့် မော်တော်ယာဉ် ပိုင်ဆိုင်ခွင့်ရရှိသည့် ကိစ္စရပ်တွင် မော်တော်ယာဉ် မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲပေးရန် တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရန် ပျက်ကွက်ခြင်းမရှိစေရ၊

(ဂ) မော်တော်ယာဉ်မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲပေးရန် လျှောက်ထားရာတွင် မော်တော်ယာဉ်ပေးကမ်းခြင်းနှင့် ရောင်းဝယ်ခြင်းစာချုပ်၌ ဝယ်ယူသူ၏အမည်နှင့် နေရပ်လိပ်စာ အပါအဝင် အခြားအချက်အလက် တစ်စုံတစ်ရာကို မမှန်မကန် ဖော်ပြခြင်း၊ ပြင်ဆင်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် စာချုပ်ချုပ်ဆိုသည့်နေ့ရက်ကို မမှန်မကန် ဖော်ပြခြင်းမပြုရ။

၇၈။ မည်သူမျှ မော်တော်ယာဉ်မောင်း သင်တန်းကျောင်း လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်မောင်း သင်တန်းကျောင်း ဖွင့်လှစ်ခြင်းမပြုရ။

၇၉။ မည်သူမျှ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၈၀။ မည်သူမျှ မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ် ယာယီရပ်ဆိုင်းခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းခံရသည့် မော်တော်ယာဉ်ကိုသော်လည်းကောင်း၊ သက်တမ်းကုန်ဆုံးသည့် မော်တော်ယာဉ်ကိုသော်လည်းကောင်း အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်း၊ မောင်းနှင်စေခြင်း သို့မဟုတ် ရပ်နားထားခြင်းမပြုရ။

၈၁။ မည်သူမျှ အများပြည်သူဆိုင်ရာ နေရာတွင် -

(က) ယာဉ်မောင်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရ၊

(ခ) ယာဉ်မောင်းလိုင်စင်၌ ခွင့်ပြုထားခြင်းမရှိသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ သို့မဟုတ် မောင်းနှင်ခွင့်မပြုရ၊

(ဂ) အခြားသူ၏ ယာဉ်မောင်းလိုင်စင်ကို အသုံးပြု၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရ၊

(ဃ) မော်တော်ယာဉ်ကို သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အမြန်နှုန်းအောက် လျှော့၍ မောင်းနှင်ခြင်းမပြုရ၊

(င) မော်တော်ယာဉ်ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ မဆင်မခြင် သို့မဟုတ် အရှိန်ပြင်းစွာ သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်ခြင်းမပြုရ၊

(စ) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊

(ဆ) ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်း (Dangerous Goods) ကို သတ်မှတ်ချက်များနှင့်မညီဘဲ မော်တော်ယာဉ်တွင် တင်ဆောင်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းမပြုရ၊

(ဇ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော်လည်းကောင်း၊ သတ်မှတ်ထားသော ပမာဏထက်ပို၍ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊

(ဈ) အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်ကို စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်အဖြစ် အသုံးမပြုရ။

၈၂။ မည်သူမျှ မော်တော်ယာဉ်ကို သူတစ်ပါးထိခိုက်မှု အာမခံမထားရှိဘဲ အများပြည်သူဆိုင်ရာ နေရာတွင် အသုံးမပြုရ သို့မဟုတ် အသုံးပြုခွင့်မပေးရ။ ဤတားမြစ်ချက်သည် ခရီးသည်များနှင့် မသက်ဆိုင်စေရ။

၈၃။ မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူ မည်သူမျှ ယင်း မော်တော်ယာဉ်ကို ယာဉ်မောင်းလိုင်စင်ရရှိမထားသူ တစ်ဦးဦးအား မောင်းနှင်စေခြင်းမပြုရ သို့မဟုတ် မောင်းနှင်ရန်ခွင့်မပြုရ။

၈၄။ မည်သူမျှ မှတ်ပုံတင်ထားသော မော်တော်ယာဉ်တွင် -

(က) မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြားကို မထင်မရှားဖြစ်စေရန် တမင်မပြုလုပ်ရ၊

(ခ) ဦးစီးဌာနက ထုတ်ပေးထားသည့် မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား မဟုတ်ဘဲ အခြားနံပါတ်ပြားကို တပ်ဆင်အသုံးမပြုရ၊

(ဂ) မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြား တပ်ဆင်ထားခြင်းမရှိဘဲ အများပြည်သူဆိုင်ရာ နေရာတွင် မောင်းနှင်ခြင်း၊ မောင်းနှင်စေခြင်း သို့မဟုတ် ရပ်နားထားခြင်းမပြုရ၊

(ဃ) ဦးစီးဌာနက အခြားမော်တော်ယာဉ်အတွက် ထုတ်ပေးသည့် စာတမ်းအမှတ်အသား သို့မဟုတ် မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြားကို ပြောင်းလဲအသုံးပြုခြင်း သို့မဟုတ် အသုံးပြုစေခြင်းမပြုရ။

၈၅။ မည်သူမျှ-

(က) မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်ကို သီးခြားခွင့်ပြုထားသော နေရာမှအပ အများပြည်သူဆိုင်ရာ နေရာအပါအဝင် မည်သည့်နေရာတွင်မျှ မောင်းနှင်ခြင်း၊ မောင်းနှင်စေခြင်း သို့မဟုတ် ရပ်နားထားခြင်းမပြုရ၊

(ခ) ဦးစီးဌာနက ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်တွင် ပြောင်းလဲအသုံးပြုခြင်း သို့မဟုတ် အသုံးပြုစေခြင်းမပြုရ၊

(ဂ) ဥပဒေနှင့်အညီ အခွင့်အာဏာမရှိဘဲ သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မော်တော်ယာဉ်၏ မူလအမျိုးအမည်၊ ရုပ်သဏ္ဍာန်ပျက်ပြားစေသည်အထိ ပြုပြင်ပြောင်းလဲခြင်းမော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်ပါ အနေအထားများကို ပြုပြင်ပြောင်းလဲခြင်းမပြုရ၊

(ဃ) ဦးစီးဌာနကထုတ်ပေးသည့် ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်၊ မော်တော်ယာဉ် စစ်ဆေးချက် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်စစ်ဆေးပြီးကြောင်း အထောက်အထား၊ မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြား၊ ယာယီမှတ်ပုံတင် သက်သေခံလက်မှတ်၊ ယာယီမှတ်ပုံတင် အမှတ်အသား၊ လုပ်ငန်းလိုင်စင်တို့နှင့် အခြားအထောက်အထားများကို လိမ်လည်အတုပြုထားသည့် စာတမ်းအမှတ်အသားဖြစ်ကြောင်း သိလျက်နှင့်လည်းကောင်း၊ ထိုသို့ဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျက်နှင့်လည်းကောင်း အစစ်အမှန်အနေဖြင့် အသုံးမပြုရ။

### အခန်း(၁၄)
### ပြစ်ဒဏ်များ

၈၆။ မည်သူမဆို ပုဒ်မ ၇၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၈၇။ မော်တော်ဆိုင်ကယ်မောင်းနှင်သူ မည်သူမဆို ပုဒ်မ ၇၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၈၈။ မော်တော်ယာဉ် လက်ဝယ်ရှိသူ မည်သူမဆို ပုဒ်မ ၇၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၈၉။ မည်သူမဆို ပုဒ်မ ၇၈ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၉၀။ မည်သူမဆို ပုဒ်မ ၇၉ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ၁၅ သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၉၁။ မည်သူမဆို-

(က) ပုဒ်မ ၈၀ နှင့် ပုဒ်မ ၈၁ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီး တစ်နှစ်အတွင်း ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၂။ မည်သူမဆို ပုဒ်မ ၈၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၃။ မည်သည့်မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူမဆို -

(က) ပုဒ်မ ၈၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီးတစ်နှစ်အတွင်း ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

## အသက်ကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်

မြိုင် မေ ၃၁

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင်များသည် ရေတွင်း အသက်ကယ်ခြင်း ဇာတ်တိုက်



လေ့ကျင့်ခြင်းနှင့် အသက်ရှူကိရိယာများ စနစ်တကျ ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက်အတွင်းရှိ ရေတွင်းဟောင်းတစ်ခုတွင် ကျင်းပသည်။

**ရေတွင်းအတွင်းမှ ကယ်ဆယ်**

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ဇော်ဟန်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ရေတွင်းအတွင်း ကျရောက်သည့် လူနာကယ်ဆယ်နည်း၊ အသက်ရှူကိရိယာ တပ်ဆင်နည်းများကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

မီးသတ် တပ်ဖွဲ့ဝင်များသည် ပြည်သူလူထု၏ အသက်အိုးအိမ်များကို သဘာဝဘေးအန္တရာယ်အမျိုးမျိုးမှ ကာကွယ်နိုင်ရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ ပြည်သူ အသိပညာပေးလုပ်ငန်းများ၊ သဘာဝ ဘေးအန္တရာယ်အမျိုးမျိုးမှ အရေးပေါ်တုံ့ပြန်ရာတွင် ပြည်သူလူထု၏ အသက်အိုးအိမ်များကို ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေပြီး စွမ်းရည်ပြည့်ဝသော မီးသတ်တပ်ဖွဲ့ဝင်များ ဖြစ်လာစေရန်အတွက် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

ဖြိုးမွန်ကျော်
(မြိုင်)



ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ရှိ ရေရှားပါးသော ရေငံကျေးရွာနှင့် ကျည်တိုင်ကွင်းကျေးရွာများအတွက် စံပြကြက်ခြေနီတပ်ဖွဲ့ဝင်ဟောင်းများက သောက်ရေသန့်ဘူးကြီး ၆၄၀ ကို မေ ၃၀ ရက်က လာရောက်လှူဒါန်းစဉ်။

မိုးမိုး(ပြန်/ဆက်)

## ယာယီ(ပျံကျ)ဈေး၌ မုန်ညင်းစိမ်းနှင့် မျိုးစေ့များပေးဝေ

**မိုင်းပန် မေ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ရုံးဝင်းအတွင်းတွင် စိုက်ပျိုးထားသည့် မုန်ညင်းစိမ်းများအား အများပြည်သူများစားသုံးနိုင်စေရန်အတွက် မေ ၂၉ ရက် နံနက် ၆ နာရီက ယာယီ(ပျံကျ)ဈေး၌ သွားရောက်၍ အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်မိုးနှင့် စိုက်ပျိုးရေးဝန်ထမ်းများသည် ယာယီ(ပျံကျ)ဈေးရှိဈေးရောင်းသူ၊ ဈေးဝယ်သူများ လတ်လတ်ဆတ်ဆတ်စားသုံးနိုင်ရန် မုန်ညင်းစိမ်းများနှင့် မိမိတို့၏နေအိမ်တွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးချင်သူများအတွက် အဆင်သင့်စိုက်ပျိုးနိုင်စေရန်အတွက် မျိုးစေ့များ အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

**ကိုဆန်း(မိုင်းပန်)**

## သန်လျင်၌ မျိုးစေ့နှင့် ပျိုးပင်များ အခမဲ့ဖြန့်ဝေ

**ရန်ကုန် မေ ၃၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာလတွင် ပြည်သူများ မိမိတို့၏ နေအိမ်ခြံဝင်းအတွင်း သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များ တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်ရေးအတွက် မေ ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့နှင့်ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

သန်လျင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းအောင်နှင့် ဝန်ထမ်းများက ပြည်သူများ ကိုဗစ်-၁၉ ရောဂါကာလ မိမိတို့၏ နေအိမ်ခြံဝင်းအတွင်း သန့်ရှင်းလတ်ဆတ်၍ အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်များ တစ်ပိုင်တစ်နိုင် ကိုယ်တိုင်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးနည်းပညာများအား လက်တွေ့ပြသခြင်းနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ ပျိုးပင်များအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သန်လျင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သန်လျင်မြို့နယ်အတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်သူတောင်သူများ စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး၊ စိုက်ပျိုးသီးနှံ မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဆီလွှာနှင့် သဘာဝဓာတ်မြေဩဇာရရှိရေး၊ ပိုးသတ်ဆေးများ အန္တရာယ်ကင်းရှင်းစွာ စနစ်တကျသုံးစွဲတတ်ရေးတို့ကို ကွင်းဆင်းကာ လက်တွေ့ရှင်းလင်းပြသခြင်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## အဆင့်မြင့်နည်းပညာသုံး ဘက်စုံစံပြကျေးရွာအားထောက်ပံ့

**မိုင်းယောင်း မေ ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် ဒေသခံတောင်သူများ တစ်ဦးချင်းဝင်ငွေတိုးတက်စေရန်နှင့် စိုက်ပျိုးရေးနည်းပညာများ တိုးတက်လာစေရန် ရည်ရွယ်လျက် အဆင့်မြင့်နည်းပညာသုံး ဘက်စုံစံပြကျေးရွာအား သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းကို မေ ၃၀ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်မိုးက မိုင်းယောင်းမြို့နယ်၏ ရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သော မိုးစပါး ဆင်းကေရီ-၃ မျိုးစပါးကို အဆင့်မြင့်နည်းပညာသုံး ဘက်စုံစံပြကျေးရွာတောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင် ကျေးရွာအုပ်စုမှ ကျေးရွာများကိုလည်း ထောပတ်၊ ကော်ဖီ၊ အစေ့ထုတ်ပြောင်း စသည့်အစားထိုးနှစ်ချင်းသီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ပြီး ငမြှောင်တောင်ပိုးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ငဖဲမြို့နယ်၌ တမာအပင်ပေါင်း ၂၀၀၀ စိုက်ပျိုးထား

**ငဖဲ မေ ၃၁**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် သဘာဝတောထိန်းသိမ်းခြင်း၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းကို နယ်ဇောကျေးရွာ အနောက်ဘက်ကွင်း စိုက်ခင်းအမှတ် (၄/၂၀၂၀) ၌ မေလဆန်းပိုင်းမှစတင်၍ မေလကုန်အထိ တမာအပင်ပေါင်း ၂၀၀၀ စိုက်ပျိုးထားကြောင်း ငဖဲမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနရုံးမှ သိရသည်။

စုစုပေါင်းတမာအပင် ၂၀၀၀ စိုက်ပျိုးထားကြောင်း၊ မရှင်သန်သောအပင်နှင့် ညှိုးနွမ်းအပင်များနေရာတွင် ဖြည့်စွက်စိုက်ပျိုးလျက်ရှိကြောင်းနှင့် စိုက်ပျိုးထားသောအပင်များ ရေရှည်ရှင်သန်ရေးအတွက် အပတ်စဉ်ရေလောင်း ပြုစုပေးလျက်ရှိကြောင်း ငဖဲမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်သင်းက ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

■

## မြေယာပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းများ အခက်အခဲမရှိစေရန်ဆောင်ရွက်



**မကွေး မေ ၃၁**

တောင်သူလယ်သမားများ၏ လယ်ယာမြေများတွင် မြေယာပြုပြင်ခြင်း၊ သီးနှံစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း လုပ်ငန်းများ အချိန်မီ ဆောင်ရွက်နိုင်စေရန်နှင့် စိုက်ပျိုးသီးနှံများ အလေအလွင့်မရှိစေရန်နှင့် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရန် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စက်မှုလယ်ယာစခန်းရုံးခုမှ ဝန်ဆောင်မှုပေးကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ တောင်သူများ အကျိုးအတွက် လယ်ယာလုပ်ငန်းသုံးစက်ကိရိယာပစ္စည်းတွေနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းလုပ်ကိုင်ရာမှာ ဝန်ဆောင်မှုပေးပြီး ကူညီဆောင်ရွက်ပေးပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဧပြီလအထိ မြေယာပြုပြင်မှု ၄၄၅၀၅ ဧက၊ စပါး၊ ပဲမျိုးစုံ သီးနှံတွေကို ရိတ်သိမ်းခြွေလှေ့စက်နဲ့ ဧက ၃၁၃၀ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လယ်ယာလုပ်ငန်းအချိန်မီပြီးစီးရေးအတွက် အခက်အခဲဖြစ်နေကြတဲ့ တောင်သူတွေကိုဌာနကသတ်မှတ်ထားတဲ့ဝန်ဆောင်မှုနဲ့ အချိန်မီဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်" ဟု မကွေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးကိုကိုက ပြောကြားသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများအတွက် ရိတ်သိမ်းခြွေလှေ့စက် ၂၂ စီး၊ ထွန်စက်ကြီး ၉၅ စီးဖြင့် ဌာနသတ်မှတ်ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မကွေးဝင်းမောင်**

## ကရင်ပြည်နယ်အတွင်း မိုးရာသီစိုက်ပျိုးမည့် ပျိုးပင် ၄၀၀၀၀၀ ပျိုးထောင်




**ဘားအံ မေ ၃၁**

ကရင်ပြည်နယ်အတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီ လူထုဖြန့်ဝေစိုက်ပျိုးနိုင်ရန်အတွက် ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ သဃ်န်း၊ မန်ကျည်း၊ ပျဉ်းမ၊ ထင်းရှူး၊ စိန်ပန်း၊ ငုရွှေဝါ၊ ငုချယ်ရီ၊ မအူ၊ မဲဇလီ၊ တရုတ်တည်၊ ကညင်၊ မန်ကျည်း၊ ဇန်ဒါ၊ ရေဆူပုတ်၊ ရေသဖန်း၊ ခရေ၊ စိန်တံချူ၊ ကုက္ကို၊ ဗာတီဗာ၊ မာတာကွတ်၊ ယင်းမာ၊ သဒီး၊ တပေဘူတ၊ နတ်ပန်းညို စသည့် ပျိုးပင် စုစုပေါင်း ၄၀၀၀၀၀ ပျိုးထောင်ထားသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တောပြုန်းသွားသည့်နေရာများတွင် ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေး၊ မြို့နှင့် ကျေးရွာများ စိမ်းလန်းစိုပြည်သာယာစေရေး၊ လမ်းဘေးဝဲ/ယာ အရိပ်ရရေးတို့အတွက် ကရင်ပြည်နယ်အတွင်း မြို့နယ်ခုနစ်မြို့နယ်တွင် ဆက်သွယ်ရေး လမ်းဘေးဝဲ/ယာတွင် စိုက်ပျိုးနိုင်ရန် ပျိုးပင်ပေါင်း ၂၈၀၀၊ တစ်ရွာလျှင် တစ်ဧကနှုန်းဖြင့် စိုက်ခင်း ၁၀ ဧကအတွက် ပျိုးပင်ပေါင်း ၁၂၀၀၀၊ ဌာနဆိုင်ရာ အဖွဲ့အစည်းနှင့် လူထုဖြန့်ပျိုးပင်ပေါင်း ၃၈၅၂၀၀ စုစုပေါင်းပျိုးပင် ၄၀၀၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြည်နယ်သစ်တောဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သထုံမြို့နယ်နှင့် ကျေးရွာတချို့တွင် အာဆီယံသပြေစိုက်ပျိုးသူများ ဝင်ငွေကောင်း၍ အဆင်ပြေလျက်ရှိ



**သထုံ မေ ၃၁**

မွန်ပြည်နယ် သထုံမြို့နယ်နှင့် ကျေးရွာတချို့တွင် အာဆီယံသပြေစိုက်ပျိုးသူခြံပိုင်ရှင်များ ဝင်ငွေကောင်း၍ အဆင်ပြေလျက်ရှိကြောင်း ခြံပိုင်ရှင်များထံမှ သိရသည်။

ယခုအခါ အပူချိန်မြင့်တက်နေချိန်တွင် အခြားသောပန်းများထက် အာဆီယံသပြေကလေးရက်နှင့် ငါးရက်ထိ အထားခံခြင်းကြောင့် ဝယ်ယူသူများပြားပြီး အာဆီယံသပြေတစ်စည်းလျှင် ကျပ် ၂၀၀ မှ ၅၀၀ ထိရောင်းရကာ အပင်တစ်ပင်အား တစ်ပတ်လျှင် နှစ်ကြိမ်ခူးရကြောင်း သထုံမြို့နယ်မှ ခြံပိုင်ရှင်တစ်ဦးက ပြောသည်။

အာဆီယံသပြေစိုက်ပျိုးရာတွင် မြေနေရာကျယ်ဝန်းပြီး မြေဆီလွှာကောင်းမွန်သော သဲမြေနှင့်နုန်းမြေများတွင် ရေလောင်းရေဖျန်းစိုက်ပျိုးစနစ်က ပိုမိုအောင်မြင် ကြောင်း သိရသည်။ **လှိုင်ထွန်းအောင်(သထုံ)**

## မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် အရိပ်ရပျိုးပင်များ စတင်စိုက်ပျိုး

**ပွင့်ဖြူ မေ ၃၁ ။** ။ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် မေ ၂၈ ရက်မှစတင်ကာ အရိပ်ရပင်များ စိုက်ပျိုးနေပြီဖြစ်သည်။

“ မိုးရာသီကာလမှာ စိုက်ပျိုးမယ့်သစ်မျိုးစုံ အရိပ်ရပျိုးပင်ပေါင်း ၉၀၀၀၀ ကျော် စိုက်ပျိုးသွားဖို့ စီစဉ်ထားပါတယ်။ ကျေးရွာသုံးစိုက်ခင်းအနေနဲ့ ဧက ၈၀ မှာ ယူကလစ်ပင် ၁၂၄၂၀၊ ရှားပင် ၂၉၇၀၀၊ ဝါးပင် ၁၀၈၀ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ (ထူးစိမ်း) တစ်အုပ်တစ်မစိုက်ခင်းအနေနဲ့ အရိပ်ရပင် ၁၅၀၀ ကိုတော့ တမာပင် ၁၂၀၀၊ မန်ကျန်ရှားပင် ၂၀၀ နဲ့ မာတာကွတ်ပင် ၁၀၀ စိုက်ပျိုးဆောင်ရွက်သွားမှာဖြစ်ပြီး (ထူးစိမ်း) တောထိန်းဧရိယာကွက်လပ်ဖြည့်စိုက်ခင်းအနေနဲ့ မဲဇလီပင် ၂၅၀၀၊ ရှားပင် ၁၇၀၀၊ တမာပင် ၈၀၀ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ အခြားစိုက်ခင်းအနေနဲ့ကတော့ ဧက ၃၀ စိုက်ပျိုးသွားမှာဖြစ်ပြီး ယူကလစ်ပင် ၁၀၈၉၀၊ ရှားပင် ၂၅၄၁၀ စိုက်ပျိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်ထွန်းက ပြောကြားသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ရေသုံးစွဲမှုကို လျှော့ချချွေတာနိုင်မည့် စပါးစိုက်ပျိုးနည်း

မြန်မာနိုင်ငံတွင် စိုက်ပျိုးလျက်ရှိသော စပါးစိုက်ပျိုးနည်းများအနက် ရေသုံးစွဲမှုနှင့် လုပ်သားအင်အား လျှော့ချချွေတာနိုင်မည့် အောက်ပါစိုက်ပျိုးနည်းတစ်ခုကို အများပြည်သူ သိရှိနိုင်ရန် တင်ပြအပ်ပါသည်။

စပါးအခြောက်တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်း (Dry Direct Seeding)

စပါးအခြောက်တိုက်ရိုက်မျိုးစေ့ချ စိုက်နည်းစနစ်အား မြန်မာနိုင်ငံတွင် ရေကြီးကွင်း၊ ရေနက်ကွင်းများ၌ စိုက်ပျိုးလေ့ရှိပါသည်။ စိုက်ပျိုးရေခက်ခဲသော (သို့) အကန့်အသတ်ရှိနေသော ဒေသများ၊ ရေကြီးနစ်မြုပ်ဒေသများ၊ လယ်သီးထပ် စောလျင်စွာစိုက်ပျိုးလိုသောဒေသများ၊ လုပ်သားအင်အားခက်ခဲသော ဒေသများတွင် အသုံးပြုနိုင်ပြီး စိုက်ပျိုးနည်းစနစ်အား စနစ်တကျလိုက်နာပါက စီးပွားရေးအကျိုးအမြတ်ရရှိနိုင်သော စနစ်တစ်ခုဖြစ်ပါသည်။

## စပါးအခြောက်တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်း (Dry Direct Seeding)



### ရရှိမည့် အကျိုးကျေးဇူးများ

- ❖ လုပ်အားသက်သာစေသည်။
- ❖ မြေပြုပြင်ခြင်းအတွက် ရေသုံးစွဲမှု လျော့နည်းစေသည်။
- ❖ ပျိုးနုတ်ခြင်း၊ ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ လုပ်ငန်းများ လုပ်ဆောင်ရန် မလိုအပ်ခြင်းကြောင့် ကုန်ကျစရိတ်သက်သာစေသည်။
- ❖ ပြောင်းရွှေ့စိုက်ပျိုးခြင်း မပြုလုပ်ရသည့်အတွက် အပင်ထိခိုက်မှု မရှိပါ။
- ❖ မြေဆီလွှာတိုက်စားမှုကို လျှော့ချနိုင်ပြီး သဘာဝမြေဩဇာဆုံးရှုံးမှုကို လျော့နည်းစေပါသည်။
- ❖ အစောပိုင်းမိုးရွာသွန်းသည့် မိုးရေကို အသုံးပြုစိုက်ပျိုးခြင်းကြောင့် ရိတ်သိမ်းချိန် စောစေပါသည်။

### ၁။ စပါးမျိုးရွေးချယ်ခြင်း

✓ ရာသီဥတုဒဏ်ခံနိုင်သည့် အပင်ပေါက်စွမ်းအားကောင်းပြီး အထွက်ကောင်း မျိုးသန့်စပါးမျိုးကို ရွေးချယ်စိုက်ပျိုးရပါမည်။

### ၂။ မြေပြုပြင်ခြင်း



✓ အခြောက်ထယ်ထိုးထွန်မွှေပါ။

✓ ပေါင်းမြက် ကင်းစင်ရန်အတွက် ထယ်ထိုး၍ ထွန်ရေးညက်သည် အထိ ဆောင်ရွက်ပါ။

✓ (၁၀)ပေခြား စိမ့်မြောင်းပတ်မြောင်းပြုလုပ်ပါ။

✓ ကန်သင်းလုံအောင်ပြုလုပ်ပါ။

### ၃။ မျိုးစေ့ချခြင်း

✓ မျိုးစေ့ကို မျိုးညှောင့်မဖောက်ဘဲ ကြဲပက်ခြင်း(သို့မဟုတ်) အတန်းလိုက် မျိုးစေ့ချခြင်းဆောင်ရွက်ပါ။

✓ ထွန်ကြောင်းများဖော်ပြီး မျိုးစေ့ချခြင်း ဆောင်ရွက်ပါက အတန်းလိုက် ဖြစ်၍ ပေါင်းနှိမ်နင်းရန် လွယ်ကူပါသည်။

✓ မျိုးစေ့ချရာတွင် လက်ဖြင့်ဖြစ်စေ (သို့မဟုတ်) စက်ဖြင့်ဖြစ်စေ ဆောင်ရွက်ပါ။

✓ ကြွက်၊ ငှက် တိရစ္ဆာန်များ ဖျက်ဆီးခြင်းမှ ကာကွယ်ရန် အစေ့ချပြီးနောက် မြေကိုလုံအောင်ဖုံးအုပ်ပါ။

✓ တစ်ဧကအတွက် မျိုးသန့်စပါးမျိုးစေ့ (၁-၂) တင်း အသုံးပြုရမည်။



✓ မျိုးစေ့ချပြီးနောက် မိုးသည်းထန်စွာရွာသွန်းပါက အပင်ပေါက်နှုန်း ထိခိုက်နိုင်ပါသည်။

✓ အပင်ပေါက်ပြီးနောက် တစ်လအတွင်း ကောက်ပင်ဖာခြင်း ဆောင်ရွက်နိုင်ရန် အရန်ပျိုးထောင်ထားရန် လိုအပ်ပါသည်။

### ၄။ မြေဩဇာကျွေးခြင်း

✓ နွားချေးဆွေးနှင့် သဘာဝမြေဩဇာကို မြေခံအဖြစ် သုံးစွဲပါ။

✓ ပုလဲဓာတ်မြေဩဇာအား အပင်ပွားစီးချိန်နှင့် အနှံမထွက်မီ (၅)ရက်အလိုတွင် အိတ်ဝက်စီ (တစ်အိတ်/ဧကနှုန်း)ထည့်သွင်းပါ။

✓ မှိုကပ်ချိန်တွင် ပိုတက်ရှ်မြေဩဇာ တစ်ဧက တစ်စိတ် (၁/၄ အိတ်)/ ဧကနှုန်း ထည့်သွင်းပေးပါ။



✓ မြေဆီလွှာဓာတ်ခွဲခန်းများတွင် မြေဆီလွှာစမ်းသပ်စစ်ဆေး၍ ထောက်ခံချက်ပေးထားသော နှုန်းထားအတိုင်း ထည့်သွင်းအသုံးပြုသင့်ပါသည်။

### ၅။ ရေသွင်းရေထုတ်ပြုလုပ်ခြင်း

✓ အပင်ပေါက်ပြီးနောက် (၂)ပတ်အတွင်း အပင်ငယ်များ ရေမမြုပ်စေရန် သတိပြုရမည်။

✓ ရေသွင်းရေထုတ်ကို လိုအပ်သလို ဆောင်ရွက်ပေးရမည်။

✓ မှိုကပ်ချိန်နှင့် ရင့်မှည့်ချိန်အကြားတွင် သွင်းရေ လုံလောက်စွာရရှိရန် လိုပါသည်။

✓ ရိတ်သိမ်းရာတွင် လွယ်ကူစေရန် ပန်းပွင့်စုံပြီး နောက်(၂၀-၂၅) ရက် အတွင်းရေထုတ်ပေးရပါမည်။

### ၆။ ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်း

ပေါင်းမြက်ထူထပ်ပါက စပါးအထွက်နှုန်းကို ထိခိုက်စေသည့်အတွက် ထိထိရောက်ရောက် ပေါင်းနှိမ်နင်းရန် လိုအပ်ပါသည်။

✓ မြေကို ကောင်းစွာပြုပြင်ခြင်းဖြင့် ပေါင်းမြက်များအား နှိမ်နင်းနိုင်သည်။

✓ အစိုစိုက်ပျိုးခြင်းနှင့်နှိုင်းယှဉ်ပါက ပေါင်းပေါက်ရောက်မှုများနိုင်၍ ပေါင်းနှိမ်နင်းခြင်းကို လက်ဖြင့်လည်းကောင်း၊ ပေါင်းသတ်ဆေးဖျန်းခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပါ။



✓ ပေါင်းပင်အမျိုးအစားပေါ် မူတည်၍ မှတ်ပုံတင်ထားသော ပေါင်းသတ်ဆေးကို ဆေးညွှန်းအတိုင်း တိကျစွာအသုံးပြုပါ။



### ၇။ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း

✓ ပိုးမွှားရောဂါကျရောက်ဖျက်ဆီးမှု ရှိ/မရှိ ကို အမြဲမပြတ် ကွင်းဆင်းကင်းထောက်စစ်ဆေးပြီး ပိုးသတ်ဆေးကို လိုအပ်မှသာ အသုံးပြုပါ။

✓ ပိုးမွှားရောဂါများ ရှင်သန်ခိုအောင်းရာနေရာဖြစ်သော ပေါင်းပင်နှင့် ပင်ကြွင်းပင်ကျန်များကို သုတ်သင်ရှင်းလင်းပါ။

✓ ကြွက်ကြောင့် သီးနှံလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်အတွက် စိုက်ခင်း၏ ဘေးပတ်ဝန်းကျင်ရှိ ခြုံနွယ်များကို ရှင်းလင်းခြင်း၊ ကြွက်ထောင်ချောက်ထောင်ခြင်း၊ ကြွက်ကာပစ္စည်းများ အသုံးပြုခြင်း စသည့်နည်းလမ်းများကို ဆောင်ရွက်သင့်ပါသည်။



### ၈။ ရိတ်သိမ်းခြင်း

✓ စပါးနှံ၏ (၈၀-၈၅)ရာခိုင်နှုန်း ရင့်မှည့်ချိန် (မောင်းညိုချိန်) တွင် အလေအလွင့်အနည်းဆုံးနည်းလမ်းဖြင့် ရိတ်သိမ်းပြီး ချက်ချင်းခြွေလှေ့၍ အခြောက်ခံပါ။

✓ စပါးအစိုဓာတ်သည် မျိုးအတွက် (၁၃) ရာခိုင်နှုန်းနှင့် စားသုံးမည့် စပါးအတွက် (၁၄) ရာခိုင်နှုန်း လိုအပ်ပါသည်။

# နောက်ခံလူ ဒေးဗစ်လုဇ် အာဆင်နယ်အသင်းမှ ထွက်ခွာရန် စီစဉ်နေ

နောက်တန်းကစားသမား ဒေးဗစ်လုဇ်ဟာ နွေရာသီဈေးကွက်အတွင်းမှာ ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းဆီ ပြောင်းရွှေ့ကစားဖို့ ပြင်ဆင်ထားတဲ့အတွက် လက်ရှိကလပ် အာဆင်နယ်အသင်းကနေ ထွက်ခွာဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ဒေးဗစ်လုဇ်ဟာပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက လန်ဒန်မြို့ခံပြိုင်ဘက် ချယ်လ်ဆီးအသင်းကနေ အာဆင်နယ်အသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ရှစ်သန်းနဲ့ တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အဲဒီစာချုပ်အရ အာဆင်နယ်အသင်းဟာ ဒေးဗစ်လုဇ်ကို နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့်လည်း ရှိနေတာဖြစ်ပါတယ်။



ဒါပေမယ့် အခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်မှာ ဒေးဗစ်လုဇ်ရဲ့ အသက်ဟာ ၃၃ နှစ်ကို ရောက်ရှိတော့မှာဖြစ်တဲ့အတွက် အာဆင်နယ်အသင်းက စာချုပ်သက်တမ်းတိုးဖို့ အစီအစဉ်မရှိဘူးလို့ သိရပါတယ်။ ဒေးဗစ်လုဇ်ဟာ အာဆင်နယ်အသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ ၃၂ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုးနှစ်ဂိုး သွင်းယူပေးထားတာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒေးဗစ်လုဇ်အနေနဲ့ အသင်းကနေ ထွက်ခွာဖို့ရှိနေတဲ့အပြင် အာဆင်နယ်အသင်း နည်းပြအာတီတာကလည်း နွေရာသီဈေးကွက်အတွင်းမှာ ဒေးဗစ်လုဇ်ကို အသင်းကနေ ထွက်ခွာခွင့်ပြုဖို့ ရှိနေတာဖြစ်ပါတယ်။

ဗဟိုခံစစ်ကစားသမား ဒေးဗစ်လုဇ်ဟာ သူ့ရဲ့ပထမဦးဆုံး ဥရောပကလပ်အသင်းအဖြစ် ဘင်ဖီကာအသင်းနဲ့အတူ လေးနှစ်ကြာ ဖြတ်သန်းခဲ့တာဖြစ်ပြီး ၂၀၁၁ ခုနှစ်မှာ ချယ်လ်ဆီးအသင်းဆီကို ပြောင်းရွှေ့ကစားခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဒေးဗစ်လုဇ်အနေနဲ့ အာဆင်နယ်အသင်းကနေ ထွက်ခွာကာ ဘင်ဖီကာအသင်းဆီ ပြန်လည်သွားရောက်ကစားဖို့ စီစဉ်နေတာဖြစ်ပါတယ်။

နိုင်လင်းကြည်

# ဂျူဗင်တပ်အသင်းက ပေ့ါဘာအား ပြန်လည်ခေါ်ယူနိုင်ရေး ရာဘီယော့ကို မန်ယူအသင်းထံ ပြောင်းရွှေ့ခွင့်ပေးရန် ပြင်ဆင်နေ

ကွင်းလယ်ကစားသမားပေ့ါဘာရဲ့ မန်ယူအသင်းမှာ ဆက်ရှိနေမယ့်အရေးဟာ မသေမချာ ဖြစ်နေတဲ့အပြင် ဂျူဗင်တပ်အသင်းကလည်း ပေ့ါဘာကို အီတလီစီးရီးအေဆီ ပြန်လည်ခေါ်ယူဖို့ ရှိနေတာကြောင့် မန်ယူအသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ကွင်းလယ်ကစားသမား ရာဘီယော့ကို မန်ယူအသင်းဆီ ပြောင်းရွှေ့ခွင့်ပေးပြီး ပေ့ါဘာကို ပြန်လည်ခေါ်ယူနိုင်ရေး ဂျူဗင်တပ်အသင်းက ပြင်ဆင်နေတယ်လို့ သိရပါတယ်။

အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းဟာ ပေ့ါဘာကို ၂၀၁၆ ခုနှစ်က မန်ယူအသင်းဆီ ပြန်လည်ရောင်းချခဲ့တာဖြစ်ပြီး လက်ရှိမှာ ပြင်သစ်ကြယ်ပွင့် ပေ့ါဘာကို တူရင်မြို့ဆီ ပြန်လည်ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ပေ့ါဘာဟာ လက်ရှိမှာ ဒဏ်ရာပြဿနာနဲ့ ရင်ဆိုင်နေရတာဖြစ်ပေမယ့် မန်ယူအသင်းကနေ ထွက်ခွာကာ အသင်းပြောင်းရွှေ့ကစားဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ကလပ်အသင်းအများစုဟာ ဘဏ္ဍာရေးအခက်အခဲနဲ့ ရင်ဆိုင်နေရတာဖြစ်ပြီး ဂျူဗင်တပ်အသင်းဟာလည်း ပေ့ါဘာကို ပြန်လည်ခေါ်ယူနိုင်ဖို့ ငွေကြေးအခက်အခဲနဲ့ ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။

ဒါကြောင့် ဂျူဗင်တပ်အသင်းက ကစားသမားအလဲအလှယ်လုပ်တဲ့အနေနဲ့ မန်ယူအသင်းက ခေါ်ယူဖို့ ပြင်ဆင်နေတဲ့ ရာဘီယော့ကို အသင်းကနေထွက်ခွာခွင့်ပြုပြီး မန်ယူအသင်းရဲ့ ကွင်းလယ်ကစားသမားပေ့ါဘာကို ပြန်လည်ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမားရာဘီယော့ဟာ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပီအက်စ်ဂျီအသင်းကနေ ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး လက်ရှိမှာ အီတလီမြေမှာ ပုံမှန်ခြေစွမ်းပြကစားနိုင်ဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ ရာဘီယော့ဟာ အခုနှစ်ဘောလုံးရာသီမှာ ဂျူဗင်တပ်အသင်းအတွက် ၂၄ ပွဲ ပါဝင်ကစားပေးခဲ့ပေမယ့် ဂိုးသွင်းယူနိုင်ခဲ့ခြင်းတော့မရှိခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် မန်ယူအသင်းနည်းပြ ဆိုးရှားကတော့ ဇန်နဝါရီဈေးကွက်အတွင်းက စပို့တင်းလစ္စဘွန်းအသင်းကနေ ခေါ်ယူထားတဲ့ ဘရူနိုဖာနန်ဒက်ဇ်နဲ့အတူ ကွင်းလယ်ပိုင်းမှာ အင်အားတောင့်တင်းဖို့အတွက် ရာဘီယော့ကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။ နိုင်လင်းကြည်

# စပါးနောက်တန်းကစားသမား ဗာတွန်ဂန်ကို အင်တာမီလန်နဲ့ ရိုးမားက ခေါ်ယူဖို့ စီစဉ်နေ

အီတလီစီးရီးအေကလပ် အသင်းနှစ်သင်းဖြစ်တဲ့ အင်တာမီလန်အသင်းနဲ့ ရိုးမားအသင်းတို့ဟာ အသင်းရဲ့ နောက်တန်းခံစစ်ကြောင်းကို အားဖြည့်ဖို့အတွက် စပါးအသင်းနောက်တန်းကစားသမား ဗာတွန်ဂန်ကို လာမယ့်အပြောင်းအရွှေ့ဈေးကွက်အတွင်းမှာ ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ဘယ်လ်ဂျီယံကြယ်ပွင့် ဗာတွန်ဂန်ဟာ မြောက်လန်ဒန်ကလပ် စပါးအသင်းမှာ ရှစ်နှစ်ကြာဖြတ်သန်းခဲ့သူဖြစ်ပြီး အခုနှစ်ဘောလုံးရာသီကုန်မှာ စပါးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကုန်ဆုံးတော့မှာလည်း ဖြစ်ပါတယ်။ Tuttosport အားကစားသတင်းဌာနရဲ့ ဖော်ပြချက်အရ အသက် ၃၃ နှစ် အရွယ်ရှိ နောက်ခံလူ ဗာတွန်ဂန်ကို ခေါ်ယူဖို့အတွက် အင်တာမီလန်အသင်း၊ ရိုးမားအသင်းတို့နဲ့ အပြိုင် နာပိုလီအသင်းနဲ့ ဖီအိုရင်တီးနားအသင်းတို့ကလည်း ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ ဆိုပါတယ်။



စပါးအသင်းကို နည်းပြမော်ရင်ဟို ရောက်ရှိလာခဲ့ပြီးနောက် ဗာတွန်ဂန်ဟာ ဗဟိုခံစစ်ကစားသမားနေရာကနေ ဘယ်ခြမ်းခံစစ်ကို မကြာခဏဆိုသလို ပြောင်းလဲကစားခဲ့ရတာဖြစ်ပြီး လက်ရှိဘောလုံးရာသီကုန်မှာ စာချုပ်သက်တမ်း ကုန်ဆုံးတော့မှာဖြစ်တဲ့အတွက် ဗာတွန်ဂန်အနေနဲ့ စပါးအသင်းကနေ ထွက်ခွာဖို့ရှိနေတယ်လို့ သိရပါတယ်။

နိုင်လင်းကြည်

# MNL ရာသီဝက်အပြောင်းအရွှေ့ကာလ ထပ်မံပြောင်းလဲထား

ရန်ကုန် မေ ၃၁


မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရပ်နားထားသည့် MNL အမှတ်ပေးပြိုင်ပွဲ ပြန်လည်စတင်နိုင်ခြင်း မရှိသေးသောကြောင့် MNL ရာသီဝက်အပြောင်းအရွှေ့ကာလကို ထပ်မံပြောင်းလဲခဲ့ရသည်။

**စီစဉ်ဆောင်ရွက်လျက်ရှိ**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ဇူလိုင် ၁ ရက်မှ ၂၅ ရက်အထိ ပြောင်းလဲထားကြောင်း မေ ၂၇ ရက် ရက်စွဲဖြင့် ကလပ်အသင်းများထံ အကြောင်းကြားထားပြီး ကိုရိုနာဗိုင်းရပ်စ်အခြေအနေကြောင့် ရာသီဝက်အပြောင်းအရွှေ့ကာလကို ထပ်မံပြောင်းလဲခဲ့ရခြင်းဖြစ်သည်။ ရာသီဝက်အပြောင်းအရွှေ့ကာလကို ယခင်က ဧပြီ ၆ ရက်မှ မေ ၆ ရက်အထိ စတင်သတ်မှတ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဇွန် ၁ ရက်မှ ၃၀ ရက်သို့ ပြောင်းလဲခဲ့ရသည်။ ထို့ပြင် MNL အမှတ်ပေးပြိုင်ပွဲမှာ ဇူလိုင်လတွင် စတင်ကျင်းပနိုင်ဖွယ်မရှိသောကြောင့် ရာသီဝက်အပြောင်းအရွှေ့ကာလကို ရက်ပြောင်းလဲခဲ့ရခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် စီနီယာလိဂ်များအတွက်သာ ရာသီဝက်အပြောင်းအရွှေ့ကာလ သတ်မှတ်ထားခြင်းဖြစ်ပြီး လူငယ်လိဂ်ပြိုင်ပွဲများအတွက် သီးခြားသတ်မှတ်မည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ရပ်နားထားသည့် MNL အမှတ်ပေးပြိုင်ပွဲကို ပြန်လည်ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရာသီဝက်အပြောင်းအရွှေ့ကာလတွင် ကလပ်အသင်းများအနေဖြင့် ကစားသမားသစ်များ ခေါ်ယူခြင်း၊ မှတ်ပုံတင်ခြင်းများပြုလုပ်နိုင်မည်ဖြစ်ပြီး ကလပ်အသင်းအချို့မှာ ပြိုင်ပွဲရပ်နားထားသည့်ကာလတွင် ကစားသမားသစ်များ ခေါ်ယူအားဖြည့်လျက်ရှိသည်။

ရှိုင်းထက်ဇော်




**»»» Chinese 8 Ball ပြိုင်ပွဲမှ**

ဒုတိယပိုင်းတွင်လည်း ဘုန်းမြင့်ကျော်အနေဖြင့် ပြန်လိုက်နိုင်ခြင်းမရှိဘဲ ပွဲပြတ်အရေးနိမ့်ခဲ့ရကာ ယခုပြိုင်ပွဲတွင် ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသဖြင့် ခုနစ်ပွဲဆက်နိုင်မည့်အခွင့်အရေး လက်လွှတ်ခဲ့ရသည်။ ဘုန်းမြင့်ကျော်သည် ပထမအဆင့်အုပ်စုပွဲ ခုနစ်ပွဲစလုံး ယှဉ်ပြိုင်ကစားထားပြီး ခြောက်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ရရှိထားသည်။ ယခုပွဲအပြီးတွင် ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နေသော်လည်း အခြားကစားသမားများမှာ လက်ကျန်ပွဲများ ယှဉ်ပြိုင်ကစားရန်ကျန်ရှိနေသေးသောကြောင့် အုပ်စုပထမနေရာရယူနိုင်ရန် အခြားကစားသမားများ၏ရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-Ko Ar Ti Facebook

# တစ်ချက်တည်းကျင်းဝင်


**(ရန်ကုန်ဂေါက်အသင်း၊ တည်းကုန်း)**

၂၀၂၀ ခုနှစ်၊ မေလ ၃၀ ရက် ညနေ ၄:၂၁ နာရီတွင် ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)၌ ဦးဝင်းဇော်အေးသည် ၎င်း၏ ကစားဖော်များဖြစ်ကြသော ဦးစောမြသောင်း၊ ဦးခင်မောင်ကြွယ်၊ ဦးတင့်လွင်နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၄)ကို (၁၄၀)ကိုက်အကွာမှ SRIXON 3 ဘောလုံးအား XXIO 5 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသည်။

## အများပြည်သူသို့အထူးသတိပေးနှိုးဆော်ချက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းမှ မန္တလေးရေလမ်း ကောင်းမွန်စေရန် ရည်ရွယ်၍ (၂၀၂၀)ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း မန္တလေးရေလမ်း၏ ရေမှာပေါက်များဖြစ်သော စစ်ကိုင်းရေပေါက်၊ အလယ်ရေပေါက်၊ ရေပေါက်အသစ်နှင့် မိုးမိတ်ရေပေါက်တို့တွင် ကွန်ကရစ်ဆူးတောင်များ တပ်ဆင်ချထားပါသည်။ သို့ဖြစ်ပါ၍ ကုန်တင်ရေယာဉ်ကြီးများအနေဖြင့် စစ်ကိုင်းနှင့် မင်းကွန်းအကြားရှိ ရေမှာပေါက်ရေလမ်းများအားအသုံးမပြုဘဲမန္တလေးပင်မရေလမ်း(Main Channel) ကိုသာ အသုံးပြု၍ဘေးကင်းစွာသွားလာအသုံးပြုရန် လိုအပ်ပါ သည်။ မိုးရာသီရေများသောအချိန်တွင် စစ်ကိုင်း-မန္တလေး-မင်းကွန်း တစ်လျှောက်သွားလာလိုသော ရေယာဉ်ကြီး/ငယ်များအနေဖြင့် ဌာနမှပြသထားသော ရေလမ်းပြအမှတ်အသားများအတိုင်း မန္တလေးပင်မရေလမ်းမှသာ သွားလာကြပါရန် ဒေသခံပြည်သူများနှင့် ရေယာဉ်အသုံးပြုသူများအား အထူးအသိပေးနှိုးဆော်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါ သည်။ ၀၉-၂၅၉၀၀၃၀၈၃၊ ၀၉-၅၁၅၀၂၁၃

ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း









ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းလှမြင့် (ကျုံကဒါတ်)

### အသက်(၇၃)နှစ်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကျုံကဒါတ်စံပြကျေးရွာနေ (ဦးအောင်ဖြူ-ဒေါ်ထားကြည်)တို့၏ ဒုတိယမြောက်သမီး၊ (ဦးစီတရာ-ဒေါ်မာကြည်)တို့၏ သမီးချွေးမ၊ (ဦးအောင်ကိုမြင့်)၊ (ဒေါ်ကြည်လှမြင့်)တို့၏ ညီမ/အစ်မ၊ ရန်ကုန်မြို့နေ (ဦးဝင်းတင်)၏ ချစ်လှစွာသောဇနီး၊ ဦးဝင်းထွန်းထွန်းဦး-ဒေါ်ရွှေလင်း တီဝါလ်၊ ဦးဝင်းကျော်သူရ-ဒေါ်ဖြူဖြူဝင်း၊ ဦးဝင်းဇေယျာလင်း၊ ဒေါ်ဝင်းဟေဇာမြင့်၊ ဒေါ်ဝင်းဟေမာမြင့်တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မခင်နှစ်သစ်ဦး၊ မောင်ချစ်သူမောင်၊ မောင်သန့်လိုင်ရမ်ဦးတို့၏ အဘွားသည် ၃၁-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇:၄၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးရဲသောင်း

### အသက်(၈၁)နှစ်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ဝယ်ယူဖြန့်ဖြူးရေး) ဒေါက်တာဝင်းနိုင်-ဒေါ်ကြူကြူဆွေတို့၏ဖခင် ဦးရဲသောင်းသည် ၃၀-၅-၂၀၂၀ရက် ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ကုသရေးဦးစီးဌာန၊ နေပြည်တော်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြမြမြင့်(Dolly) အသက် (၇၉)နှစ်**

သူငယ်ချင်း ဗိုလ်မှူးအောင်ဖြိုးသန့်(ငြိမ်း)(Chief Officer M.T.M Shipping)-ဒေါ်ဖြူဖြူသန့်(အလက-၂၊ ဒဂုံ)တို့၏မိခင် ဒေါ်မြမြမြင့်(Dolly) သည် ၂၉-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **စစ်တက္ကသိုလ် အမှတ်စဉ်(၃၄)မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်မင်း(ဒုရဲအုပ်-ငြိမ်း)

**လွတ်တော်ရှေ့နေကြီး (မန္တလေး)**

### အသက်(၆၆)နှစ်

သူငယ်ချင်းဦးအောင်မင်း (ဒု-ရဲအုပ်-ငြိမ်း၊ မန္တလေး)သည် ၂၃-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။

**ဒုတိယရဲအုပ်လောင်း(အရာရှိ) သင်တန်းအမှတ်စဉ်(၁၅)**

အာနိသ

**မူးယစ်ကို ပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

facebook

အကြမ်းမဖက်ရ၊ အခြိမ်းခြောက်ရ။



လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏
အဓိကဦးစားပေးတာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည်
ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် အများပြည်သူ၏
လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော
အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက
သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍
အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

## (၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဆွမ်း၊ ဗုဒ္ဓဂယာမြေ၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန်၊ ရေစင် အလှူဒါယိကာမကြီး**

### ဒေါ်နုနုဝင်း (မန္တလေးဈေးချို-ဂျေရုံ)

### (၁-၆-၂၀၁၈) (၁-၆-၂၀၂၀)

ချစ်လှစွာသော နုနု မိသားစုနှင့် ခွဲခွာသွားသည်မှာ ၁-၆-၂၀၂၀ ရက်နေ့တွင် (၂)နှစ်တိတိ ပြည့်ခဲ့ပါပြီ။ ရက်တွေ၊ လတွေ၊ နှစ်တွေ ပြောင်းခဲ့ပေမယ့် တစ်နေ့မှမေ့မရပါ။ သားသမီးများနှင့် မိသားစုအတွက် တာဝန်ကျေအောင် ထမ်းရွက်သွားပါသော နုနုအား ရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်များအား နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် သင်္ကန်း၊ ကျောင်း၊ ဆေး၊ နဝကမ္မအလှူ၊ လမ်းအလှူ၊ ဓမ္မအလှူများလှူဒါန်းခဲ့ပါသည်။

ယခုနှစ်တွင်လည်း သီတဂူဓမ္မအလှူ၊ ပါချုပ်ဆရာတော်ဓမ္မအလှူ၊ အခြားဓမ္မအလှူများအား မ တည်လှူဒါန်းခဲ့ပါတယ်။ ပြင်ဦးလွင်မြို့၊ ချမ်းမြေ့ ရိပ်သာကျောင်းတွင် ချမ်းမြေ့စေရန် သတိပဋ္ဌာန်တရားများ ကျင့်ကြံပွားများအားထုတ်နေကြသော ပြည်တွင်း၊ ပြည်ပ ရဟန်းသံဃာ၊ သီလရှင်၊ ယောဂီများ တစ်နေ့တာဆွမ်းအလှူ၊ သံဃာတော် အရှင်မြတ်များကို သင်္ကန်းအစရှိသော နဝကမ္မအလှူများ လစဉ်လှူဒါန်းခဲ့ပါတယ်။ ယနေ့(၂)နှစ်ပြည့်သည့်နေ့တွင် လှူဒါန်းခဲ့ပါတယ်။

နုနု ကိုယ်တိုင်ပြုခဲ့သော ဒါန၊ သီလ၊ ဘာဝနာ၊ သာသနာပြုကုသိုလ်များနှင့် ကျန်ရစ်သူမိသားစုမှ ရည်စူး၍ ပြုပေးသော ကုသိုလ်ကောင်းမှုအစုစုတို့ကို မြင့်မြတ်သောဘုံဘဝမှ ကြားနိုင်၊ မြင်နိုင်၊ သိနိုင်ပြီး ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုအနုမောဒနာ ခေါ်ဆို၍ အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ လျင်မြန်စောစွာ မျက်မှောက်ပြုနိုင်ပါစေ။

နုနုရေ အမျှ-အမျှ-အမျှ ယူတော်မူပါကုန်လော့။

| | |
|---|---|
| ခင်ပွန်း- | ဗိုလ်ကြီးလှအောင် (ငြိမ်း) |
| သားကြီး- | ဗိုလ်ကြီးငြိမ်းထက်အောင်-မစိမ်းလဲ့မိုး |
| မြေး- | မငြိမ်းရတီလင်း |
| သားလတ်- | ဗိုလ်ကြီးဟိန်းသူရအောင်-မထားထားအိ |
| သားငယ်- | ဒေါက်တာငွေးမင်းအောင် |

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်စန်းမြင့်(ခ)Daw Cang Hing

### အသက်(၆၇)နှစ်

ချင်းပြည်နယ်၊ မတူပီမြို့နယ်နေ (ဦးထင်ယာ-ဒေါ်ဟန်လီ)တို့၏ ဒုတိယမြောက်သမီး၊ [ဦးရာရှင်း (ရဲတပ်ကြပ်-ငြိမ်း)]၏ညီမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက်(၂)၊ အခန်း(၂၁၀)၊ ရွှေဝါမြိုင်အိမ်ရာ၊ (၉)ရပ်ကွက်နေ ဦးအန်စန်း(ခ)U An Cang (ရဲတပ်ကြပ်ကြီး-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (ဒု-ရဲအုပ်ဆန်းမြင့်နိုင်)-ဒေါ်ပါရီကူး၊ ဒေါ်အေးခိုင်-ဦးမြတ်လင်း(USA)၊ ဒေါ်ဝေဝေခိုင်-ဦးထွန်းမင်းဗိုလ်၊ ဒေါ်ခင်မာဆန်း-ဦးအောင်ကိုဦး၊ ဦးအောင်ဆန်းထွန်း-ဒေါ်ဇာလီဝင်းလွင် (USA)တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မြေး ၁၀ ယောက်တို့၏ဘွားဘွား ဒေါ်စန်းမြင့်(ခ)Daw Cang Hing သည် ၃၀-၅-၂၀၂၀ (စနေနေ့) ည ၁၀:၄၅ နာရီတွင် အနောက်ပိုင်း အထွေထွေအထူးကုဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၆-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဆုတောင်းဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစုနှင့်
ချင်းနှစ်ခြင်းခရစ်ယာန် အသင်းတော်၊ ရန်ကုန်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းဝင်း (ဆောက်လုပ်ရေး)

### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)

### အသက်(၆၀)

ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာ၊ ဓမ္မဝိသုခကျောင်းတိုက် (စိန်ဗိမ္မာန်)နှင့် စစ်ကိုင်းတိုင်း၊ ကတို့ကုန်းကျေးရွာ၊ မြောင်မြို့နေ (ဦးပေါ်ညွန့်-ဒေါ်အေးကြင်)တို့၏ သား၊ ဦးမြင့်သိန်း-ဒေါ်လှလှ၊ ဦးဝင်းထိန်-ဒေါ်တင်တင်လှိုင်၊ ဒေါ်စမ်းမြင့်၊ ဒေါ်ရွှေအိတို့၏ ညီ/မောင်၊ ဦးခင်မောင်ရီ-ဒေါ်မြသီတို့၏အစ်ကို၊ ဒေါ်နန်းစိန်နု၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဉာဏ်လင်းထွန်း-မယဉ်မင်းသွင်တို့၏ ဖခင်၊ မောင်ဘုန်းသက်တည်၏ ဘိုးဘိုးကြီးသည် ၃၁-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁:၃၀ နာရီတွင် အောင်ရတနာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဘုန်းလွင် (ပြင်စလူမြို့)

### အသက်(၆၀)နှစ်

လပ္ပတ္တာခရိုင်၊ ပြင်စလူမြို့နေ (ဦးအလန်း-ဒေါ်ကျင်မြ)တို့၏ ချစ်လှစွာသော သားကြီး၊ အမှတ်(၃၆)၊ လေးလွှာ၊ မနော်ဟရီလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဝင်းဝင်းမာ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲမင်းလွင်၊ မောင်မျိုးမင်းလွင်တို့၏ ချစ်လှစွာသောဖခင်၊ ဦးစိန်လွင်-ဒေါ်ယုရင်၊ ဦးကျော်လှိုင်-ဒေါ်အေးအေးစိုး၊ ဦးစိုးလွင်-ဒေါ်နီနီမြင့်၊ ဦးမျိုးမြင့်-ဒေါ်ငွေးငွေး၊ ဦးမောင်မောင်လွင်-ဒေါ်ယုယုမော်တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၃၀-၅-၂၀၂၀ (စနေနေ့) ညနေ ၃:၃၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာမြင့်ဦးသွယ်

### အသက် (၅၁)နှစ်

1985-95 Batch ဆေးတက္ကသိုလ် (၁) မှ သူငယ်ချင်း ဒေါက်တာမြင့်ဦးသွယ်သည် ၃၀-၅-၂၀၂၀ (စနေနေ့) နံနက် ၂:၂၀ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ၉၆ ပါးရောဂါဖြင့် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ သူငယ်ချင်းတို့ရဲ့ မိသားစုနှင့်အတူ စာနာစွာဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။ တရားနဲ့အမြဲနေထိုင်နှလုံးသွင်းနေခဲ့တဲ့ သူငယ်ချင်း တစ်ယောက် မြင့်မြတ်ရာ ဘုံဘဝတစ်ခုမှာ အေးချမ်းလျက် တက်လှမ်းရောက်ရှိနိုင်မယ်ဆိုတာကို တို့တွေအားလုံးက ယုံကြည်ထားပြီးသားကြောင်းပါ သူငယ်ချင်း။

**ဆေးတက္ကသိုလ်(၁) 85-95 Batch မှ သူငယ်ချင်းများ**

## ဦးခင်သောင်း

### အသက်(၈၇)နှစ်

### TTC ကျောင်းသားဟောင်း

(ဦးရွှေထိုက်-ဒေါ်စိန်)တို့၏ သား၊ (ဦးထီ-ဒေါ်တင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဖော့ကန်ရပ်ကွက်၊ ဒေါ်နှင်းရင်လမ်း၊ အမှတ်(၉၃)နေ (ဒေါ်သန်းမြင့်)၏ ခင်ပွန်း၊ ဦးဇော်ဝင်းမြင့်-ဒေါ်တူးတူးမာ(အမက-၁၇၊ မရမ်းကုန်း)၊ (ဦးသန့်ဇင်)-ဒေါ်အေးငယ် တို့၏ မိခင်၊ ဦးဗိုလ်ဗိုလ်အောင်၊ ဒေါ်နှင်းနုဝေ (Whizz Kids Education Centre)-ဦးသန်းစိုးနိုင် (မြန်မာ့အော်တိုတယ်လီဖုန်း၊ ရွှေပြည်သာ)၊ ဒေါ်အိကေခိုင်ဇင် (Whizz Kids Education Centre)၊ ဦးသန်းနိုင်ဦး (Electrician)၊ ဒေါ်နွေးဝတ်ရည်ဇင် (Whizz Kids Education Centre)၊ ကိုပြည့်စုံဝင်း၊ မချယ်ရီမိုးဦး၊ ကိုစိုးသူလွင်၊ မောင်သူရိန်ထွန်းတို့၏ အဘိုး၊ မြစ်သုံးယောက် တို့၏ ဘိုးဘိုးကြီးသည် ၃၀-၅-၂၀၂၀ (စနေနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးရဲသောင်း

### အသက်(၈၁)နှစ်

### လ/ထ ကထိက(ငြိမ်း)၊ အစိုးရစက်မှုလက်မှုသိပ္ပံ

### မန္တလေး

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်(၅၈)လမ်း၊ (၁၀၃-၁၀၄) လမ်းကြား၊ အမှတ် (၈၈-၂/၁၉)နေ (ဦးဘရှင်-ဒေါ်ဆွေ)တို့၏ သား၊ ဒေါ်ခင်ဝင်း၏ ခင်ပွန်း၊ Dr.ဝင်းနိုင်-ဒေါ်ကြူကြူဆွေ၊ ဦးထွန်းနိုင်-ဒေါ်မြတ်ဆုအောင်၊ (ဦးခင်မောင်သောင်း)-ဒေါ်မိုးမိုးအောင်၊ ဦးဆန်းဝင်း-ဒေါ်ဥမ္မာခင်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၃၀-၅-၂၀၂၀ ရက် ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၀ ရက် ညနေ ၂ နာရီတွင် တောင်အင်းမြောက်အင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစောခိုင်

### အသက် (၅၄) နှစ်

### ညွှန်ကြားရေးမှူး၊ အဆင့်မြင့်ပညာဦးစီးဌာန

### (အထက်မြန်မာပြည်ရုံးခွဲ)

(ဦးစောရွှေ - ဒေါ်ညွန့်ရီ) တို့၏ သား၊ ဒေါ်ရွှေရည်မိုးမိုး (အလယ်တန်းပြ၊ အလက-၇ ၊ မန္တလေး)တို့၏မောင်၊ မောင်ရဲပြည့်ထိုက်(သတ္တမတန်း၊ အထက-၆၊ ဗိုလ်တထောင်)တို့၏ ဖခင်၊ အမှတ် (၁/၄)၊ သထုံလမ်း၊ (၉)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဦးစောခိုင်သည် ၃၁-၅-၂၀၂၀ ရက် နံနက် ၃:၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂-၆-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်)။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မျိုးကေသီ

### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၉/ဃ)၊ အခန်း(၁)၊ မြေညီထပ်နေ (ဦးမျိုးကျော်)-ဒေါ်ရွှေရွှေ (ဆင်စွယ်ရိပ်သာ-မန္တလေး)တို့၏ သမီး၊ မွေးချင်းငါးယောက်တို့၏ ညီမ/အစ်မ၊ (ဦးတင်မောင်သန်း)-ဒေါ်လှလှမြင့်တို့၏သမီးချွေးမ၊ ဒုဗိုလ်မှူးကြီး (ငြိမ်း) ဦးသန်းမြင့်ဦး (ညွှန်ကြားရေးမှူး-စီးပွားကူးသန်းဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး၊ ကိုအောင်ဖြိုးမြင့်-မကေရီဦး(ငွေးငွေးမြင့် အထည်ဆိုင်-ယုဇနပလာဇာ)၊ မောင်ရှင်းသန့်ဦးတို့၏ မိခင်ကြီး၊ မဖြိုးမြတ်ကေရီ၏ အဘွားသည် ၃၀-၅-၂၀၂၀ (စနေနေ့) ညနေ ၆:၂၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဟာများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၅-၆-၂၀၂၀(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မျိုးကေသီ

### အသက်(၅၄)နှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသန်းမြင့်ဦး၏ဇနီး ဒေါ်မျိုးကေသီ သည် ၃၀-၅-၂၀၂၀ (စနေနေ့) ညနေ၆:၂၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်**
**ဝန်ထမ်းမိသားစုများ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

## အသိပေးကြေငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၂၉၄၉)၏ နှစ်(၃၀)မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေငှားစာချုပ် မိတ္တူမှန် ထုတ်ပေးပါရန် မြေကွက်အမည်ပေါက် ဒေါ်လွင်မာထွန်း၊ မှတ်ပုံတင်အမှတ်[၉/ပမန(နိုင်)၁၅၈၉၃၂]၊ အဘအမည် ဦးကိုကိုကြီးမှ လျှောက်ထားလာမှုအား ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ကန့်ကွက်လွှာခေါ်ယူခဲ့ရာ ကန့်ကွက်မှုမရှိသဖြင့် မြေငှားစာချုပ် မိတ္တူမှန် ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် အမှုတွဲအမှတ်-၂၉/၂၀၁၇-၂၀၁၈(ပုဗ္ဗသီရိ)၊ စာချုပ်အမှတ်၊ ပုဗ္ဗသီရိ/သစ် ၁၉/၂၀၁၇-၂၀၁၈တို့ဖြင့် ထုတ်ထားပေးသော မြေငှားစာချုပ် မူရင်းအား ပယ်ဖျက်ပြီးဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

# စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဆဋ္ဌမအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် မေ ၃၁**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၁ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines–MNA)ကယ်ဆယ်ရေးလေယာဉ်ဖြင့် ဆဋ္ဌမအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

**စုစုပေါင်း ၈၇၃ ဦး**

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ မြန်မာသံရုံး၊ စင်ကာပူမြို့နှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းလျက် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်လျက်ရှိရာ ပထမအသုတ်အဖြစ် ၁၄၄ ဦးအား မေ ၇ ရက်တွင် လည်းကောင်း၊ ဒုတိယအသုတ်အဖြစ် ၁၄၄ ဦးအား မေ ၉ ရက်တွင် လည်းကောင်း၊ တတိယအသုတ်အဖြစ် ၁၄၅ ဦးအား မေ ၁၃ ရက်တွင်လည်းကောင်း၊ စတုတ္ထအသုတ်အဖြစ် ၁၄၄ ဦးအား လည်းကောင်း၊ ပဉ္စမအသုတ်အဖြစ် ၁၄၅ ဦးအား လည်းကောင်း ပြန်လည်ခေါ်ဆောင်ခဲ့ပြီးဖြစ်သည့်အတွက် ယနေ့ ဆဋ္ဌမအသုတ်အပါအဝင် စုစုပေါင်း ၈၇၃ ဦးအား ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ ယနေ့ ဖတ်စရာ

COVID-19 ကပ်ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း မြန်မာနိုင်ငံတွင် ပုံမှန် ကာကွယ်ဆေးထိုးအစီအစဉ် ပြန်လည်စတင်ဆောင်ရွက်ခြင်း

စာမျက်နှာ » ၇

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထပ်မံဖြစ်ပွားပါက အသွားအလာကန့်သတ်မှု ပြန်လည်ချမှတ်မည်ဟု အစ္စရေးဝန်ကြီးချုပ် သတိပေး

စာမျက်နှာ » ၁၂

ကိုဗစ်-၁၉ ကူးစက်မှုကြောင့် ဂျပန်နိုင်ငံတွင် ရပ်နားထားသော အပျော်စီးသင်္ဘောတစ်စင်း ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

စာမျက်နှာ » ၁၃

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၅



## ပုဂံညောင်ဦးမြို့နယ်ရှိ အခြေခံလူတန်းစား အိမ်ထောင်စုများအား ဆန်လှူဒါန်း

**ညောင်ဦး မေ ၃၁**

ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် အရှင်သာဂရ ဦးဆောင်မှုဖြင့် ပရဟိတအသင်းဝင်များ စုပေါင်းအဖွဲ့က ယနေ့နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ်ရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၂၈၈ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်နှုန်း အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

**အိမ်တိုင်ရာရောက်လှူဒါန်း**

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးမြို့နယ်အတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စုများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် အရှင်သာဂရ ဦးဆောင်သော ညောင်ဦးမြို့နယ် ဖြူစင်မေတ္တာ(ရေ/သွေး) ပရဟိတအသင်း၊ ညောင်ဦးမြို့ မြတ်ပါရမီလူမှုကူညီရေးအသင်းနှင့် စိတ်စေတနာ အခမဲ့ဆေးကုခန်းတို့ပါဝင်သည့် ပူးပေါင်းအဖွဲ့က ယနေ့နံနက်ပိုင်းတွင် အွန်လိုင်းစေတနာရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် အိမ်တိုင်ရာရောက် ဆန်များ ပေးဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## Chinese 8 Ball ပြိုင်ပွဲ ပထမအဆင့် အုပ်စုနောက်ဆုံးပွဲတွင် ဘုန်းမြင့်ကျော်(ခ)မောင်မောင် ရှုံးပွဲကြုံတွေ့

**ရန်ကုန် မေ ၃၁**

မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော်(ခ)မောင်မောင်သည် Chinese 8 Ball ပြိုင်ပွဲ ပထမအဆင့် အုပ်စုနောက်ဆုံးပွဲအဖြစ် ယနေ့ညနေပိုင်းက တရုတ်နိုင်ငံ၌ တရုတ် ကစားသမား ချူဘင်ဂျီနှင့် ယှဉ်ပြိုင်ကစားရာ ၂၀ ပွဲ- ၁၁ ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ ယခုပြိုင်ပွဲတွင် လက်စွမ်းပြနေသည့် ဘုန်းမြင့်ကျော်သည် အုပ်စုနောက်ဆုံးပွဲမှ ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့ပြီး နိုင်ပွဲဆက်မည့်အခွင့်အရေးလက်လွှတ်ခဲ့ရသည်။

ဘုန်းမြင့်ကျော်သည် ယခုပွဲအနိုင်ရပါက အုပ်စုပထမဖြင့် ဒုတိယအဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် အခြားကစားသမားများ၏ လက်ကျန်ပွဲများကို စောင့်ကြည့်ရတော့မည်ဖြစ်သည်။

**ပွဲပြတ်အရေးနိမ့်ခဲ့**

ဘုန်းမြင့်ကျော်သည် တာထွက်ကောင်းမွန်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြိုင်ဘက်ကစားသမားကို အခွင့်အရေးပေးခဲ့ရပြီး ပွဲပြတ်အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ပြိုင်ပွဲအစတွင် လေးပွဲပြတ်အထိ ဦးဆောင်နိုင်ခဲ့သော်လည်း ပြိုင်ဘက်ကို အခွင့်အရေးပြန်ပေးခဲ့ရကာ ငါးပွဲစီတူညီသွားခဲ့သည်။ ယင်းနောက်ပိုင်းတွင် ချူဘင်ဂျီက တောက်လျှောက်ဦးဆောင်ကာ ပထမပိုင်းအပြီးတွင် ၁၂ ပွဲ- ရှစ်ပွဲဖြင့် ဦးဆောင်နိုင်ခဲ့သည်။

စာမျက်နှာ ၂၆ ကော်လံ ၅ သို့ »»

